# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍဝဂ် (ဓမ္မပဒ – ၁၄၅)


၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက် | ၂၀၂၀ ပြည့်နှစ်၊ မတ် ၁၆ ရက်၊ တနင်္လာနေ့ | အတွဲ (၅၉)၊ အမှတ် (၁၆၈)




Coronavirus Disease 2019 (COVID–19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် ညှိနှိုင်းအစည်းအဝေး (၃၄/၂၀၂၀) ကျင်းပစဉ်။ သတင်းစဉ်

## COVID-19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် ညှိနှိုင်းအစည်းအဝေး (၃၄/၂၀၂၀) ကျင်းပ

**နေပြည်တော် မတ် ၁၅**

Coronavirus Disease 2019 (COVID–19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် ညှိနှိုင်းအစည်း အဝေး (၃၄/၂၀၂၀) ကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဧည့်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက မိမိတို့နိုင်ငံ၌ ယခုလက်ရှိအချိန်အထိ ခါတ်ခွဲအတည်ပြု COVID–19 ရောဂါဖြစ်ပွားသူ တစ်ဦးမျှ မတွေ့ရှိရသေးသော်လည်း ကမ္ဘာ့နိုင်ငံအသီးသီးတွင် COVID–19 ရောဂါ ကူးစက်ဖြစ်ပွားမှု ပျံ့နှံ့မှုပုံစံနှင့် အခြေအနေကို ကပ်ရောဂါဗေဒရှုထောင့်မှ အနီးကပ်လေ့လာဆန်းစစ် သုံးသပ်လျက်ရှိပါကြောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## ယနေ့ ဖတ်စရာ


**မြဝတီမြို့၌ ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးခြင်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိ**

*ပြည်တွင်းသတင်း* စာ ၁၁

**ကိုရိုနာဗိုင်းရပ်စ် ခြိမ်းခြောက်မှုရှိနေသော်လည်း တောင်ကိုရီးယား၌ ဧပြီလတွင် ရွေးကောက်ပွဲကျင်းပမည်**

*နိုင်ငံတကာသတင်း* စာ ၁၄

**ဥရောပကို ကိုင်လှုပ်လာတဲ့ ကိုရိုနာဗိုင်းရပ်စ်**

*နိုင်ငံတကာရေးရာ* စာ ၁၅


## COVID - 19 ဂယက်ကြောင့် ဆန်အခက်အခဲဖြစ်ပေါ်လာပါက မန်းဆန်ကုန်သည်အသင်းက သာမန်ပေါက်ဈေးဖြင့် ဝယ်ယူနိုင်ရန် စီစဉ်ပေးမည်

**မန္တလေး မတ် ၁၅**

ကမ္ဘာ့နိုင်ငံ အနှံ့အပြားတွင် လတ်တလော ဖြစ်ပွားနေသည့် COVID–19 ဂယက်ကြောင့် ပြည်သူများ စိုးရိမ်ပူပန်စွာ ဆန်များ လိုက်လံဝယ်ယူစုဆောင်းမှုများ ရှိနေသဖြင့် ဆန်အတွက် အခက်အခဲများ ဖြစ်ပေါ်လာပါက မန္တလေးတိုင်းဒေသကြီး ဆန်စပါးကုန်သည်များ အသင်းမှ သာမန်ပေါက်ဈေးဖြင့် လိုသလောက် ရောင်းချပေးရန် စီစဉ်ထားရှိကြောင်း အဆိုပါအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးစိုင်းကျော်က ပြောကြားသည်။

လက်ရှိတွင် ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် ဆန်စပါးပမာဏသည် စားသုံးမှုထက် ပိုမိုထွက်ရှိနေသဖြင့် ဆန်ပြတ်လပ်မှု မရှိနိုင်ခြင်းကြောင့် ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်ရန် မလိုကြောင်း သိရသည်။

"ကမ္ဘာ့ကျန်းမာရေး အဖွဲ့က ကြေညာလိုက်တဲ့ COVID–19 ဂယက်ကြောင့် ပြည်သူတွေက စိုးရိမ်ထိတ်လန့်ပြီး ဆန်အပါအဝင် အခြားလူသုံးကုန်ပစ္စည်းတွေကို ဒီရက်ပိုင်းမှာလိုက်ပြီး ဝယ်ယူစုဆောင်းနေတာတွေရှိလာတယ်။ ဒီလို ဝယ်ယူခြင်းအားဖြင့် ဆန်စပါးဈေးကွက်မှာ မလိုအပ်တဲ့ ဈေးနှုန်းတွေ ဖြစ်ပေါ်လာမှာကို စိုးရိမ်ပါတယ်။ ပြည်တွင်းမှာ စားသုံးဖို့အတွက် ဆန်က အလုံအလောက်ရှိပါတယ်။ ၂၀၁၈–၂၀၁၉ ခုနှစ် စစ်တမ်းတွေအရ ပြည်တွင်းမှာ ဆန်တန်ချိန် ၁၃ သန်းလောက် စားသုံးတယ်လို့ သိရတယ်။ ထွက်ရှိတာက အဲဒီပမာဏထက် အများကြီး ပိုပါတယ်။

*စာမျက်နှာ ၄ ကော်လံ ၁* ❑






# မွေးမြူရေးခြံများ ဇီဝလုံခြုံရေးမြှင့်တင် ကူးစက်ရောဂါများ မကျရောက်ရန်ကာကွယ်

ယခုအခါ အပူရှိန်ပြင်းထန်လာပြီး ရာသီဥတု အကူးအပြောင်းကာလလည်းဖြစ်သည့်အတွက် မွေးမြူရေးတိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သည့် ကာလလည်းဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အာဖရိက ဝက်အပြင်းဖျားရောဂါကာကွယ်ရေးနှင့် ကြက်ငှက်ရောဂါကြိုတင်ကာကွယ်ရေးတို့အတွက် အသိပေးနှိုးဆော်ချက်များ ထုတ်ပြန်ကာ မွေးမြူရေးတိရစ္ဆာန်များတွင် ကူးစက်ရောဂါကျရောက်မှုကြောင့် ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် လိုက်နာဆောင်ရွက်ရန်အချက်များကိုလည်း အသိပေးလျက်ရှိသည်။

ကြက်ငှက်တုတ်ကွေးရောဂါသည် $H_5N_1$ ဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားရပြီး ကြက်ငှက်မှ လူသို့လည်း ကူးစက်နိုင်သည်။ ၁၉၉၇ ခုနှစ်က ဟောင်ကောင်တွင် ကြက်ကောင်ရေ ထောင်ပေါင်းများစွာနှင့် လူခြောက်ယောက်တို့ ကြက်ငှက်တုတ်ကွေးရောဂါဖြင့် သေဆုံးခဲ့ရခြင်းကြောင့် ကြက်ကောင်ရေ တစ်သန်းခွဲခန့်ကို သုတ်သင်ရှင်းလင်းခဲ့ရသည်။ ၂၀၀၄ ခုနှစ် ဇန်နဝါရီလတွင် ထိုင်း၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ ဂျပန်နိုင်ငံတို့တွင် ကြက်အများ အပြားသေဆုံးမှုမှစတင်ကာ ယင်းလကုန်ပိုင်းတွင် လူ ၂၈ ဦးကို ရောဂါကူးစက်ခံခဲ့ရသည်။ ၎င်းတို့အနက်မှ ၂၁ ဦး သေဆုံးခဲ့ရသလို အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ တရုတ်နိုင်ငံများဆီသို့လည်း ရောဂါပျံ့နှံ့ခဲ့သည်။

အာဖရိက ဝက်အပြင်းဖျားရောဂါမှာ မူလအစ အာဖရိကမှသည် ဥရောပမှတစ်ဆင့် အာရှသို့ ကူးစက်ရောက်ရှိလာခြင်းဖြစ်သည်။ ယင်းရောဂါကြောင့် ကမ္ဘာ့တစ်ခွင် ဝက်ကောင်ရေပေါင်း သန်းနှင့်ချီ၍ ဆုံးရှုံးခဲ့ရပြီး အရှေ့တောင်အာရှနိုင်ငံများတွင် ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည်။ အာဖရိကဝက်အပြင်းဖျားရောဂါမှာမူ ဝက်မှလူသို့ ကူးစက်ခြင်းမရှိနိုင်သော်လည်း ဝက်များတွင် ရောဂါကျရောက် ကူးစက်ခဲ့ပါက ရာနှုန်းပြည့် နစ်နာဆုံးရှုံးနိုင်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းလား၊ မိုင်းယောင်း၊ မိုင်းဖြတ်နှင့် ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း ပန်ဆန်းတို့တွင် ယမန်နှစ် ဩဂုတ်လအတွင်းက ရောဂါကျရောက်ခဲ့သည်။

မွေးမြူရေးတိရစ္ဆာန်များ ကူးစက်ရောဂါကျရောက်ခြင်းတွင် အဓိကအချက်မှာ မွေးမြူရေးခြံများ၌ ဇီဝလုံခြုံရေးအားနည်းချက်ကြောင့်ပင်ဖြစ်သည်။ ဇီဝလုံခြုံရေးကျင့်စဉ်တွင် မွေးမြူရေးတိရစ္ဆာန်များကို ကူးစက်ရောဂါများ မကျရောက်စေရန်အတွက် ပတ်ဝန်းကျင်နှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတွေ့မှုမရှိစေရန် ဖြတ်တောက်ထားခြင်းဖြင့် ကူးစက်ရောဂါဝင်ရောက်နိုင်မည့်အခွင့်အလမ်းများကို တားဆီးထားခြင်းပင်ဖြစ်ရာ ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ခြင်းပင်ဖြစ်သည်။

မွေးမြူရေးခြံများကို လုံခြုံအောင် ကာရန်ခြင်း၊ တာဝန်ရှိသူများသာ ဝင်ရောက်ခြင်း၊ ခြံအတွင်းဝင်ရောက်ရာတွင် လူ၊ ကား၊ လှည်း အားလုံး ပိုးသတ်ဆေးကန်ကို ဖြတ်သန်းပြီးမှ ဝင်ရောက်ခြင်း၊ ခြံအတွင်း စီးရန်ဖိနပ်ကို သီးသန့်ထားခြင်း၊ ခြံလုပ်သား၊ လုပ်ငန်းသုံးပစ္စည်းများ စသည်တို့ကို အခြားခြံများနှင့် ကူးလူးဆက်ဆံမှု မပြုလုပ်ခြင်း၊ အခြားခြံများမှ ပြန်လာလျှင်လည်း ရေချိုး၊ အဝတ်လဲပြီးမှ ခြံတွင်းသို့ ဝင်ရောက်ခြင်း၊ ခြံတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ်တို့ စနစ်တကျဝတ်ဆင်ခြင်း၊ ခြံမှထွက်ခွာပါကလည်း ဆပ်ပြာဖြင့် လက်ဆေးပြီး တစ်ကိုယ်ရေ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ခြံတွင်းခြံပြင်သန့်ရှင်းရေးတို့ မပြတ်ပြုလုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ကြက်ဘဲငုံးခြံများတွင် ပြင်ပမှ ငှက်များ မဝင်နိုင်စေရန် ကာရံထားခြင်း စသည်တို့ကို တင်းတင်းကျပ်ကျပ် ဆောင်ရွက်ထားခြင်းဖြင့် မိမိတို့၏ မွေးမြူရေးခြံများ ဇီဝလုံခြုံရေးကို အဆင့်မြှင့်တင်ကြရမည်ဖြစ်သည်။

မွေးမြူရေးခြံများ ဇီဝလုံခြုံရေး ဆောင်ရွက်ခြင်းသည် ကူးစက်ရောဂါများ ကျရောက်မလာစေရန် ကြိုတင်ကာကွယ်ခြင်းပင်ဖြစ်သည်။ ကူးစက်ရောဂါအချို့တွင် ကာကွယ်ဆေးနှင့် ကုသဆေးတို့ မရှိသေးသည့် အခြေအနေမျိုးဖြစ်ပေါ်လာပါက ဆုံးရှုံးမှုများမှာ ဘာမှပြန်မရဘဲ သုည အခြေအနေသို့ကျရောက်သွားနိုင်သည်သာဖြစ်သည်။ ဇီဝလုံခြုံရေးအဆင့်မြှင့်တင်ခြင်းဖြင့် မိမိတို့၏ မွေးမြူရေးတိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ကာ မွေးမြူရေးစီးပွား မြင့်မားနိုင်ကြမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။



## သာစည်မြို့ ဇေယျသုခရေလှူအသင်း နွေရာသီရွှေ့လျားရေလှူစခန်းများဖွင့်

**သာစည် မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း သောက်သုံးရေရှားပါးခက်ခဲသည့် ရပ်ကွက်ကျေးရွာများသို့ ရေသယ်ယာဉ်များဖြင့် နှစ်စဉ်ရေလှူဒါန်းပေးလျက်ရှိသော ဇေယျသုခရေလှူအသင်း နွေရာသီရွှေ့လျားရေလှူစခန်းများ ဖွင့်ပွဲနှင့် ကိုရိုနာဗိုင်းရပ်စ် အသိပညာပေးလုပ်ငန်းများကို မတ် ၁၅ ရက် နံနက် ၇ နာရီခွဲက သာစည်မြို့ အမှတ်(၄) ရပ်ကွက် ဆိုင်လိုဝင်းရှေ့၌ ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျသုခရေလှူအသင်းဥက္ကဋ္ဌ ဦးဟန်ခင်က အသင်း၏ ရည်ရွယ်ချက်များ၊ နှစ်စဉ်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဇေယျသုခရေလှူအသင်းနာယက မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလင်းထင်ကျော်က ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများ၊ ရောဂါမကူးစက်ရန် ကာကွယ်ရေးနည်းလမ်းများကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေးဝန်ထမ်းများက စနစ်တကျ လက်ဆေးနည်းနှင့် နှာခေါင်းစည်း တပ်ဆင်အသုံးပြုပုံများကို လက်တွေ့ပြသသည်။ ထို့နောက် သောက်သုံးရေရှားပါးသောဒေသများသို့ ရေလှူဒါန်းနိုင်ရန် သာစည်မြို့ ဇီဝသုခသွေးလှူရှင်ပရဟိတအသင်း၊ ကပ်ကျေးအင်းကျေးရွာနှင့် ကန်စွယ်ကျေးရွာတို့မှ အလှူငွေများပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇော်လင်းမောင်နှင့် အသင်းနာယကတို့က လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ကပ်ကျေးအင်းကျေးရွာ သာစည်မြို့ အမှတ်(၄) ထိန်ကန်ရပ်ကွက်နှင့် အမှတ်(၅) ရပ်ကွက်နေ ပြည်သူများထံ သွားရောက်၍ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** အဆိုပါအခမ်းအနားများနှင့် ရေလှူဒါန်းရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင် များ၊သွေးလှူရှင်အသင်းနှင့် ပရဟိတအသင်းများ တက်ရောက်ကြကြောင်း သိရသည်။

ဇေယျသုခရေလှူ အသင်းကို ၂၀၁၆ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး မြို့နယ်အတွင်း သောက်သုံးရေရှားပါးခက်ခဲသည့် ရပ်ကွက်ကျေးရွာများသို့ ရေသယ်ယာဉ် လေးစီးဖြင့် အလှူရှင်စေတနာရှင်များ၏ ပံ့ပိုးကူညီမှုများနှင့် နှစ်စဉ်သောက်သုံးရေများ လှူဒါန်းပေးလျက်ရှိသည့်အပြင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့ပေါ်ခုနစ်ရပ်ကွက်ရှိ မီးသတ်ရေကန်များကိုလည်း ရေများဖြည့်ဆည်းပေးလျက်ရှိရာ လှူဒါန်းလိုပါက ဦးမြင့်ဆွေ ဇေယျသုခ ရေလှူအသင်း ဖုန်း ၀၉-၂၂၂၅၈၈၄ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

## နယ်စပ်ရေးရာဝန်ကြီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများမှ အလုပ်အကိုင် ၄၅ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပေးနိုင်

**နေပြည်တော် မတ် ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းများကို နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောဒေသများမှ အမျိုးသမီးငယ်များအား ကျောင်းအိပ်၊ ကျောင်းစား စရိတ်ငြိမ်းဖြင့် သင်ထောက်ကူပစ္စည်းများအပါအဝင် စာတွေ့လက်တွေ့ ၁၈ ပတ်ကြာ သင်ကြားပေးခြင်းနှင့် သင်တန်းပြီးဆုံးပါက တစ်ပိုင်တစ်နိုင်လုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ သင်တန်းများ စတင်ဖွင့်လှစ်ချိန်မှ ယနေ့အထိ သင်တန်းဆင်း အရေအတွက် ၈၉၈၉၆ ဦးရှိပြီး အဆိုပါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ၄၀၄၉၆ ဦးရှိသဖြင့် သင်တန်းမှ အလုပ်အကိုင် ဖန်တီးပေးနိုင်မှု ၄၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**လှမင်းထွန်း(နတလ)**

## နွေရာသီသောက်သုံးရေရှားပါးမှုမရှိစေရေး ကျေးရွာ ၁၂ ရွာတွင် စက်ရေတွင်းများတူးဖော်ပေး

**ရေတာရှည် မတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှင့် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတို့ဖြင့် နွေရာသီကာလ သောက်သုံးရေရှားပါးမှုမရှိစေရေးအတွက် ကျေးရွာပေါင်း ၁၂ ရွာတွင် စက်ရေတွင်းများ တူးဖော်ပေးနိုင်ခဲ့၍ ဒေသခံပြည်သူများ အဆင်ပြေစွာ သုံးစွဲလျက်ရှိပြီဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုရန်ပုံ ငွေကျပ် ၇၅ ဒသမ ၅၅ သန်းဖြင့် မြောင်သာ၊ ဇရဲပေါက်၊ ဝမ်းမကြီး၊ ဆယ်ဝါးတော၊ အေးသာယာ၊ ရဲကုန်းကျေးရွာများတွင်လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၉၈ ဒသမ ၂ သန်းဖြင့် ဒေါင်းနန်းကျ၊ နတ်တောင်၊ ဆွာရွာမ၊ ခင်တန်းကြီး၊ ချုံအင်း၊ ကျူဇောင်းကျေးရွာများတွင် တူးဖော်ပေးခဲ့ခြင်းဖြစ်ပြီး အပူချိန်မြင့်မားသော နွေရာသီကာလတွင် အိမ်ထောင်စုပေါင်း ၁၇၁၂ စု၊ ဒေသခံပြည်သူ ၇၆၉၅ ဦးတို့အတွက် အဆင်ပြေစွာ သုံးစွဲနိုင်ကြမည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**

✲ ရှေ့ဖုံးမှ
ထိုသို့ လေ့လာသုံးသပ်ရာမှရရှိသော တွေ့ရှိချက်များအပေါ် မူတည်၍ မိမိတို့နိုင်ငံ၏ ရောဂါကူးစက်ခြင်း ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို ပြုပြင်ပြောင်းလဲ၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် ပြည်သူများ ရောဂါကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှု မရှိစေရေးတို့အတွက် ဆုံးဖြတ်ချက်များကို ပြတ်သားစွာ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနမှ အကြံပြုထားသည့်အတိုင်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပြည်သူလူထုမှ လိုက်နာဆောင်ရွက်လျက်ရှိသည့်အတွက် လူစုလူဝေးများနှင့် ပွဲလမ်းသဘင်များ များစွာလျော့ပါးသွားပြီဖြစ်သဖြင့် ရောဂါကူးစက်ပြန့်ပွားနိုင်ခြေ နည်းပါးလာမည်ဖြစ်ကြောင်း။

ထို့အပြင် ကူးစက်ရောဂါ ဖြစ်ပွားမှုမြင့်မားလျက်ရှိသော နိုင်ငံများမှ ခရီးသည်များ ပြည်တွင်းသို့ ဝင်ရောက်မှုနည်းပါးခြင်းဖြင့် မိမိတို့နိုင်ငံ၌ ရောဂါဝင်ရောက်ဖြစ်ပွားမှု နည်းပါးနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ ယခုအချိန်တွင် ရောဂါဖြစ်ပွားမှုများ ပြားသောနိုင်ငံ ၇ နိုင်ငံမှ ဝင်ရောက်လာသော ခရီးသွားဧည့်သည်များကို စိစစ်၍ ၁၄ ရက်တာကာလ အသွားအလာကန့်သတ် (quarantine)ရန် ယနေ့မှ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အခြားနိုင်ငံများ၌ ရောဂါဖြစ်ပွားမှုနှင့် ပျံ့နှံ့မှုပုံစံများအရ လိုအပ်ပါက နိုင်ငံအရေးအတွက် ထပ်မံတိုးမြှင့်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတရုံးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ပြည်သူများထံ ပန်ကြားချက်များကို ပြည်သူများအနေဖြင့် အလေးထား လိုက်နာဆောင်ရွက်ကြစေ လိုပါကြောင်း။

## “ပြည်သူများတွင် COVID–19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာ ဗဟုသုတများရရှိမှုနှင့် လက်တွေ့အသုံးချနိုင်မှု အခြေအနေများကို အသုံးချသုတေသနပုံစံဖြင့် ဆန်းစစ်မှုများကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) မှ ဆောင်ရွက်ထားပါကြောင်း၊ တွေ့ရှိချက်များကိုမူတည်၍ မိမိတို့သည် လိုအပ်သလို ကျန်းမာရေးအသိပညာပေး နှိုးဆော်မှုများကို မွမ်းမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါသုတေသနမှ ဆန်းစစ်မှုမေးခွန်းများကို တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဝေ၍ အထူးသဖြင့် နယ်စပ်ဝင်၊ ထွက်ပေါက်များတွင် သွားလာနေသူများအား ဆန်းစစ်ရန် လိုအပ်”

ကပ်ရောဂါအသွင်ဖြင့် ဖြစ်ပွားသော ရောဂါများကို နှိမ်နင်းရာတွင် ပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ထိရောက်မှုရှိသဖြင့် ပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် တိတိကျကျ လိုက်နာဆောင်ရွက်ရန် တိုက်တွန်းပန်ကြားလိုပါကြောင်း၊ မိမိအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ ဆေးရုံများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ဓာတ်ခွဲခန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးနှီးနွှယ်ဝန်ထမ်းများ၊ ဓာတ်ခွဲဝန်ထမ်းများ၏ လုပ်ဆောင်ချက် စွမ်းရည်များနှင့် စိတ်စေတနာများကိုလည်း ယုံကြည်ပါကြောင်း။

ဝန်ထမ်းများသည် ဤရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌လည်းကောင်း၊ ဆေးရုံများ၌ ကုသမှုပေးသည့် ကိစ္စများ ဆောင်ရွက်ရာ၌လည်းကောင်း၊ အသွားအလာကန့်သတ်ခြင်း လုပ်ငန်းများကို ဆေးရုံနှင့် ကျန်းမာရေး အဆောက်အဦများ၌ ထားရှိပြီး ကျန်းမာရေး ဝန်ဆောင်မှုပေးရာ၌လည်းကောင်း မိမိ၏ ကိုယ်ပိုင်အရေးကဲ့သို့ သဘောထားကာ ဆောင်ရွက်လျက်ရှိသဖြင့် မိမိအနေဖြင့် ချီးကျူးဂုဏ်ယူပါကြောင်း၊ ထို့အပြင် ဝန်ကြီးဌာနအား ငွေအင်အား၊ ပစ္စည်းအင်အားများအပါအဝင် ဝိုင်းဝန်းပံ့ပိုးမှုများ ပေးလျက်ရှိသော မြန်မာနိုင်ငံသူ/ နိုင်ငံသားများနှင့် ပြည်ပနိုင်ငံများမှ အဖွဲ့အစည်းများအား ပြည်သူများအားလုံး၏ ကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း။

အလုံပိတ်အခန်းနေရာများတွင် ရောဂါကူးစက်နိုင်ခြေ မြင့်မားသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ YBS Aircon–bus များတွင် COVID–19 ကဲ့သို့သော အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်သည့် ရောဂါများကူးစက်မှုလျော့ချရေးကို အဖြေရှာရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လှည်းကူးမြို့နယ်ရှိ ပြည်သူ့ ကျန်းမာရေးသင်တန်းကျောင်းနှင့် သိမ်ဖြူကွင်းရှိ အားကစားအဆောက်အဦများတွင် အသွားအလာကန့်သတ် (quaran–tine) ရန်အတွက် အသုံးပြုမည် ဖြစ်သဖြင့် အဆိုပါလုပ်ငန်းများတွင် လိုအပ်မည့် လူအင်အား၊ ပစ္စည်း အင်အားများကို ဖြည့်ဆည်းပြင်ဆင် လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဝေးပြေးဂိတ်များနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်၊ မြို့ကြီးများရှိ အဝေးပြေးကားဂိတ်များတွင် ခရီးသွားပြည်သူများအား COVID–19 ရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးအသိပညာပေးခြင်းကို လက်ကိုင်အသံချဲ့စက်ငယ်များ အသုံးပြုကာ ယခုထက်ပိုမို ကြေညာနှိုးဆော်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူများတွင် COVID–19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာ ဗဟုသုတများရရှိမှုနှင့် လက်တွေ့အသုံးချနိုင်မှု အခြေအနေများကို အသုံးချသုတေသနပုံစံဖြင့် ဆန်းစစ်မှုများကို ပြည်သူ့ကျန်းမာရေး တက္ကသိုလ် (ရန်ကုန်) မှ ဆောင်ရွက်ထားပါကြောင်း၊ တွေ့ရှိချက်များကို မူတည်၍ မိမိတို့သည် လိုအပ်သလို ကျန်းမာရေး အသိပညာပေး နှိုးဆော်မှုများကို မွမ်းမံဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အဆိုပါ သုတေသနမှ ဆန်းစစ်မှုမေးခွန်းများကို တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဖြန့်ဝေ၍ အထူးသဖြင့် နယ်စပ်ဝင်၊ ထွက်ပေါက်များတွင် သွားလာနေသူများအား ဆန်းစစ်ရန် လိုအပ်ကြောင်း။

လက်ကိုစနစ်တကျ ဆပ်ပြာနှင့်ရေကို အသုံးပြုဆေးကြောခြင်းသည် ရိုးရှင်းသည်ဟု ထင်ရသော်လည်း COVID–19 အပါအဝင် ကူးစက်ရောဂါအများအပြားကို ထိရောက်စွာ ကာကွယ်နိုင်သဖြင့် ဝန်ကြီးဌာန၏ တစ်ပြည်လုံးရှိ ဆေးရုံများတွင် လူနာနှင့် လူနာစောင့်များ လက်ဆေးကြောရန် ဘေစင်နှင့် ရေရရှိမှုကို အမြန်ဆုံးဆောင်ရွက်ရန် မိမိညွှန်ကြားထားပါကြောင်း၊ ဆောင်ရွက်ခြင်း ရှိ/မရှိကို မိမိတို့ သုံးသပ်ပြီး တစ်ပြည်လုံးရှိ ဆေးရုံများ၌ ဆောင်ရွက်နိုင်ရန် မိမိတို့ဝန်ကြီးဌာနမှ ဆက်လက်ပံ့ပိုးမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVID–19 ရောဂါနှင့်ပတ်သက်သည့် နောက်ဆုံးအချက်အလက် (Daily Update Situation) နှင့် ထုတ်ပြန်ကြေညာချက်များ၊ ဝန်ကြီးဌာနမှ ရောဂါစောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းဆောင်ရွက်နေမှု၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း၊ အခြားနိုင်ငံများမှ ထူးခြားဖြစ်စဉ်များနှင့် သတင်းများ၊ စောင့်ကြည့်လူနာများ၏ အခြေအနေ၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ် (ရန်ကုန်) မှ ဆောင်ရွက်ထားသည့် ပြည်သူများအကြား COVID–19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာ ဗဟုသုတများ ရရှိမှုနှင့် လက်တွေ့အသုံးချနိုင်မှု အခြေအနေများကို အသုံးချသုတေသနမှ တွေ့ရှိချက်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ လူနာလွှဲပြောင်းပို့ဆောင်မှုတွင် ပါဝင်ဆောင်ရွက်မည့် အစီအစဉ်၊ ကျန်းမာရေးအသိပညာပေး နှိုးဆော်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ COVID–19 ရောဂါဓာတ်ခွဲစစ်ဆေးမှုဆိုင်ရာ သင်တန်းများ ပြုလုပ်နေမှု၊ ဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူမှု၊ လှူဒါန်းလက်ခံရရှိမှု စသည်တို့ကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် မြန်မာ – ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၅**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ မြန်မာ – ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတား တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့သို့ ကြည့်ရှုစစ်ဆေးစဉ် စီမံကိန်းရှင်းလင်းဆောင်၌ တံတား ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက တံတား တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ပင်မတံတား ဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Temporary Bridge နှင့် Working Platform များ ဆောင်ရွက်ထားရှိမှု၊ GS Engineering & Construction Corporation မှ Project Director Mr.Yun Ho Cho က ရန်ကုန်နှင့် ဒလဘက်ခြမ်းတို့တွင် လုပ်ငန်းဆောင်ရွက်မှု၊ ပင်မတံတား လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်နေမှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်နေမှုများကို ရှင်းလင်း တင်ပြကြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက ရေလယ်ပင်မတံတားကြီး၏ ဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးကို အလေးထား ဆောင်ရွက်ရန်နှင့် ဘိုးပိုင်လုပ်ငန်းများကို သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် ပင်မတံတား ဘိုးပိုင်တူးဖော်ရန်အတွက် ရန်ကုန်ဘက်ခြမ်း လုပ်ငန်းဆောင်ရွက်နေမှု၊ ရန်ကုန်မြစ်အတွင်းရှိ သင်္ဘောကြီး/ငယ်များ အန္တရာယ်ကင်းရှင်းရေးအတွက် သတိပေး၊ အသိပေး အချက်ပြအမှတ်အသားများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် မြန်မာ – ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားတည်ဆောက်ရေးစီမံကိန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

မြန်မာ – ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားသည် ရန်ကုန်မြစ်ကို ဖြတ်ကျော်ကာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနှင့် ဒလမြို့ရှိ ဗိုလ်မင်းရောင် လမ်းမကြီးတို့ကို ဆက်သွယ်ထားကာ စုစုပေါင်းတံတားအရှည် ၁၈၆၇ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၂၆ ဒသမ ၅ မီတာ (လေးလမ်းသွား)၊ တံတားအမျိုးအစားမှာ အောက်ထည် – ဘိုးပိုင်အုတ်မြစ်၊ ကိုယ်ထည်သံကူကွန်ကရစ်နှင့် အပေါ်ထည် သံမဏိကြိုးဆိုင်း တံတားဖြစ်ပြီး တံတား၏ ခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်သည်။

တံတားကြီးပြီးစီးပါက ရန်ကုန်မြို့နှင့် ဒလမြို့တို့ကို အချိန်တိုအတွင်း သွားလာနိုင်မည့်အပြင် ရောဝတီတိုင်းဒေသကြီးသို့ ဒလ – တွံတေး – ကော့မှူး – ကွမ်းခြံကုန်း – ဒေးဒရဲ – ဖျာပုံ – ဘိုကလေးလမ်းမှ အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ငါးလုပ်ငန်းအတတ်သင်သိပ္ပံသင်တန်းကျောင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ငါးလုပ်ငန်း အတတ်သင်သိပ္ပံသင်တန်းကျောင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် စီမံကိန်းရှင်းလင်းဆောင်၌ ငါးလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က သင်တန်းကျောင်း တည်ဆောက်ပြီးစီးမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက သင်တန်းကျောင်းကို ငါးပညာရပ်ဆိုင်ရာ တက္ကသိုလ်ဖွင့်လှစ်နိုင်ရေး အတွက် ရှေ့ပြေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် စနစ်တကျ ပြင်ဆင်ဆောင်ရွက် သွားရန်နှင့် ငါးပညာရပ်ဆိုင်ရာ ဒီပလိုမာပေးအပ်နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ငါးလုပ်ငန်းအတတ်သင်သိပ္ပံသင်တန်းကျောင်းကို ငါးလုပ်ငန်း အဓိကထား လုပ်ကိုင်လျက်ရှိသည့် မအူပင် – တွံတေး – ရန်ကုန် ကားလမ်းအနီး တွံတေး မြို့နယ် ဇီးဖြူကုန်းကျေးရွာတွင် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၉၉၈ ဒသမ ၅၄ သန်းဖြင့် တည်ဆောက်လျက်ရှိပြီး ငါးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဌာနတွင်းနှင့် ပြင်ပသင်တန်းသားများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေး သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သာကေတမြို့နယ်ရှိ ပဋိဇီဝ ဓာတ်ကြွင်းနှင့် ဗိုင်းရပ်စ်ပိုးစစ်ဆေးရေး အနုစိတ်သရုပ်ခွဲခြင်းဆိုင်ရာ ဓာတ်ခွဲခန်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဓာတ်ခွဲခန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၏ ကျွမ်းကျင်မှု အရည်အသွေးမြှင့်တင်ရန်နှင့် တိုးတက်ပြောင်းလဲလာသော နည်းပညာရပ်များ အပေါ် မျက်ခြည်မပြတ် လေ့လာသင်ယူနိုင်အောင် ဆောင်ရွက်ရေး၊ အရည် အသွေး အာမခံချက်ပေးနိုင်သည့် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းအဖြစ် ဆောင်ရွက်ရေး၊ ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဘဏ္ဍာနှစ် အလိုက် ဘတ်ဂျက်ရေးဆွဲတင်ပြရေးတို့ကို ဆွေးနွေးမှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တွံတေးမြို့နယ်ရှိ ငါးလုပ်ငန်းအတတ်သင်သိပ္ပံသင်တန်းကျောင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါ ဓာတ်ခွဲခန်းသည် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ISO/IEC 17025:2005 Accredited Certificate ကို ၂၀၁၈ – ၂၀၂၀ အထိ သက်တမ်း လေးကြိမ်ရရှိထားပြီး မြန်မာနိုင်ငံ၏ ရေထွက်ကုန်ပစ္စည်းများ နိုင်ငံတကာ ဈေးကွက်သို့တင်ပို့ရာတွင် အရည်အသွေးအာမခံချက်ပေးနိုင်သည့် နိုင်ငံတကာ အဆင့်မီ ဓာတ်ခွဲခန်းတစ်ခုဖြစ်သည်။

ထို့ပြင် Microbiology Parameter ခုနစ်မျိုး၊ Aerobic Plate Count, Coliforms, E. coli, S. aureus, Salmonella, V. cholerae, V. parahaemolyticus Listeria monocytogenes နှင့် Chemical Parameter ကိုးမျိုး၊ Nitrofuran test (AHD, AOZ, AMOZ, SEM), Chloramphenicol & Tertracycline Test, Heavy Metal Test (Mercury, Cadmium, Lead) စုစုပေါင်း ၁၆ မျိုးကို Accreditation အသိအမှတ်ပြုလက်မှတ် ရရှိထားပြီးဖြစ်၍ ယခုအခါ ISO/IEC 17025:2017 (New Version) အသစ်သို့ ပြောင်းလဲကျင့်သုံးခြင်းနှင့် ၂၀၂၀ – ၂၀၂၂ သက်တမ်းအတွက် လိုအပ်သော ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ပြင်ဆင်မှုနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ စံတိုက်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးအတွင်း COVID–19 ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီး အတွင်း COVID–19 ရောဂါ ကြိုတင်ကာကွယ်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုကို ယနေ့ နံနက်ပိုင်းမှ ဧပြီလကုန်ပိုင်းအထိ ဆောင်ရွက်သွားမည် ဖြစ်ပြီး စည်းကမ်းမလိုက်နာသော ငါးဒိုင်များကို ပိတ်သိမ်းသည်အထိ အရေးယူမည်ဖြစ်ကြောင်း ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန ဗဟိုစံပြငါးဈေးကြီး ဈေးသာယာရေးကော်မတီရုံးမှ သိရသည်။




ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးတွင် COVID–19 ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

"အခုကာလတွေမှာ လူတွေစိုးရိမ်နေတဲ့ COVID–19 ရောဂါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဗဟိုစံပြငါးဈေးကြီးမှာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အဖွဲ့တွေရဲ့ ညွှန်ကြားချက် အတိုင်း အကောင်းဆုံးကြိုတင်ကာကွယ်မှုတွေဖြစ်အောင် ဆောင်ရွက်နေတာပါ။ ကျွန်တော်တို့ဈေးက အခြားဈေး တွေနဲ့ မတူညီတဲ့သဘောသဘာဝရှိတော့ အသန့်ရှင်းဆုံးနဲ့ အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်နေတာပါ။ လက်ရှိကတော့ ရောင်းဝယ်ဖောက်ကားမှုတွေက ပုံမှန်ပါပဲ။ ဒီလိုကြိုတင်ကာကွယ်ရေးတွေကို လာမယ့် ဧပြီလကုန်ပိုင်း အထိ ဆောင်ရွက်သွားပါမယ်"ဟု ဈေးသာယာရေးဥက္ကဋ္ဌ ဦးမြမောင်က ပြောသည်။

### အသိပညာပေးသွားမည်

ဗဟိုစံပြငါးဈေးကြီးတွင် ကမ်းနားလမ်းနှင့် ဆိပ်ကမ်းဘက်တို့မှ လူဝင်ပေါက် ၁၀ ပေါက်ရှိပြီး လာရောက်ဝယ်ယူသူများနှင့် ရောင်းချနေသော ဈေးသူ ဈေးသားများကို ယနေ့မှစတင်ကာ ဧပြီလကုန်ပိုင်းအထိ သတ်မှတ်ကိုယ်အပူချိန်အတိုင်း အဖျားတိုင်းခြင်းကို ဆောင်ရွက်ပြီး သံသယရှိသော ကိုယ်အပူချိန်ရှိသူကို ဈေးအတွင်းမဝင်ရောက်ရန် တားမြစ်ထားမည် ဖြစ်သည်။

ထို့ပြင် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ တာဝန်ရှိသူများ၊ ဈေးသာယာရေးကော်မတီ အဖွဲ့နှင့် စံပြလူမှုကူညီရေး ပရဟိတလူငယ်အသင်း (ရန်ကုန်) နှင့် ကျန်းမာရေးအဖွဲ့များက ဈေးသူဈေးသားများ နှင့် လာရောက်ဝယ်ယူသူများကို စနစ်တကျ လက်ဆေးခြင်း၊ ဈေးဆိုင်ခန်းများအတွင်း သန့်ရှင်းရေးများဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးရည်များ ပက်ဖျန်းခြင်းနှင့် အခြား အသိပညာပေးလုပ်ငန်းများ လိုက်လံအသိပညာပေးသွား မည်ဖြစ်ကြောင်း သိရသည်။

### လိုက်နာဆောင်ရွက်ရန်နှိုးဆော်

ထိုငါးဈေးကြီးတွင် ရောင်းဝယ်ဖောက်ကားနေသော ငါးဒိုင်များကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ထုတ်ပြန် ထားသောစည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက် ရန် နှိုးဆော်ထားပြီး လိုက်နာမှုမရှိသော ငါးဒိုင်များကို ပိတ်သိမ်းသည်အထိ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးသည် မြန်မာပြည်တွင် အကြီးဆုံးဈေးကြီးဖြစ်ပြီး ယခုအခါတွင် နေ့စဉ်ရောင်းဝယ်ဖောက်ကားနေသော ငါး၊ ပုစွန်ရောင်းဝယ် ရေးဒိုင်ပေါင်း ၅၀၀ ကျော်ရှိပြီး နေ့ ညရောင်းဝယ်မှု လူဝင်/ လူထွက် စည်ကားမှုသည် ပျမ်းမျှလူဦးရေ ငါးသောင်း ကျော်ခန့်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**အာကာစိုး**

❑ *ရှေ့ဖုံးမှ*

ဒါကြောင့် ပြည်တွင်းမှာ ဆန်ပြတ်လပ်မှု မရှိနိုင်ဘူးလို့ အခိုင်အမာ ပြောရဲတာပါ။ လတ်တလောမှာ စိုးရိမ်ပူပန်ပြီး အပူတပြင်း ဝယ်စရာမလိုပါဘူး။ တကယ်လို့ ဆန်အတွက် အခက်အခဲကြုံမယ်ဆိုရင် ကျွန်တော်တို့အသင်းက စုပေါင်းပြီး သာမန်ပေါက်ဈေးအတိုင်း အိတ်အရေအတွက်ကို အကန့် အသတ်မရှိဘဲ လိုသလောက်ရောင်းချပေးဖို့ အစီအစဉ်ရှိပါတယ်။ အိတ်အရေအတွက်ကို အကန့် အသတ်မထားဘဲ ရောင်းချပေးတာက ကျွန်တော်တို့မှာ ဆန်အလုံအလောက်ရှိတယ်ဆိုတာကို သိစေချင်လို့ပါ" ဟု ၎င်းက ပြောသည်။

၂၀၁၅ ခုနှစ်အတွင်းက တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှု ကြောင့် စိုက်ပျိုးဧရိယာများ ပျက်စီးခဲ့သည့်အချိန်၌ပင် ဆန်နှင့်ပတ်သက်၍ အဆင်ပြေစေမှုရှိစေရန် လုပ်ဆောင်နိုင်ခဲ့သဖြင့် ယခုအခြေအနေတွင်လည်း ဆန်အတွက် စိုးရိမ်ပူပန်မှုမထားဘဲ မိမိ၏ ကျန်းမာရေးအတွက်သာ ဂရုပြုစောင့်ရှောက်ကြစေလိုကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထို့ပြင် ယခုရက်ပိုင်းအတွင်း၌ စိုးရိမ်ပူပန်မှုဖြင့် ဆန်များဝယ်ယူမှုရှိသော်လည်း ဆန်ဈေးနှုန်းကို ဈေးမြင့်၍ ရောင်းချခြင်းမရှိကြောင်း၊ မိမိတို့ပွဲရုံ၌လည်း ရောင်းချရန် ဆန်အများအပြား သိုလှောင်ထား ကြောင်း၊ ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် စားသောက်ကုန်ဖြစ်သည့်အတွက် ဆန်ပြတ်လပ်မှု ရှိမည်ကို စိုးရိမ်ပူပန်ရန်မလိုကြောင်း မန္တလေးမြို့ ဆန်လက်လီလက်ကားရောင်းချသည့် ဆံပြန့်ွယ် ပွဲရုံမှ မယမင်းသွယ်က ပြောသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# လွိုင်လင်မြို့၌ COVID - 19 ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**လွိုင်လင် မတ် ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့၌ COVID – 19 ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် ယနေ့ နံနက် ၇ နာရီက မြို့မဈေး၌ ပြုလုပ်ခဲ့သည်။



အဆိုပါ ကာကွယ်ရေးလုပ်ငန်းတွင် ဒုတိယခရိုင်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်လင်း ဦးဆောင် သည့် မိခင်ကလေးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့မ ကျန်းမာရေးဌာနမှ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ မာရီစတုတ်မြန်မာမှ တာဝန်ခံဆရာဝန် ဒေါက်တာ သန်းထက်နှင့်ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင် များပူးပေါင်း၍ မြို့မဈေးကြီးတွင် ဈေးရောင်း ဈေးဝယ်သူများ အား ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် လူအများ မြင်သာအောင် စတစ်ကာများကပ်ခြင်း၊ အသံချဲ့စက်ဖြင့် ကြေညာခြင်းများကို ရှမ်း၊ ပအိုဝ်း၊ မြန်မာဘာသာများဖြင့် အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ (ယာပုံ) **မိုးလွင်ဦး(လွိုင်လင်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး COVID-19 ရောဂါနှင့်ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် မတ် ၁၅**

COVID-19 ရောဂါနှင့်ပတ်သက်၍ နေပြည်တော်ကောင်စီ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ တာဝန်ခံညွှန်ကြားရေးမှူးများနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကူးစက်ခံရသူဦးရေ နေ့စဉ်တိုးတက်များပြားလျက်ရှိ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက COVID-19 ရောဂါကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ကြေညာထားပြီး နိုင်ငံတော်သမ္မတရုံးက ပြည်သူလူထုသို့ ပန်ကြားချက်ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ COVID-19 ရောဂါနှင့်ပတ်သက်၍ ယခုအချိန်အထိ ရောဂါပိုးကူးစက်ခံရသည်ဟု သေချာသောသူ မတွေ့ရှိသေးသော်လည်း တရုတ်နိုင်ငံ ပြင်ပ ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ခံရသူဦးရေ နေ့စဉ်တိုးတက်များပြားလျက်ရှိပါကြောင်း၊ ကူးစက်မှုရှိပြီးသော နိုင်ငံများမှ ဝင်ရောက်လာသူများမှတစ်ဆင့် ကူးစက်ခံရနိုင်ခြေရှိပါကြောင်း။

**နေ့စဉ်ထုတ်ပြန်ကြေညာချက်များကို လိုက်နာ**

မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နေသော ဝန်ကြီးဌာနတစ်ခုဖြစ်ပြီး ဝန်ကြီးဌာနရှိ ဝန်ထမ်းများအနေဖြင့် COVID-19 ရောဂါနှင့် ပတ်သက်သည့် ဗဟုသုတများကို မျက်ခြည်မပြတ်ရန်၊ အသိနှင့်အတူ အထူးသတိပြုနေထိုင်ကြရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာန၏ ဦးစီးဌာနအလိုက် ပြည်သူ့အကျိုးပြု ဆောင်ရွက်မှုများတွင် လုပ်ငန်းလည်ပတ်မှု မရပ်တန့်စေရန် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုများနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ နေ့စဉ်ထုတ်ပြန်ကြေညာချက်များကို လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

**မိမိတို့ကိုယ်တိုင် လိုက်နာဆောင်ရွက်**

ဝန်ကြီးဌာနသည် ထိခိုက်လွယ်အုပ်စုများနှင့် ဆက်စပ်လုပ်ကိုင်ရသဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ရာတွင် အထူးသတိရှိရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများကို အသိပညာပေးရန်နှင့် မိမိတို့ကိုယ်တိုင် လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး COVID-19 ရောဂါနှင့်ပတ်သက်၍ နေပြည်တော်ကောင်စီ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ တာဝန်ခံညွှန်ကြားရေးမှူးများနှင့် ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**သိရှိလိုသည်များကို ဆွေးနွေးတင်ပြ**

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးအောင်က ဝန်ကြီးဌာနသည် နိုင်ငံခြားသားများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လုပ်ငန်းတာဝန်များ ဆက်စပ်ဆောင်ရွက်ရာတွင် ယခုကာလအတွင်း Email, Viber, Skype များကို အဓိကထားအသုံးပြု၍ ချိတ်ဆက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားပြီး နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ခံညွှန်ကြားရေးမှူးများက သိရှိလိုသည်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**သတင်းစဉ်**

## ဒေသမျိုးစုံမှ အပြိုင်ထွက်ရှိလာသည့် ထောပတ်ပဲများ မန္တလေးဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာ

**မန္တလေး မတ် ၁၅**

ယခုရာသီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်၊ နွားထိုးကြီး မြို့နယ်များနှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူ၊ စလင်းနှင့် ပွင့်ဖြူ စသည့် ဒေသမျိုးစုံမှ အပြိုင်ထွက်ရှိလာသည့် ထောပတ်ပဲများ မန္တလေးဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာကာ အရောင်းသွက်လျက်ရှိကြောင်း မန္တလေး ပဲကုန်သည်များထံမှ သိရသည်။

အဆိုပါပဲများမှာ ပေါ်ဦးပေါ်ဖျား စတင်ထွက်ရှိလာသည့် ဇန်နဝါရီလအတွင်းက သုံးတင်းဝင်တစ်အိတ်လျှင် ထောပတ်ပဲ (အကြီး)မှာ ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် လည်းကောင်း၊ ထောပတ်ပဲ(အသေး)မှာ ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် လည်းကောင်း အဖွင့်ဈေးစခဲ့ပြီး ယခု လှိုင်လှိုင်ပေါ်ချိန်တွင် ထောပတ်ပဲ (အကြီး) မှာ ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် လည်းကောင်း၊ ထောပတ်ပဲ (အသေး) မှာ ငွေကျပ် ၅၈၀၀၀ နှုန်းဖြင့် လည်းကောင်း တရုတ်ဝယ်လက်များက ဈေးပေးဝယ်ယူလျက်ရှိသည်။

"ထောပတ်ပဲက ပြည်တွင်းမှာ စားသုံးသလို ပြည်ပပို့ကုန်အဖြစ်လည်း အထွက်နှုန်းရဲ့ ၈၀ ရာခိုင်နှုန်းကို တင်ပို့ရောင်းချနေရတယ်။ ထောပတ်ပဲ(အကြီး)ကို ဂျပန်နိုင်ငံက နှစ်စဉ်ဝယ်ယူလေ့ရှိပြီး တရုတ်နိုင်ငံကတော့ အကြီးရော အသေးရော ပုံမှန်ဝယ်ယူနေကြတယ်။ လက်ရှိဈေးကွက်မှာလည်း တရုတ်ဝယ်လက်တွေနဲ့ ရန်ကုန်ဝယ်လက်တွေ အပြိုင်ဝယ်ယူနေကြတယ် " ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

ယခုကာလ၌ လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာ COVID-19 ရောဂါကြောင့် ပဲဈေးနှုန်းများကျဆင်းကာ အရောင်းအဝယ်များ အေးစက်နေသော်လည်း ထောပတ်ပဲမှာမူ တရုတ်ငွေကြေး အနည်းငယ်မြင့်တက်လာမှုကြောင့် လက်ရှိအချိန်တွင် ဝယ်လိုအား ပိုမိုကောင်းမွန်ကာ ဈေးနှုန်းမှာလည်း ထင်သလောက် ကျဆင်းမှုမရှိကြောင်း ၎င်းက ပြောသည်။

ထောပတ်ပဲကို မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ စိုက်ပျိုးကြပြီး နိုင်ငံတော်မှ ပြည်ပပို့ကုန်အဖြစ် အထွက်နှုန်းတိုးစေရန် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နွားထိုးကြီးနှင့် မလှိုင်မြို့နယ်များ၌ စံပြစိုက်ခင်းများဖြင့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



## ပြည်တွင်းထုတ်ကုန်စည်များ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှု ဗဟိုဌာနမှတစ်ဆင့် ဈေးကွက်ချိတ်ဆက်နိုင်ပြီ

**ရန်ကုန် မတ် ၁၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ ပြည်တွင်းထုတ်ကုန်စည်များကို ပြည်တွင်း ပြည်ပဈေးကွက်များသို့ ချိတ်ဆက်နိုင်ရန် အခမဲ့အရောင်းပြခန်းများပါဝင်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန (MITC)ကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်တွင် မတ် ၁၄ ရက်မှစ၍ ဖွင့်လှစ်ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနရှိ ဆိုင်ခန်း၊ ပြခန်းများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူ လုပ်ငန်းရှင်များက 1st Myanmar Startup Show အနေဖြင့် ဒေသထွက်ကုန်များကို ပြသရောင်းချခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် အမြဲတမ်းအတွင်းဝန်တို့ လာရောက်ကြည့်ရှုအားပေးခဲ့ပြီး ရောဝတီဘဏ်မှ အရင်းအနှီး ဘဏ်ချေးငွေဆိုင်ရာများကို လာရောက်မိတ်ဆက်ပေးသည်။

ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ တရုတ်နိုင်ငံ ပေကျင်းမြို့နှင့် နန်နင်းမြို့၊ ဂျပန်၊ ဘယ်လ်ဂျီယံ(EU)၊ အမေရိကန်ရှိ မြို့တော်များနှင့် ဟောင်ကောင်တို့တွင် မြန်မာနိုင်ငံမှ စီးပွားရေးသံမှူး ၁၀ဦးကိုခန့်အပ်ထားပြီးဈေးကွက်သတင်းအချက်အလက်များ ရယူချိတ်ဆက်လျက်ရှိသည့်အပြင် စီးပွားရေးသံမှူးငါးဦးကို ဂျာမနီ၊ တောင်အာဖရိက၊ ဩစတြေးလျ၊ ဘရာဇီး၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ ကူမင်းမြို့ကို ထပ်မံစေလွှတ်ရန်ရှိကြောင်း သိရသည်။

"ဒီ MITC စင်တာက ကုန်ပစ္စည်းတွေကို ပြသဖို့ အမြဲတမ်းကုန်စည်ပြခန်း လုပ်ပေးထားပါတယ်။ ပြခန်းမှာ ပြထားလို့ရပါတယ်။ လုပ်ငန်းတွေက အဆက်အသွယ်လေးတွေ ပေးထားပါ။ ပြည်တွင်း/ပြည်ပ အဆက်အသွယ်တွေ ဈေးကွက်မြှင့်တင်ရေး အခွင့်အလမ်းတွေ ရရှိနိုင်မှာမို့ လုပ်ငန်းရှင်တွေကို အားပေးခြင်းဖြစ်ပါတယ်။ ကုန်သွယ်မှုမြှင့်တင်တဲ့အနေနဲ့ ကုန်စည်ပြပွဲတွေကိုလည်း ဖိတ်ကြားပြီး စီစဉ်ပေးပါတယ်။ နောက်ဆိုရင် နိုင်ငံတကာနဲ့ပတ်သက်ပြီး အဆက်သွယ်တွေ လုပ်နိုင်တယ်။ ပွဲတွေ လုပ်နိုင်တယ်။ ကုန်စည်ပြခန်းအနေနဲ့လည်း ထွက်ကုန်တွေကိုပြပြီး နိုင်ငံတကာက ခရီးသွားတွေ လာကြည့်လို့ရနိုင်မယ်။ စိတ်ပါဝင်စားတဲ့ သံရုံးကလူတွေလည်း လာကြည့်နိုင်တယ်။ Network တွေ လုပ်နိုင်တဲ့နေရာအဖြစ် ဆောင်ရွက် ဖို့ ရည်ရွယ်ပါတယ်။ စီးပွားရေးသံမှူးတွေကို ပြည်ပနိုင်ငံတွေမှာရှိတဲ့ မြန်မာသံရုံးတွေနဲ့ ချိတ်ဆက်ပေးထားပါတယ်။ ပို့ကုန်/သွင်းကုန်ဆောင်ရွက်ရာမှာ အခက်အခဲတွေကို အတတ်နိုင်ဆုံး ကူညီပေးပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ Ease of Doing Business အညွှန်းကိန်း ၁၀ ခုနဲ့အညီ ညှိနှိုင်းဆောင်ရွက်ပေးနေပါတယ်။ အကြံဉာဏ်တွေကိုလည်း လက်ခံရယူ ဆောင်ရွက်ပေးနေပါတယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါက ပြောသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၁၆ ခုနှစ်တွင် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ကို လွတ်လပ်စွာ ကုန်သွယ်မှု ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဦးစီးဌာနမှ တိုးမြှင့်ဖွဲ့စည်းခဲ့သည်။ ထို့ပြင် ပြည်ပပို့ကုန်မဟာဗျူဟာကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိရာ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန(MITC) ကို ဖွင့်လှစ်နိုင်ခဲ့ပြီး World Trade Center/World Trade Organization များအထိ တဖြည်းဖြည်း ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၅

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# ငွေရတု၊ ရွှေရတု၊ စိန်ရတုမှသည် ရာပြည့်ပေါင်းများစွာတိုင် . . .

မြင့်မောင်စိုး

**မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလအတွင်း ပေါ်ပေါက်ခဲ့သော မြန်မာ့ရုပ်ရှင်သမိုင်းသည် ၂၀၂၀ ပြည့်နှစ်ဆိုလျှင် နှစ်တစ်ရာပြည့်မြောက်တော့မည်။ ရုပ်ရှင်သည်ပြည်သူကို မျက်စိဖွင့်၊ နားဖွင့်ပေးခဲ့သည်။ ရုပ်ရှင်လောကသားများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ပြည်သူလူထုကို ဗဟုသုတအကြားအမြင်များ ပွားစေခဲ့သည်။ အသိဉာဏ်စဉ်များရှင်သန်စေခဲ့သည်။ အခက်အခဲ အကျပ်အတည်းများကြားမှပင် မြန်မာ့ရုပ်ရှင်သည် ငွေရတုမှသည် ရွှေရတု၊ ရွှေရတုမှသည် စိန်ရတု၊ စိန်ရတုမှသည် ရာပြည့် ၊ ရုပ်ရှင်ပန်းများ လန်းဆန်းစေခဲ့သည်။ ပြည်သူများကြား ရုပ်ရှင်ပန်းများမွှေးပျံ့စေခဲ့သည်။**

မကြာမီကာလအတွင်း မြန်မာ့ရုပ်ရှင်ရာပြည့် အခမ်းအနားများ ဆက်တိုက်ဆက်တိုက် ကျင်းပသွားရန်စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ရုပ်ရှင်သမိုင်းနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်တင်ပြနိုင်ရန် အပြည့်စုံဆုံး၊ အကောင်းဆုံးနေရာမှာ ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိ မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ပင် ဖြစ်သည်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတည်ရှိရာနေရာလည်းဖြစ်ပေသည်။ မြန်မာ့ရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်သမိုင်းပြတိုက်အဖြစ် ပြုပြင်မွမ်းမံတည်ဆောက်လျက်ရှိသည်။ ထိုရုပ်ရှင်သမိုင်းပြတိုက်သည် အဝေးတစ်နေရာမှ လှမ်း၍ကြည့်လိုက်လျှင် ကိုလိုနီခေတ်နေအိမ်အဆောက်အဦတစ်ခုအဖြစ်သာ တွေ့ရမည်ဖြစ်ပါသည်။



မြန်မာ့ရုပ်ရှင်ကို စတင်တည်ထောင် အစပျိုးခဲ့သူ ရုပ်ရှင်ဖခင်ကြီးများဟုဆိုရမည့် မင်းသားကြီး ဦးညီပု၊ လန်ဒန်အတ်ဦးအုန်းမောင်၊ ဓာတ်ပုံဆရာ ဦးမောင်မောင်တို့၏ ကိုယ်တစ်ပိုင်းပုံ ရုပ်တုများကို ရွှေရောင်တဝင်းဝင်းဖြင့် တွေ့ရစဉ်။




အဆောက်အဦ၏ရှေ့မျက်နှာစာ ဘယ်ဘက်ခြမ်းတွင် မြန်မာ့ရုပ်ရှင်ကို စတင်တည်ထောင် အစပျိုးခဲ့သူ ရုပ်ရှင်ဖခင်ကြီးများဟုဆိုရမည့် မင်းသားကြီးဦးညီပု၊ လန်ဒန်အတ်ဦးအုန်းမောင်၊ ဓာတ်ပုံဆရာ ဦးမောင်မောင်တို့၏ ကိုယ်တစ်ပိုင်းပုံရုပ်တုများကို ရွှေရောင်တဝင်းဝင်းဖြင့် တွေ့ရသည်။ ရှေ့မျက်နှာစာတည့်တည့်မှာတော့ မြန်မာ့ရုပ်ရှင်ရွှေစင်အကယ်ဒမီရုပ်တုကြီးကို ကြော့ကြော့မော့မော့ ရင်ကိုကော့လျက်အနေအထားဖြင့် တွေ့ရပြန်သည်။

## မြန်မာ့ရုပ်ရှင်သမိုင်း

မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်သို့ ရောက်ရှိသည်ဆိုလျှင်ပင် ရုပ်ရှင်သမိုင်းပြတိုက်နှင့်ပတ်သက်၍ ရာပြည့်အမီ ပြင်ဆင်နေမှုများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက သိလိုသည်များကို ရှင်းပြသည်။

"ကျွန်တော်တို့ရုပ်ရှင်သမိုင်းပြတိုက်က ရတုအလိုက်ဆိုရင် လေးခုရှိပါတယ်။ ၂၅ နှစ်ကို ရတုတစ်ခုပါ။ ၁၉၂၀ ကနေ ၁၉၄၅ အထိက ငွေရတု၊ ၁၉၄၆ ကနေ ၁၉၇၀ အထိက ရွှေရတု၊ ၁၉၇၀ ကနေ ၁၉၉၅ အထိက စိန်ရတု၊ ၁၉၉၅ ကနေ ၂၀၂၀ အထိက ရာပြည့်ဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက မြန်မာ့ရုပ်ရှင်သမိုင်းကို ရတုအလိုက် ပြင်ဆင်ထားမှုကို ပြောပြခဲ့ခြင်းဖြစ်သည်။ ငွေရတုပြခန်းအဝင်ဝတွင်တွေ့ရသည်မှာ ဂျပန့်ရင်သွေးဇာတ်ကားဆိုင်းဘုတ်ပင်ဖြစ်သည်။ ထိုရုပ်ရှင်ကားကို ၁၉၃၄ ခုနှစ်တွင် မင်းသား ဦးညီပုက ဂျပန်မင်းသမီးနှင့် တွဲဖက်ကာ ရိုက်ကူးပြသခဲ့သည့် အသံထွက် ရုပ်ရှင်ကားဖြစ်သည်။ မြန်မာ-ဂျပန်ဆက်ဆံရေးသမိုင်းဝင်ရုပ်ရှင်ကားပင်ဖြစ်သည်။ မြန်မာ့ရုပ်ရှင် သမိုင်းပြတိုက်အတွင်း ဝင်ရောက်လိုက်သည်ဆိုလျှင်ပင် ဦးစွာတွေ့ရသော ပြခန်းသည် ငွေရတုပြခန်းဖြစ်သည်။ ထိုငွေရတုပြခန်းအဝင်ဝတွင် ပထမဆုံး မြန်မာ့ရုပ်ရှင် ဇာတ်ကားဖြစ်သည့် "မေတ္တာနှင့်သူရာ"ဇာတ်ကား ဆိုင်းဘုတ်ကြီးကို ခမ်းနားထည်ဝါစွာ တွေ့ရသည်။ ဆိုင်းဘုတ်ဘယ်ဘက်ခြမ်းတွင် လန်ဒန်အတ်ဦးအုန်းမောင်၊ ဒါရိုက်တာဦးတုတ်ကြီး၊ ဓာတ်ပုံဆရာ ဦးမောင်မောင်၊ ဇာတ်ညွှန်းရေးဆရာ ပီမိုးနင်းတို့ကို ရုပ်ပုံများနှင့်တကွ ရေးဆွဲထားသော ပိုစတာကားချပ်ကို တွေ့ရသည်။




## ပထမဆုံးရုပ်ရှင်ကား

အလားတူ ဆိုင်းဘုတ်၏ ညာဘက်ထိပ်တွင် မင်းသား ဦးညီပု၊ သရုပ်ဆောင်ဦးပါကြီး၊ မင်းသမီး မအေးကြည် (ခေါ်) မရီ၊ လူကြမ်းမောင်မောင်ချစ်တို့ကိုလည်း ရုပ်ပုံများနှင့်တကွဖော်ပြထားသည်။ ဤသည်ကား မြန်မာ့ပထမဆုံး ရုပ်ရှင်ကားကြီးပေါ်ထွက်လာရေးအတွက် ကြိုးပမ်းအားထုတ်ကြသူများပင်ဖြစ်၏။

ထို မေတ္တာနှင့်သူရာ ဇာတ်ကားကြီးကို ယခု ဗိုလ်ချုပ်အောင်ဆန်းဈေးနေရာတွင်ရှိခဲ့သော "စီနီမာဒီပဲရစ်" အမည်ရှိ ရုပ်ရှင်ရုံတွင် ၁၉၂၀ ပြည့်နှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင်ပြသခဲ့ရာ ရုံပြည့်ရုံလျှံ အားပေးကြည့်ရှုခဲ့ကြကြောင်း၊ အချို့ထိုင်ခုံနေရာမရသဖြင့် အရန်ခုံများထိုးကာ ကြည့်ရှုခဲ့ရကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ ရုပ်ရှင်ဇာတ်ညွှန်းရေးဆရာ ဆရာကြီးပီမိုးနင်းသည် လူငယ်မြှင့်တင်ရေး၊ လူငယ်ပညာပေး ဇိသုကာကြီးပီပီ အရက်ကြောင့် လူငယ်များပျက်စီးရပုံ၊ ဒုက္ခရောက်ရပုံတို့ကို ဤ မေတ္တာနှင့်သူရာမည်သော ဝတ္ထုဇာတ်ညွှန်းကို ပုံဖော်ရိုက်ကူးပြသလိုက်ခြင်းပင် ဖြစ်သည်။

ဤဇာတ်ကားရိုက်ကူး ပြသနိုင်ခဲ့ခြင်းကြောင့် ဓာတ်ပုံဆရာ လန်ဒန်အတ်ဦးအုန်းမောင်ကို ပြည်မြို့ ဂျီစီဘီအေအသင်းက ရွှေတံဆိပ်နှင့်ဂုဏ်ပြုသကဲ့သို့ ရန်ကုန်မြို့ရှိ သုစရိတယုဝခေါ် အရက်ရှောင်ကြဉ်ရေးအသင်းကလည်း ဦးအုန်းမောင်ကို ရွှေတံဆိပ်နှင့်ဂုဏ်ပြုခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

ဤရွှေ ဤမျှ လူကြိုက်များခဲ့သော မေတ္တာနှင့်သူရာဇာတ်ကားသည် မြန်မာ့ရုပ်ရှင်သမိုင်းတွင် ပထမဆုံးသောဇာတ်ကားအဖြစ်မှတ်တမ်းတင်ခဲ့ကြသည်။

ထိုငွေရတုပြခန်း၏ အတွင်းထဲသို့ဝင်ရောက်လိုက်သည်ဆိုလျှင်ပင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ငွေရတုသဘင်အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားနေသော ပန်းချီကားချပ်ကြီးကို ခမ်းနားထည်ဝါစွာ တွေ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဒီးဒုတ်ဦးဘချို၊ ရုပ်ရှင်ဖခင်ကြီး ဦးအုန်းမောင်၊ ဇာတ်မင်းသား ကြီး ဦးဖိုးစိန်နှင့် ဗိုလ်ချုပ်၏ အပါးတော်မြဲ ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း)တို့ မြန်မာ့ရုပ်ရှင်ငွေရတုအခမ်းအနားသို့ တက်ရောက်လာပုံကို ပန်းချီဆရာမောင်မောင်သိုက်နှင့်အဖွဲ့က အမိအရမှတ်တမ်းတင်လိုက်ခြင်းပင်ဖြစ်၏။

## ဗိုလ်ချုပ်နှင့်ငွေရတု

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်တက်ရောက်ခဲ့သော မြန်မာ့ရုပ်ရှင်လုပ်ငန်းသက်တမ်း ၂၅ နှစ်ပြည့် ငွေရတုသဘင်အခမ်းအနားကြီးကို ရန်ကုန်မြို့ ရွှေတိဂုံဘုရား အနောက်မုခ်ကွင်း၌ ၁၉၄၇ခုနှစ် မတ်လ ၁ ရက်နေ့မှ ၁၀ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း၊ မတ်လ ၁ ရက်နေ့ ဖွင့်ပွဲ အခမ်းအနားသို့ ဗိုလ်ချုပ်အောင်ဆန်းနှင့်ဘုရင်ခံ ဆာဟူးဘတ်ရန့်တို့ တက်ရောက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ရုပ်ရှင်ငွေရတုပွဲနှင့်အတူ စက်မှုလက်မှုပြပွဲကိုပါ ပူးတွဲပြသသည့်ပွဲလည်းဖြစ်ကြောင်း၊ ရုပ်ရှင်ပြဇာတ်အစည်းအရုံးတို့က ကြီးမှူး၍ ပြဇာတ်နှင့် ဇာတ်သဘင်ဖျော်ဖြေပွဲ များဖြင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည့် သမိုင်းဝင် ပြပွဲကြီးပင်ဖြစ်ကြောင်း ဦးမြဟန်ရေးသားသော ကိုလိုနီခေတ်မြန်မာ့သမိုင်း အဘိဓာန်၌ ဖော်ပြထားလေသည်။ 

***စာမျက်နှာ ၇ သို့***







ငွေရတုခေတ်ဒါရိုက်တာများ

*စာမျက်နှာ ၆ မှ*

မြန်မာ့ရုပ်ရှင်လောက၌ ပထမဆုံးပြသသည့် ဇာတ်ကားမှာ ၁၉၂၀ ပြည့်နှစ်တွင် စတင်ပြသသော မေတ္တာနှင့်သူရာဇာတ်ကားဖြစ်သည်။ ထို့ကြောင့် မြန်မာ့ရုပ်ရှင်သက်တမ်း ၂၅ နှစ်ပြည့်သည့်နှစ်မှာ ၁၉၄၅ ခုနှစ်ဖြစ်သည်။ ၁၉၄၅ ခုနှစ်တွင် စစ်အတွင်းကာလဖြစ်၍ မြန်မာ့ရုပ်ရှင် ငွေရတုပွဲကို ထိုနှစ်တွင် မကျင်းပဘဲ စစ်ပြီးစ ၁၉၄၇ ခုနှစ်ရောက်မှ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်အတွင်း ပြသထားသော ငွေရတုခေတ်ပြခန်းသည် စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများစွာရှိနေသည်က အမှန်ပင်။

ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်ခဲ့သော ထိုငွေရတုသဘင်အခမ်းအနား ပန်းချီကားကြီးအောက်ဘက်တွင် ရွှေရောင်တောက်နေသောကိုယ်တစ်ပိုင်းပုံရုပ်တု သုံးခု စီတန်းလျက်တွေ့ရသည်။ ထိုရုပ်တုသုံးရုပ်မှာ အလယ်ကောင်တည့်တည့်က အရုပ်မှာ ပထမဆုံးသော ရုပ်ရှင်မင်းသားကြီး ဦးညီပုပင်ဖြစ်သည်။ ညာဘက်တွင် ခတ်ပုံဆရာ ဦးမောင်မောင်ဖြစ်ပြီး ဘယ်ဘက်တွင်မူ လန်ဒန်အတ် ဦးအုန်းမောင်ဖြစ်သည်။ သူတို့ သုံးဦးသည် မြန်မာ့ရုပ်ရှင်လောကကို စတင်တည်ထောင်သူ များအဖြစ် ရုပ်ရှင်လောကသားများက မှတ်တမ်းတင်ခဲ့ကြလေသည်။ တစ်နည်းအားဖြင့် မြန်မာ့ရုပ်ရှင်၏ ဖခင်ကြီးများဟုပင် ဆိုကြသည်။

ထိုငွေရတုပြခန်း၏ ညာဘက်ခြမ်း၌ ငွေရတုကာလ ထင်ရှားကျော်ကြားခဲ့သော ဒါရိုက်တာကြီးများ၏ပုံများကို Light Box အတွင်းထည့်ကာ ၎င်းတို့ရိုက်ကူးခဲ့သော ရုပ်ရှင်ကားအမည်များနှင့်တကွ ပြသထားသည်။ ထိုဒါရိုက်တာတို့သည်ကား ရွှေစက်တော်၊ ရွှေမေတ္တာ၊ ရွှေပင်နားရွှေကျေးဇာတ်ကားများ ရိုက်ကူးခဲ့သော ဦးဘတင်၊ ရွှေဘုန်းတော်၊ ဘုန်းတော်ရှင်၊ မြဂနိုင် ဇာတ်ကားများ ရိုက်ကူးခဲ့သော ဒါရိုက်တာ ဦးချန်ထွန်း၊ ကြင်သက်ဝေ၊ မြ မျက်ခြယ်၊ စိန်းရောင်ရှင်ဇာတ်ကားများ ရိုက်ကူးခဲ့သော ဒါရိုက်တာရွှေညာမောင်၊ ဗိုလ်အောင်ဒင် ဇာတ်ကားရိုက်ကူးသူ ရွှေဒုံးဘီအောင်၊ တစ်ခိုင်လုံးရွှေ၊ တစ်ခိုင်လုံးစိန်၊ ရွှေပေး လို့မရ ဇာတ်ကားများရိုက်ကူးသူ ဘုံဘေပြန် ဦးတုတ်ကြီး၊ ဂျပန့်ရင်သွေးရိုက်ကူးသူ ဒါရိုက်တာ ဦးညီပု၊ ရတနာပုံနှင့် မောင့်ဒေဝီ ဇာတ်ကားရိုက်ကူးသူ လန်ဒန်အတ် ဦးအုန်းမောင်တို့၏ ပုံများပါဝင်သည်။

မြန်မာ့ရုပ်ရှင်ငွေရတုကာလတွင် ဇာတ်ညွှန်းများစွာ ရေးသားခဲ့သော စာရေးဆရာကြီး ပီမိုးနင်းသည်လည်း ဒါရိုက်တာတစ်ဦးပင်ဖြစ်သည်။ ဆရာကြီးသည်လည်း ဦးကလိန်နှင့် ချစ်တဲ့သူရယ် အမည်ရဇာတ်ကားများကို ကိုယ်တိုင်ရိုက်ကူးခဲ့သေးသည်။ ထိုခေတ်ထိုအခါက BIA တွင် အမှုထမ်းခဲ့သူ ဒါရိုက်တာဦးဘရှင်သည် သေနတ်ပစ်အလွန်ကောင်းသူအဖြစ် ထင်ရှားသည်။ သူသည် မက်ဆိုပိုတေးမီးယားစစ်ပွဲတွင် မြန်မာစစ်သားများပါဝင်ဆင်နွှဲခဲ့ ရုပ်ပုံများကို ၁၉၃၀ ပြည့်နှစ်တွင် ဗြိတိသျှဘားမားရုပ်ရှင်မှ ချစ်ရန့်ကြိုင်နှင့် ချစ်နံ့မပြယ် ဇာတ်ကားများ၌ ရိုက်ကူးပြသခဲ့သည်။ ထိုဇာတ်ကားများသည် မြန်မာနိုင်ငံ၏ ပထမဆုံး ရုပ်ရှင်စစ်ကားများအဖြစ် လူသိများခဲ့သည်။

**စတန့်မင်းသား**

ဤငွေရတုကာလ ငွေရတုပြခန်း၌ အထူးပြသထားသောပြကွက်မှာ စတန့်မင်းသားများ ပြကွက်ပင်ဖြစ်သည်။ ထိုပြကွင်းပြကွက်ကိုလည်း Light Box နှင့်ပင် တသီးတခြားပြသထားသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ထိုပြကွက်သည် မြန်မာ့ရုပ်ရှင်ခေတ်ဦး ငွေရတုကာလက စတန့်မင်းသားကောင်းများ ပေါ်ထွက်ခဲ့သည်ကို အထင်အရှားပြသလိုက်ခြင်းပင်ဖြစ်သည်။

စတန့်မင်းသားများအနက် ချစ်ရွှေကြီးခေါ် ချစ်ဆွေကြီးမှာအထင်ရှားဆုံး၊ လူကြိုက်အများဆုံး မင်းသားတစ်လက်ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဟူမူ ထိုပြခန်း၌ နီလာရောင်ဇာတ်ကားတွင် ချစ်ဆွေကြီးက လူစားမထိုးဘဲ မိကျောင်းအစစ်ဖြင့် သတ်ပုတ်ခန်းကို ထူးထူးခြားခြားပြသထားသည်။ ဒါရိုက်တာ မောင်တင်မောင်က စတန့်မင်းသား ချစ်ဆွေကြီးအား နီလာရောင်ဇာတ်ကား၌ ရေဘုရင်မိကျောင်းနှင့် သတ်ပုတ်နိုင်ရန် ပြင်ခရိုင်မှ မိကျောင်းငါးကောင်ဝယ်ယူပြီးနောက် သင့်တော်ရာ တစ်ကောင်နှင့် သတ်ပုတ်စေခဲ့ကြောင်း၊ မိကျောင်းကြီးကို အနိုင်သတ်ပုတ်ပြီး အသင့်ယူဆောင်လာသော ဓားမြှောင်ဖြင့် ဆင့်ကာဆင့်ကာ ထိုးသတ်ခဲ့ကြောင်း၊ ရုပ်ရှင်ရိုက်ကူးနေသူ ဒါရိုက်တာနှင့်တကွ ဝိုင်းကြည့်နေသူအပေါင်းတို့သည် ရင်တထိတ်ထိတ်နှင့် သက်ပြင်းချခဲ့ရကြောင်း ဦးပြည့်စုံရေးသားသော လွတ်လပ်ရေးတိုက်ပွဲဝင် မြန်မာ့ရုပ်ရှင်ပညာသည်များ စာအုပ်၌ ဖော်ပြထားသည်ကို တွေ့ရသည်။



ငွေရတုခေတ်မင်းသမီးများ



ငွေရတုခေတ်မင်းသားများ

ထို့ပြင် မြဂနိုင်ဇာတ်ကားတွင် ချစ်ဆွေကြီးနှင့် မြွေသူသေကိုယ်သေသတ်ပုတ်ခန်း၊ အိမ်ခေါင်မိုးပေါ်မှ ကျွမ်းပစ်ချခန်းတို့ကိုလည်းပြသထားရာ အလွန်ပင် ချီးကျူးလေးစားစရာကောင်းသည်။ ချစ်ရွှေကြီး၊ မြင့်မြင့်ခင်တို့ အဓိကပါဝင် သရုပ်ဆောင်ထားသော မြဂနိုင်ရုပ်ရှင်ကားသည်ယူနက်စကို၏ အာရှပစိဖိတ်ဒေသဆိုင်ရာကမ္ဘာ့အောက်မေ့ဖွယ်အရုပ်အသံအမွေအနှစ်အဖြစ်သတ်မှတ်ခြင်းခံရသောဇာတ်ကားလည်းဖြစ်သည်။ စတန့်မင်းသားများအနက် ချစ်ဆွေကြီးအပြင် စွမ်းသတ္တိဇာတ်ကားမှ စတန့်မင်းသားကျော်ညွန့် တံတားပေါ်မှ ဒိုင်ဗင်ထိုးချခန်း၊ မြိုင်ယံဘွားဇာတ်ကားမှ အေဝမ်းညွန့်မောင်တို့၏ တောတွင်းစွန့်စားခန်းများကိုလည်း ပြသထားသည်။

**ပထမဆုံးသောစတန့်မင်းသား**

သို့သော် ပထမဆုံးသောစတန့်မင်းသားမှာ ဦးစိန် (ခေါ်) ဦးပဂျိုင် ဖြစ်သည်။ သူသည် ၁၉၂၃ ခုနှစ်က ဒါရိုက်တာ ဦးဘသန်းရိုက်သည့် နဖူးစာရွာလည် ဇာတ်ကားတွင် စတန့်ဟီးရိုးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ထိုဇာတ်ကားတွင် သူ့အစ်ကိုမောင်ရှိန် (ကာယဗလဦးရှိန်) က လူကြမ်းအဖြစ်ပါဝင်ပြီး မော်တော်ကားအဖြတ်အကြိတ်ခံရသောအခန်း၊ ထိုးသတ်ခန်းများအပြင်တိုက်ပေါ်မှ သစ်ပင်ပေါ်သို့ ခုန်ကူးခန်းကဲ့သို့ စတန့်ခန်းများပါဝင်လေသည်။


စတန့်မင်းသားခေတ်တွင် စတန့်မင်းသား တင်ဖေနှင့် စတန့်မင်းသားတင်ငွေတို့သည်လည်း နာမည်ကြီးကြသည်။ သူတို့နှစ်ဦးစလုံးသည် ဒုတိယကမ္ဘာစစ်ကြီး မြန်မာနိုင်ငံအတွင်း ကူးစက်လောင်ကျွမ်းချိန် ဗမာ့လွတ်လပ်ရေးတပ်မတော် BIA သို့ဝင်ရောက်ကာ အမှုထမ်းခဲ့ဖူးကြောင်း သိရသည်။ အထက်တွင်ဖော်ပြခဲ့သော စတန့်မင်းသားချစ်ဆွေကြီးသည်လည်း BIA တပ်တွင် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်ကြောင်း သိရသည်။ ဤစတန့်မင်းသားပြခန်းပြကွက်သည် မြန်မာ့ရုပ်ရှင်ခေတ်ဦးတွင် မြန်မာဒါရိုက်တာကြီးများက ယခုခေတ်သည်းထိတ်ရင်ဖိုဇာတ်ကားများကဲ့သို့ ခေတ်ရှေ့ပြေးပြီး ရိုက်ကူးပြသနိုင်ခဲ့ကြောင်းကို မှတ်ကျောက် တင်လိုက်ခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာ့ရုပ်ရှင်ပညာရှင်များ၏အစွမ်းကို ပြသလိုက်ခြင်းလည်းဖြစ်သည်။ လူအများ စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများကို ရုပ်ရှင်ပညာ၊ မြန်မာလူမျိုးတို့ ပင်ကိုအစွမ်းသတ္တိတို့နှင့်ပေါင်းစပ်ကာ မြန်မာ့ရုပ်ရှင်ခေတ်များကို အဆင့်ဆင့်တိုးတက်ပြောင်းလဲစေခဲ့သည်။

ထိုပြခန်းပြကွက်၌ မြန်မာ့ရုပ်ရှင်ခေတ်ဦးက ဒါရိုက်တာနှင့် သရုပ်ဆောင်များ၏ ဝတ်စားဆင်ယင်မှုကိုလည်း တွေ့နိုင်သည်။ မင်းသားကြီးဦးညီပု၊ ဒါရိုက်တာ ဦးဘရှင်တို့ကို ခေါင်းပေါင်းစတလူလူနှင့် တွေ့ရသည်။ အမည်နာမအားဖြင့်လည်း ဘရှင်၊ ဘဇင်၊ ဘသင်၊ ဘကလေး စသည်ဖြင့် မြန်မာနာမည်များတွင် “ဘ”တစ်ခေတ်ထခဲ့သည်။

သရုပ်ဆောင်မင်းသားများတွင်လည်း ခင်မောင်ရင်၊ ခင်မောင်ထွန်း၊ မောင်တင်မောင်၊ အေဝမ်း ညွန့်မောင်၊ မောင်မောင်ခင်၊ ပြည်လှဖေ၊ အေးကို၊ အေးကြူ၊ ကျော်ညွန့်၊ ကျော်အေး စသည့် ရိုးစင်းသောနာမည်များကိုတွေ့ရသည်။ သရုပ်ဆောင်မင်းသားများ၏ ဝတ်စားဆင်ယင်ပုံမှာလည်း ရိုးရှင်းလှသည်။ ဆံပင်ကို ဆီအပြည့်လိမ်းထားပြီး ကြော့နေအောင်ဖီးထားသည်။ စတစ်ကော်လံအင်္ကျီနှင့် တိုက်ပုံကိုအမြဲလိုလို ဝတ်ဆင်ကြသည်။ အမျိုးသမီးသရုပ်ဆောင်များ၏ နာမည်များမှာလည်း မေရှင်၊ မေမြင့်၊မေနွဲ့၊ မေသန်း၊မေနု၊ မေချစ် စသည်ဖြင့် မြန်မာအမျိုးသမီးနာမည်များတွင် “မေ” တစ်ခေတ်ဆန်းခဲ့သည်။ ထို့အတူ ခင်မြရင်၊ ခင်မေရီ၊ ခင်မေကြည်၊ ခင်ခင်ရီ၊ ခင်နှင်းရီ စသည်ဖြင့် “ခင်” တစ်ခေတ်ဖြစ်ခဲ့သည်။

ဤသို့ဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းသည် ရုပ်ရှင်လောကတစ်ခုတည်းနှင့်သာ သက်ဆိုင်ခြင်း မဟုတ်ဘဲ မြန်မာတစ်မျိုးသားလုံး၏ လူနေမှုစရိုက်ဟန်ပန်အမူအရာများကိုပါ ထင်ဟပ်ဖော်ပြနေပါသည်။ မြန်မာလူမျိုးများ၏ ရိုးသားမှု၊ကြိုးစားမှု၊ လုံ့လဝီရိယရှိမှုတို့ကို မြန်မာ့ရုပ်ရှင်သမိုင်းမှတ်တမ်းများက အထင်အရှား ဖော်ပြနေခြင်းလည်းဖြစ်ပါသည်။ ထိုခေတ်ထိုအခါက မျိုးချစ်စိတ်ပြင်းထန်သော ရုပ်ရှင်ဒါရိုက်တာကြီးများ၊ သရုပ်ဆောင် မင်းသားမင်းသမီးများသည် စစ်ကြိုခေတ်၊ စစ်အတွင်းကာလနှင့် စစ်ပြီးခေတ် မြန်မာနိုင်ငံ၏အခြေအနေများကို ရုပ်ရှင်ဇာတ်ကားများအဖြစ် ဖန်တီးထုတ်လုပ်ပြီး ပိတ်ကားများပေါ် အရောက်ပို့ပေးနိုင်ခဲ့ခြင်းမှာ ရုပ်ရှင်ခေတ်ဦး၏ ထူးခြားသော သမိုင်းမော်ကွန်းပင်ဖြစ်ရာ ငွေရတု၊ ရွှေရတု၊ စိန်ရတုမှသည် ရာပြည့်ပေါင်းများစွာတိုင် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သော ရုပ်ရှင်များ ဆက်လက်ထွက်ပေါ်နိုင်ပါစေကြောင်း။ ။



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး COVID-19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ကုသရေးလုပ်ငန်းများအတွက် လှူဒါန်းပွဲတက်ရောက်

**နေပြည်တော် မတ် ၁၅**

COVID-19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဆေးရုံသုံး စက်ပစ္စည်းများ၊ အလှူငွေများနှင့် ကျန်းမာရေး အသိပညာ ပေးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး နှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ သတင်းစဉ်

### လှူဒါန်းနိုင်ရန် ထပ်မံနှိုးဆော်သွားမည်

အခမ်းအနားတွင် အလှူရှင်များကိုယ်စား အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ကျန်းမာရေးကွန်ရက် နိုင်ငံတကာ ဆက်ဆံရေးဌာန အတွင်းရေးမှူး ဦးစောဝင်း၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးဇော်မိုးခိုင်နှင့် မြန်မာ့သြဘာလုပ်ငန်းစု အမှုဆောင်အရာရှိချုပ် ဦးသတိုး ဟိန်းတို့က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ မိမိတို့မြန်မာ နိုင်ငံသားများအနေဖြင့် နိုင်ငံနှင့် ပြည်သူများအကျိုး အတွက် အမျိုးသားရေးတာဝန်အဖြစ် တစ်တပ်တစ်အား ပါဝင်လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း နိုင်ငံ နှင့် ပြည်သူအကျိုးအတွက် တတ်နိုင်သည့်အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ပြီး အခြားသူများမှလည်း လိုအပ်သည့်နေရာ များတွင် လှူဒါန်းနိုင်ရန် ထပ်မံနှိုးဆော်သွားမည်ဖြစ်ပါ ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကား ပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က COVID-19 ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ယနေ့ လှူဒါန်းပစ္စည်း၊ အလှူငွေများအား အလေအလွင့်မရှိ အသုံး ပြုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### များစွာအထောက်အကူဖြစ်

ဆက်လက်၍ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က ကျေးဇူးတင်စကားပြောကြားရာတွင် ယခုကဲ့သို့ အမှန် တကယ်လိုအပ်နေချိန်တွင် အမှန်တကယ်လိုအပ်သည် များကို ယခုကဲ့သို့လှူဒါန်းခြင်းအတွက် ကျေးဇူးတင်ရှိပါ ကြောင်း၊ ယခုကဲ့သို့လှူဒါန်းသည့် စက်ပစ္စည်းကိရိယာ များသည် လူနာများစွာအတွက် အကြိမ်ကြိမ် အသုံးပြု သွားနိုင်မည်ဖြစ်ကာ လူ့အသက်ပေါင်းများစွာကို ကယ်တင် ကုသမှုပေးနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်ကူးစက်နိုင်ချေရှိသည့် COVID-19 ရောဂါ လူနာ များအပါအဝင် ကူးစက်ရောဂါ လူနာအမျိုးမျိုးကို ကိုင်တွယ် ကုသမှုပေးနေရသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ရောဂါကာကွယ်ရေးသုံးပစ္စည်းကိရိယာများ လှူဒါန်းခြင်း သည် ကျန်းမာရေးဝန်ထမ်းများအတွက် များစွာအထောက် အကူပြုပါကြောင်း၊ ဆရာဝန်၊ သူနာပြုနှင့် ကုသမှုအထောက် အကူပြု ပညာရှင်များအနေဖြင့် စက်ပစ္စည်းကိရိယာ စုံလင်စွာဖြင့် ကုသမှုပေးနိုင်ခြင်းဖြင့် လူနာများအား ပိုမို အရည်အသွေးပြည့်ဝစွာ ကုသမှုပေးအပ်နိုင်မည်ဖြစ်ပါ ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ လူနာများတွေ့ရှိပါက ကုသမှုပေး ရန် ဆေးရုံပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက် လျက်ရှိရာ ယခုကဲ့သို့ ပြည်သူများ၏ ပူးပေါင်းပါဝင် လှူဒါန်းမှုများသည် များစွာအထောက်အကူဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ပြည်သူများအားလုံး၏ကိုယ်စား အလှူရှင် များကို ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် မည်သည့်လှူဒါန်းမှု ပမာဏနည်းများကိုမဆို၊ မည်သည့် နေရာမှမဆို အလွယ်တကူ ထည့်ဝင်လှူဒါန်းနိုင်ရန် အတွက် အလှူငွေလက်ခံရန် ဘဏ်စာရင်းနံပါတ် (bank account) တစ်ခုထားရှိရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

### ဂုဏ်ပြုလွှာများပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကျန်းမာရေးကွန်ရက် နိုင်ငံတကာဆက်ဆံရေးဌာန အတွင်းရေးမှူး ဦးစောဝင်း တို့က လှူဒါန်းမှုကို လက်ခံကြပြီး အလှူရှင်များထံ ဂုဏ်ပြု လွှာများ ပေးအပ်ကြသည်။

အဆိုပါလှူဒါန်းပွဲ၌ အလှူရှင် ၅၆ ဦးထံမှ ကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာနသို့ အလှူငွေစုစုပေါင်း ငွေကျပ် သိန်း ၁၉၇၀ ကျော်နှင့် စုစုပေါင်း ငွေကျပ် သိန်း ၃၉၈၀ ကျော်တန်ဖိုးရှိ အနီအောက်ရောင်ခြည်သုံး ကိုယ်အပူ ချိန်တိုင်းကိရိယာ နှစ်စုံ၊ အသက်ရှူအကူစက် ငါးစုံ၊ Digital X-rays တစ်လုံး၊ Bron-choscope တစ်စုံ၊ ဆေးနှင့် ဆေးပစ္စည်းများနှင့် အားဖြည့်ဆန်များ လက်ခံရရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးရှိ ဆေးရုံများနှင့် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် သိန်း ၁၇၀ နှင့် ငွေကျပ်သိန်း ၁၈၈၀ ကျော်တန်ဖိုးရှိ အသက်ရှူအကူစက် ၁၀ စုံ၊ လူနာ စောင့်ကြည့်စက် ငါးလုံး၊ ပညာပေးစာစောင် စုစုပေါင်း အရွက်ရေ ၉၀၀၀၀၊ လက်ကိုင်အသံချဲ့စက် ၃၅ လုံး၊ RRT Jacket အထည် ၅၀၊ ခွဲစိတ်ခန်းသုံးမျက်နှာဖုံး အခုရေ ၁၀၀၀၀ နှင့် ဆေးနှင့် ဆေးပစ္စည်းများ လက်ခံရရှိသည်။

ယနေ့လှူဒါန်းပွဲတွင် အလှူရှင်များက ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး ရှိ ဆေးရုံများနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း များတွင် အသုံးပြုနိုင်ရန် လှူဒါန်းသော အလှူပစ္စည်းနှင့် ငွေသား စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၈၀၂၀၆၉၀၀၀ ဖြစ်သည်။

သတင်းစဉ်

# ကျန်းမာရေးဝန်ထမ်းများအတွက် ကူးစက်ရောဂါကာကွယ်ရေးဝတ်စုံနှင့် ဆက်စပ်ပစ္စည်းများလှူဒါန်း

**ရေတာရှည် မတ် ၁၅**

COVID-19 ကူးစက်ရောဂါ ကာကွယ် ရေးအတွက် PPE နှင့် လက်သန့်စင် ဆေးရည်၊ နှာခေါင်းစည်းများ ပေးအပ် လှူဒါန်းပွဲကို မတ် ၁၅ ရက် မွန်းလွဲ ၂ နာရီက ရေတာရှည်မြို့နယ် မြို့နယ် ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ **(အောက်ပုံ)** မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်က




အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ကျော်ကျော်က ကျန်းမာရေးဝန်ထမ်း များအတွက် လိုအပ်လျက်ရှိသော PPE ဝတ်စုံများနှင့် ဆက်စပ်ပစ္စည်း များ ဝယ်ယူလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား သည်။

ထို့နောက် မြို့နယ်ကုသရေးဦးစီး ဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ နန္ဒာညီဆွေက ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး အလှူရှင်များအား ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့ သည်။

သန်းလွင် (ဆွာ)

# ကျောက်ဖြူမြို့တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ကျောက်ဖြူ မတ် ၁၅**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် ယနေ့ ညနေ ၄ နာရီက ကိုရိုနာဗိုင်းရပ်စ် ရောဂါ (COVID-19) ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ကျောက်ဖြူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမိုးကျော် ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မော်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစည်သူလင်းတို့က ကျောက်ဖြူ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကျောက်ဖြူမြို့ပေါ်ရှိ လူစည်ကားရာနေရာ များတွင် ဖြန့်ဝေခဲ့ကြသည်။

ဆက်လက်၍ ကျောက်ဖြူခရိုင်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ က ပြည်သူများအား ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) ကာကွယ်ရေး နည်းလမ်းများအား အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

အောင်သန်းနိုင် (ပြန်/ဆက်)

## 2019 Novel Coronavirus အဆုတ်ရောင်ရောဂါ ကာကွယ်နိုင်ရန် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုခြင်းဆိုင်ရာ အကြံပြုချက်များ

- ဖျားခြင်း၊ နှာချေ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် အသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါလက္ခဏာရှိသူများသည် ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) ကို အသုံးပြုရပါမည်။
- အထက်ပါရောဂါလက္ခဏာရှိသူကို အနီးကပ် ပြုစုစောင့်ရှောက်နေသူများသည်လည်း ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) ကို အသုံးပြုရပါမည်။
- အထက်ပါရောဂါလက္ခဏာရှိသူကို ပြုစုကုသနေသော ကျန်းမာရေးဂန်ထမ်းများအနေဖြင့်မူ အခြေအနေအပေါ် မူတည်၍ ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) သို့မဟုတ် N95 Mask ကို အသုံးပြုရပါမည်။

**အထက်ပါအခြေအနေများမှလွဲ၍ သာမန်ပြည်သူများအနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုရန် မလိုအပ်ပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အကြံပြုထားပါသည်။**

## ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုရာတွင် လိုက်နာရမည့်အချက်များ

- Surgical Mask ကို အသုံးပြုရာတွင် အရောင်ပိုရင့်သည့် မျက်နှာပြင်ကို အပြင်ဘက်တွင် ထားရှိပါ၊
- ပါးစပ်နှင့်နှာခေါင်း နှစ်ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ၊
- Mask ၏ ဘေးအနားစွန်းများနှင့် မိမိ၏ မျက်နှာကြားတွင် လစ်ဟာမှု (Gap) မရှိစေရပါ၊
- Mask အသုံးပြုနေစဉ် Mask ကို လက်ဖြင့် ထိတွေ့ကိုင်တွယ်ခြင်း မပြုရပါ၊
- Mask ကို ဖယ်ရှားမည်ဆိုပါက Mask အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်ဖယ်ရှားပါ၊
- Mask ကို ဖယ်ရှားပြီးပါက မိမိ၏ လက်ကို စနစ်တကျ ပြန်လည်ဆေးကြောပါ၊
- မိမိအသုံးပြုနေသော Mask သည် စိုစွတ်လာပါက Mask အသစ်တစ်ခုနှင့် လဲလှယ်သုံးပြုပါ၊
- အသုံးပြုပြီးသား Mask များကို ပြန်လည်၍ အသုံးမပြုရပါ၊
- ချည်ထည်၊ ပိတ်စအဝတ်တို့ဖြင့် ပြုလုပ်ထားသည့် Mask များကို အသုံးမပြုရပါ။



Reference : World Health Organization

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
Version 1.0 (3-2-2020)

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၅-၃-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID–19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ် လည်းကောင်း၊ ပြည်သူလူထုအခြေပြုစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် (၁၄-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီမှ (၁၅-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ စောင့်ကြည့်လူနာအသစ် (၈) ဦး ရှိပါသည်။ **(ဇယား – ၁)**

၃။ ၎င်းစောင့်ကြည့်လူနာ (၈) ဦးတို့အနက် လူနာ (၂) ဦး၏ ဓာတ်ခွဲနမူနာအဖြေများနှင့် ယမန်နေ့မှကျန်ရှိသော လူနာ (၄) ဦးအနက် (၃) ဦး၊ စုစုပေါင်း (၅) ဦး၏ ဓာတ်ခွဲအဖြေအား ပူးတွဲပါဇယား (၂) တွင် ဖော်ပြထားမည်ဖြစ်ပါသည်။ ကျန်လူနာ (၇) ဦးတို့၏ ဓာတ်ခွဲနမူနာများအား ဆက်လက်၍ ပေးပို့စစ်ဆေးရန် စီစဉ်ထားရှိကြောင်းနှင့် ဓာတ်ခွဲအဖြေများရရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)တွင် ဓာတ်ခွဲစစ်ဆေးချက်များအရ (၁၅-၃-၂၀၂၀) ရက်နေ့၊ နံနက် (၆:၀၀) နာရီမှ ညနေ (၆:၀၀) နာရီအထိ သက်ဆိုင်ရာဆေးရုံများရှိ စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိသော လူနာများအနက် လူနာ (၅) ဦး၏ ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID–19) ဗိုင်းရပ်စ် ရောဂါပိုးမရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။ **(ဇယား – ၂)**

၅။ (၁၅-၃-၂၀၂၀) ရက်နေ့တွင် ဂျာမနီနိုင်ငံမှ မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည့် အသက် (၃၅) နှစ်အရွယ် အမျိုးသမီး (၁) ဦးနှင့် ပြင်သစ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် အသက် (၅၀) နှစ်အရွယ်နှင့် အသက် (၆၄) နှစ်အရွယ် အမျိုးသား (၂) ဦး၊ စုစုပေါင်း မြန်မာနိုင်ငံသား (၃) ဦးတို့တွင် ဖျားခြင်းနှင့် အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ၊ COVID–19 ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့မှုများ မရှိသော်လည်း ရောဂါဖြစ်ပွားမှု မြင့်မားလျက်ရှိသော နိုင်ငံများသို့ သွားရောက်ခဲ့သည့် ရာဇဝင်ရှိသဖြင့် ၎င်းတို့အား အထူးကုဆေးရုံ (ဝေဘာဂီ) သို့ ညွှန်းပို့ခဲ့ပြီး (၁၄) ရက် ခွဲခြားထားရှိ၍ အသွားအလာကန့်သတ်ခြင်း (Hospital Quarantine) ပြုလုပ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၆။ (၁၅-၃-၂၀၂၀) ရက်နေ့တွင် ဆေးရုံများ၌ ထားရှိ၍ အသွားအလာကန့်သတ်မှု (Hospital Quarantine) ပြုလုပ်ထားသော အထူးကုဆေးရုံ (ဝေဘာဂီ) မှ မြန်မာနိုင်ငံသား (၅) ဦးတို့၏ ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID–19) ဗိုင်းရပ်စ်ရောဂါပိုး မရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။

၇။ ယနေ့ (၁၅-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်အထိ ဓာတ်ခွဲအဖြေ စောင့်ဆိုင်းဆဲ လူနာ (၇) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှု ကုသမှုပေးလျက်ရှိပါသည်။

၈။ (၁၅-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့အပါအဝင် ကမ္ဘာ့နိုင်ငံ (၁၃၆) နိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေး အချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ဇယား – ၁

COVID–19 ရောဂါ စောင့်ကြည့်လူနာ/သံသယလူနာများ တွေ့ရှိမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၁၅-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | ရောဂါလက္ခဏာများ | ရောဂါလက္ခဏာများစတင်ဖြစ်ပွားသည့်ရက် | ခရီးသွားရာဇဝင် | | လူနာအားစတင်တွေ့ရှိသည့်နေရာ | COVID-19 ရောဂါလူနာနှင့်ထိတွေ့မှု ရှိ/မရှိ | ဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ/ ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | သွားရောက်ခဲ့သည့် နိုင်ငံ၊ မြို့ | မြန်မာ နိုင်ငံသို့ ရောက်ရှိသည့်ရက် | | | | |
| ၁။ | ၅၇ | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာ | ဖျားခြင်း၊ ချောင်းဆိုးခြင်း | ၁၃-၃-၂၀၂၀ | မရှိ | - | မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကု ဆေးရုံကြီး | မရှိ | မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေ ရောဂါကု ဆေးရုံကြီး (၁၄-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၂။ | ၂၂ | မ | ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း | ၁၃-၃-၂၀၂၀ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၁၂-၃-၂၀၂၀ | လှည်းကူး မြို့နယ် ဆေးရုံ | မရှိ | လှည်းကူးမြို့နယ် ဆေးရုံ (၁၄-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၃။ | ၄၉ | မ | ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း | ၁၂-၃-၂၀၂၀ | မရှိ | - | သဃ်န်းကျွန်း စံပြအထွေထွေ ရောဂါကုဆေးရုံ ကြီး | မရှိ | သဃ်န်းကျွန်း စံပြအထွေထွေ ရောဂါကုဆေးရုံ ကြီး (၁၄-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၄။ | ၅၆ | ကျား | နေပြည်တော်၊ ပျဉ်းမနားမြို့ | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်း | ၄-၃-၂၀၂၀ | ထိုင်း | ၁၄-၃-၂၀၂၀ | ပျဉ်းမနား ပြည်သူ့ဆေးရုံကြီး | မရှိ | ပျဉ်းမနားပြည်သူ့ ဆေးရုံကြီး (၁၄-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၅။ | ၁၆ | ကျား | မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း | ၁၃-၃-၂၀၂၀ | ထိုင်း | ၁၃-၃-၂၀၂၀ | ပြင်ဦးလွင် ပြည်သူ့ဆေးရုံကြီး | မရှိ | ပြင်ဦးလွင် ပြည်သူ့ဆေးရုံကြီး (၁၄-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၆။ | ၃၇ | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် | – | – | ပြင်သစ် | ၁၃-၃-၂၀၂၀ | မှော်ဘီမြို့နယ် ဆေးရုံ | ရှိ (COVID-19 positive ဖြစ်သူ ဗီလစ်ပိုင်နိုင်ငံသားနှင့် အစည်းအဝေး တက်ရောက်ခဲ့) | အထူးကုဆေးရုံ (ဝေဘာဂီ) (၁၅-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၇။ | ၂၂ | ကျား | မန္တလေးတိုင်းဒေသကြီး | ဖျားခြင်း၊ လည်ချောင်းနာခြင်း၊ ဝမ်းသွားခြင်း၊ ဗိုက်အောင့်ခြင်း | ၁၄-၃-၂၀၂၀ | ဟောင်ကောင် | ၁၀-၃-၂၀၂၀ | မန္တလေးပြည်သူ့ ဆေးရုံကြီး | မရှိ | ကန်တော်နဒီဆေးရုံ | ဟောင်ကောင် |
| ၈။ | ၂၉ | ကျား | နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် | ချောင်းဆိုးခြင်း | ၉-၃-၂၀၂၀ | ဂျိနီဗာမြို့၊ ဆွစ်ဇာလန် | ၁၅-၃-၂၀၂၀ | ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် | မရှိ | အထူးကုဆေးရုံ (ဝေဘာဂီ) (၁၅-၃-၂၀၂၀) | မြန်မာနိုင်ငံသား |

ဇယား – ၂

COVID–19 ရောဂါအတွက် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၅-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | ဆေးကုသမှုခံယူ လျက်ရှိသည့် ဆေးရုံ | ဆေးရုံ စတင် တက်ရောက်သည့် ရက်စွဲ | COVID–19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| ၁။ | ၁၉ | မ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ် | ထီးချိုင့်မြို့နယ်ဆေးရုံ | ၁၁-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၂။ | ၂၁ | ကျား | မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ် | မင်းဘူးပြည်သူ့ဆေးရုံကြီး | ၁၄-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၃။ | ၄၀ | မ | မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် | ကန်တော်နဒီဆေးရုံ | ၁၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| **(၁၅-၃-၂၀၂၀) ရက်နေ့တွင် တွေ့ရှိရသည့် စောင့်ကြည့်လူနာ (၈) ဦးအနက် (၂) ဦး** | | | | | | |
| ၄။ | ၄၉ | မ | ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ် | သဃ်န်းကျွန်းစံပြအထွေထွေရောဂါကု ဆေးရုံကြီး | ၁၄-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၅။ | ၅၇ | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ် | မြောက်ဥက္ကလာပသင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး | ၁၄-၃-၂၀၂၀ | မတွေ့ရှိပါ။ |

## မြန်မာ-တရုတ် နှစ်နိုင်ငံအဝင်အထွက်ဂိတ်များ၌ တာဝန်ကျနေသည့် ပရဟိတအသင်းအဖွဲ့များအား ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**မူဆယ် မတ် ၁၅**

မြန်မာ–တရုတ် နှစ်နိုင်ငံအဝင်အထွက်ဂိတ်များဖြစ်ကြသည့် နန်းတော်ဂိတ်၊ ဆင်ဖြူဂိတ်နှင့် မန့်ဝိန်းဂိတ်တို့၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19) ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတအသင်းအဖွဲ့များ၊ အခြေခံကျောင်းများနှင့် သိန်းသန်းချီ ကားကြီးကွင်း၌ ကျန်းမာရေးစစ်ဆေးမှုများနှင့် ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်မှုဆောင်ရွက်နေသည့် ပရဟိတအသင်းအဖွဲ့များအား မတ်လ ဒုတိယပတ်က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်နှင့် ဌာနဆိုင်ရာတို့ ဝိုင်းဝန်းပူးပေါင်း၍ လက်ဆေးဆပ်ပြာရည် ဘူး ၁၀၀ နှင့် နှာခေါင်းစည်း ၂၃၀၀ ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်ပြီး နှစ်နိုင်ငံအဝင်အထွက်ဂိတ်များနှင့် ကားကြီးကွင်းတို့၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19) ကြိုတင်ကာကွယ်မှုဆောင်ရွက်နေသည့် အခြေအနေများကို လေ့လာကြည့်ရှုပြီး လိုအပ်သည်များကို မေးမြန်းဖြည့်ဆည်းပေးကာ အားပေးစကားပြောကြားသည်။

မူဆယ်မြို့တွင် ကိုရိုနာဗိုင်းရပ်စ်ကြိုတင်ကာကွယ်မှုများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပြီး ကြိုတင်ကာကွယ်မှုများကို ဆောင်ရွက်ရာ၌ လိုအပ်သည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီမှ တစ်ပြေးညီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆလိုင်းဗန်ရိုးထန် (ပြန်/ဆက်)

# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**(၄-၁-၂၀၂၀ ရက်နေ့မှ ၁၅-၃-၂၀၂၀ ရက်နေ့ထိ) (၁၅-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ**

၁။ **ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၄-၃-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် (၁၅:၃၀) နာရီအချိန် ထုတ်ပြန်ချက်)

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း - (၁၃၆) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - (၁၄၂,၅၃၉) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - (၅,၃၉၃) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း - (၃.၈) %
- **ကမ္ဘာပေါ်တွင်(တရုတ်နိုင်ငံပြင်ပ) ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ-**

| စဉ် | နိုင်ငံ | စဖြစ်သည်မှ ယခုအချိန်ထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ စုစုပေါင်း | သေဆုံးသူ စုစုပေါင်း |
| ၁ | အီတလီ | ၁၇,၆၆၀ | ၁,၂၆၈ |
| ၂ | အီရန် | ၁၁,၃၆၄ | ၅၁၄ |
| ၃ | ကိုရီးယားသမ္မတနိုင်ငံ | ၈,၀၈၆ | ၇၂ |
| ၄ | စပိန် | ၄,၂၃၁ | ၁၂၀ |
| ၅ | ပြင်သစ် | ၃,၆၆၀ | ၇၉ |
| | **(၅) နိုင်ငံ စုစုပေါင်း** | **၄၄,၉၈၁** | **၂,၀၅၃** |

- ကမ္ဘာ့ဒေသအသီးသီးတွင် ရောဂါကူးစက်ဖြစ်ပွားသောနိုင်ငံများ ဆက်တိုက်များပြားလာခဲ့ကြောင်းနှင့် နိုင်ငံပြင်ပမှရောဂါကူးစက်မှု (Imported case) များသာမက နိုင်ငံတွင်း၌ပါ ရောဂါကူးစက်မှု (Local Transmission) များရှိလာပါကြောင်း တွေ့ရှိရပါသည်။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပ နိုင်ငံတွင်းကူးစက်မှု (Local Transmission) ဖြစ်ပွားနေသော နိုင်ငံစာရင်းအရေအတွက်သည် ပြောင်းလဲမှုများရှိနေသော်လည်း နောက်ဆုံး (၁၄-၃-၂၀၂၀) ထုတ်ပြန်ချက်အရ နိုင်ငံတွင်းကူးစက်မှု (Local Transmission) ဖြစ်ပွားနေသော နိုင်ငံများမှာအောက်ဖော်ပြပါ အတိုင်း (၇၇) နိုင်ငံရှိပါသည် -

| စဉ် | ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ထားသော ဒေသကြီးများ | နိုင်ငံ |
|---|---|---|
| ၁။ | အနောက်ပစိဖိတ်ဒေသ (၁၀ နိုင်ငံ) | - ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ စင်ကာပူ၊ ဩစတြေးလျ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ နယူးဇီလန် |
| ၂။ | ဥရောပဒေသ (၃၅ နိုင်ငံ) | - အီတလီ၊ စပိန်၊ ပြင်သစ်၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ နယ်သာလန်၊ အင်္ဂလန်၊ ဒိန်းမတ်၊ ဆွီဒင်၊ နော်ဝေး၊ ဘယ်လ်ဂျီယံ၊ ဩစတြီးယား၊ ချက်သမ္မတနိုင်ငံ၊ ဆလိုဗေးနီးယား၊ ပေါ်တူဂီ၊ ဖင်လန်၊ အစ္စရေး၊ ဂရိ၊ အက်စတိုးနီးယား၊ ဆန်မာရီနို၊ အိုင်ယာလန်၊ ရိုမေးနီးယား၊ ပိုလန်၊ အိုက်စလန်၊ လူဇင်ဘတ်၊ အယ်လ်ဘေးနီးယား၊ ဆားဘီးယား၊ ဆလိုဗေးကီးယား၊ ခရိုအေးရှား၊ ဘယ်လာရုစ်၊ဟန်ဂေရီ၊ဘော့စနီးယားနှင့်ဟာဇီဂိုဗီးနား၊ မြောက် မက်ဆီဒိုးနီးယား၊ ဘူဂေးရီးယား၊ ယူကရိန်း |
| ၃။ | အရှေ့တောင်အာရှဒေသ (၆ နိုင်ငံ) | - အိန္ဒိယ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မော်လ်ဒိုက်၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ် |
| ၄။ | အရှေ့အလယ်ပိုင်းဒေသ (၁၁ နိုင်ငံ) | - အီရန်၊ ကာတာ၊ ကူဝိတ်၊ အီဂျစ်၊ အီရတ်၊ ယူအေအီး၊ လက်ဘနွန်၊ ဘာရိန်း၊ ဆော်ဒီအာရေဗျ၊ တူနီးရှား၊ မော်ရိုကို |
| ၅။ | အမေရိကဒေသ (၁၀ နိုင်ငံ) | - အမေရိကန်၊ ကနေဒါ၊ ဘရာဇီး၊ ချီလီ၊ အာဂျင်တီးနား၊ ပီရူး၊ ပနားမား၊ ကော်စတာရီကာ၊ အီကွေဒေါ၊ ပါရာဂွေး |
| ၆။ | အာဖရိကဒေသ (၄ နိုင်ငံ) | - အယ်လ်ဂျီးရီးယား၊ တောင်အာဖရိက၊ ဆီနီဂေါ၊ ကမ်မရွန်း |
| ၇။ | နယ်မြေဒေသ (၁ နိုင်ငံ) | - ပါလက်စတိုင်းနယ်မြေ |

- အီတလီနိုင်ငံ၊ အီရန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပ အခြားနိုင်ငံများတွင် ရောဂါဖြစ်ပွားမှုအားလုံး၏ (၆၀ %) ခန့်နှင့် သေဆုံးမှုအားလုံး၏ (၈၄ %)ခန့် ရှိပါသည်။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၁-၃-၂၀၂၀) ထုတ်ပြန်ချက်အရ လွန်ခဲ့သော (၂) ပတ်အတွင်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း ကျဆင်းလာသော်လည်း အခြားကမ္ဘာ့နိုင်ငံများတွင် ရောဂါကူးစက်သူဦးရေ (၁၃)ဆ များပြားလာခဲ့ပြီး ရောဂါကူးစက်ဖြစ်ပွားသည့်နိုင်ငံအရေအတွက်မှာလည်း (၃)ဆ များပြားလာခဲ့ကြောင်း သိရှိရပါသည်။
- လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် COVID-19 ရောဂါအတည်ပြုလူနာ မတွေ့ရှိရသေးသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၅၈) နိုင်ငံရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ပါသည်။

၂။ **မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ (၁၅-၃-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀) နာရီအချိန်ထိ)**

| | ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ | | | လူနာဦးရေ စုစုပေါင်း |
|---|---|---|---|---|
| | ပိုးတွေ့ | ပိုးမတွေ့ | ဓာတ်ခွဲ နမူနာ ပေးပို့ရန် စီစဉ်ဆဲ | |
| စောင့်ကြည့်လူနာ | - | ၁၂၁ | ၇ | ၁၂၈ |
| သံသယလူနာ | - | ၂ | - | ၂ |
| **စုစုပေါင်း** | **-** | **၁၂၃** | **၇** | **၁၃၀** |

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁၅-၃-၂၀၂၀) ရက်နေ့အထိ စောင့်ကြည့်လူနာ/ သံသယလူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၅၁) ဦး၊ ရှမ်းပြည်နယ်တွင် (၂၁) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၂၅) ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၃၃) ဦး စုစုပေါင်း (၁၃၀) ဦး တို့ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအား ဆောင်ရွက်ရာတွင်-

(က) COVID-19 ရောဂါဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများဖြစ်သည့် (တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အီတလီနိုင်ငံ၊ အီရန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ စပိန်နိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် ဂျာမနီနိုင်ငံ) တို့မှ မြန်မာနိုင်ငံအတွင်းသို့ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှတစ်ဆင့် ဝင်ရောက်လာမည့် ခရီးသွားများအား ယာယီအသွားအလာ ကန့်သတ်ခြင်း (Quarantine) လုပ်ငန်းများအား (၂၀၂၀) ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှစတင်၍ ပိုမိုတင်းကျပ်ထိရောက်စွာ ဆောင်ရွက်သွားမည်ဖြစ်ခြင်း၊

(ခ) သံသယလူနာနှင့် စောင့်ကြည့်လူနာများအား စောစီးစွာရှာဖွေဖော်ထုတ်ခြင်း၊ သီးခြားထားရှိ ကုသခြင်းနှင့် ထိရောက်ကောင်းမွန်သည့် ကုသမှုများပေးလျက်ရှိခြင်း၊

(ဂ) ဆင့်ပွားကူးစက်ပျံ့နှံ့မှုများကို ကာကွယ်နိုင်ရေးအတွက် လူနာနှင့်အနီးကပ် ထိတွေ့သူများ (အတူနေမိသားစုများနှင့် ကျန်းမာရေးဝန်ထမ်းများစသည်) တို့အား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများတွင် ရောဂါပိုးကူးစက်မှု ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို အစဉ်တစိုက် ဆက်လက်အားဖြည့်ဆောင်ရွက်ခြင်း၊

(ဃ) ကျန်းမာရေးဝန်ထမ်းများအား မှန်ကန်ထိရောက်သည့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို တိကျစွာ ဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်ချက်များအား ရေးသားဖြန့်ဝေခြင်းနှင့် ပြည်သူလူထုမှ လိုက်နာဆောင်ရွက်ရမည့်လမ်းညွှန်ချက်များအား ဖြန့်ဝေခြင်း၊

(င) ကမ္ဘာ့နိုင်ငံများအပါအဝင် မြန်မာနိုင်ငံ၌ လတ်တလောဖြစ်ပွားနေသော အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို နိုင်ငံပိုင်သတင်းစာမျက်နှာများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov. mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www. facebook.com/ Ministry Of HealthAndSportsMyanmar နှင့် https://www. facebook. com/ MyanmarCDC) တို့တွင် ဖော်ပြခြင်းနှင့် တစ်ပြိုင်တည်းမှာပင် ပြည်သူလူထုအကြား ပျံ့နှံ့လေ့ရှိသည့် သတင်းအမှားများအား သတင်းအမှန်များဖြင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊

(စ) ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုရေးအသင်းအဖွဲ့များ (Civil Society Organizations)နှင့် ပြည်သူလူထုအခြေပြု အသင်းအဖွဲ့များ (Community Based Organizations) တို့မှပူးပေါင်း၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူစည်ကားသည့် နေရာများဖြစ်သည့် ကားဂိတ်များ၊ ဈေးများစသည့် နေရာများတွင် COVID-19 ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအား Hand Held Loud Speaker များဖြင့် ပိုမိုဆောင်ရွက်စေခြင်း၊

(ဆ) COVID – 19 ရောဂါကြောင့် ပြည်သူလူထု၏ လူမှုစီးပွားထိခိုက်မှုများ နည်းပါးစေရန် သက်ဆိုင်ရာ နီးနွယ်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

၅။ ရန်ကုန်တိုင်းဒေသကြီးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် လိုအပ်သော စက်ပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကို (၁၅-၃-၂၀၂၀) ရက်နေ့၊ နံနက် (၁၁:၀၀) နာရီတွင်ပြုလုပ်ရာ အလှူရှင်များမှ လှူဒါန်းသည့် အလှူပစ္စည်းများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဝန်ကြီးဌာနမှ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း ပြုလုပ်ခဲ့ပါသည်။

၆။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး ဦးဆောင်၍ COVID-19 ရောဂါထိန်းချုပ်ရေးကော်မတီဝင်များနှင့် အခြားနီးနွယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ (၁၅-၃-၂၀၂၀) ရက်နေ့၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တိုင်းဒေသကြီးအဆင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၀) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

၇။ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း မြင့်တက်လျက်ရှိသည့်နိုင်ငံများမှ ခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော် လည်းကောင်း၊ အခြားနိုင်ငံများတွင် ရပ်နားဖြတ်သန်းပြီးသော် လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သည့် အခြေအနေများစွာရှိနေပါသည်။

- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဖြစ်သော အဖျားရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ နိုင်ငံတကာမှ ခရီးသည်များအား COVID-19 ရောဂါကင်းရှင်းကြောင်းလက်မှတ်နှင့် ကျန်းမာကြောင်းဆေးထောက်ခံချက် (Medical Certificate) ပါရှိမှသာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ လေယာဉ်ပေါ်တွင် Health Declaration Card များ ဖြည့်စွက်ခြင်းအား အထူးကြပ်မတ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။
- ရောဂါလက္ခဏာမပြသေးသော်လည်း ရောဂါရှိသူ (Asymptomatic carrier) တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားရာတွင် အလုံပိတ်အခန်း (သို့မဟုတ်) လေယာဉ်၊ သင်္ဘော၊ အဝေးပြေးဘတ်စ်ကားကဲ့သို့သော နေရာများတွင် ရောဂါကူးစက်မှုများပြားနိုင်ကြောင်း တွေ့ရှိရ၍ ပြည်သူလူထုများအနေဖြင့် သတိပြုရန် လိုအပ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

# ဝိနည်း ငါးကျမ်းအောင်နှင့် ပါဠိပထမပြန်အောင် စာအောင်သံဃာတော် အပါး ၃၇၀ အောင်လက်မှတ်စာအောင်ဆု ဆက်ကပ်

ရန်ကုန် မတ် ၁၅

**ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်အတွင်းရှိ သာသနာ၀န် လေးထပ်ကျောင်းဆောင်ကြီး၌ အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဥပတ္ထမ္ဘကအဖွဲ့ ဩဝါဒစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူ၍ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုဖြင့် မြို့နယ်လုံးဆိုင်ရာ ဥပတ္ထမ္ဘကအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၉ ခုနှစ် ဝိနည်းငါးကျမ်းအောင်နှင့် ပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူကြသော သံဃာတော် အရှင်သူမြတ်များ၊ သီလရှင်များအား စာအောင်လက်မှတ်နှင့် ဆုများ ဆက်ကပ်လှူဒါန်းသည့် စုဋ္ဌုဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၁၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။**



အခမ်းအနားတွင် အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဥပတ္ထမ္ဘကအဖွဲ့ ဩဝါဒစရိယ ရွာမပရိယတ္တိ စာသင်တိုက် ပဓာနမဟာနာယက ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ပရိတ်သတ်အပေါင်းတို့က ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဥက္ကဋ္ဌ ဦးသောင်းကြည်က စုဋ္ဌုဘွဲ့နှင်း သဘင်ဆိုင်ရာများနှင့် ပတ်သက်၍ လျှောက်ထား တင်ပြသည်။

ထို့နောက် ဩဝါဒစရိယ ဆရာတော်များနှင့် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ စာအောင်သံဃာတော် အရှင်သူမြတ်များ၊ သီလရှင်များ စုစုပေါင်း အပါး ၃၇၀ တို့အား မြို့နယ်သာသနာရေးမှူး ဦးဝင်းလတ်နှင့် တာဝန်ရှိသူများက စာအောင်လက်မှတ်များ၊ ဆုများ ဆက်ကပ်ချီးမြှင့်ကြပြီး မြို့နယ်ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော လူငယ်မောင်မယ်ကိုးဦးကိုလည်း အောင်လက်မှတ်နှင့် ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (ယာပုံ)

ဥဏ်လင်း




သန်လျင်မြို့နယ် ပရိယတ္တိတံခွန်ပညာရေး ငွေပဒေသာပင်သို့ သန်လျင်မြို့နယ် ဦးဇော်ဝင်း (သီရိသုခမ္မမဏိဇောတစရေ) - ဒေါ်မိမိတင် (ချမ်းမြေ့မေတ္တာ အထူးကုဆေးရုံ-သန်လျင်) သမီး- မအိမွန်မွန် မိသားစုက ပညာရေးငွေပဒေသာပင် ကျပ်သိန်း ၅၀ ကို မတ် ၁၅ ရက်က ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ဦးဌေးမိုးထံ ပေးအပ်လှူဒါန်းစဉ်။

သန်းဝင်း(သန်လျင်)

## မြဝတီမြို့၌ ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးခြင်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ

မြဝတီ မတ် ၁၅

COVID-19 ရောဂါ ဖြစ်ပွားမှုကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံဘက်သို့ ပြန်လာကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ဝင်ထွက်သွားလာ သူများအား ထိုင်း-မြန်မာ နှစ်နိုင်ငံအဝင်အထွက် နယ်စပ်ဂိတ်များမှ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု မရှိစေရန် ရောဂါများ စစ်ဆေးခြင်း၊ အဖျားတိုင်းတာခြင်း၊ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေး စစ်ဆေးခြင်းလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုကို မြဝတီခရိုင် ကျန်းမာရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ဌာနဆိုင်ရာများမှ အလှည့်ကျ နေ့စဉ်ဆောင်ရွက်နေမှုများကို မတ် ၁၄ ရက်က ကရင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ တံတား လူဝင်မှုကြီးကြပ်ရေး တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းရွှေ၊ အမှတ် ၂ အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ညွန့်၊ မြို့မိမြို့ဖများဖြစ်ကြသော ဒေါက်တာကိုကိုအောင်၊ ဆရာဝင်းချို၊ Z-Ruscu မှ ဦးကိုကိုဇော်တို့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မန်းသန်းရွှေမြင့်(ပြန်/ဆက်)



COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှစ်နိုင်ငံနယ်စပ်ဂိတ်တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံဘက်သို့ ပြန်လာကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကျန်းမာရေးစစ်ဆေးမှုပြုလုပ်စဉ်။

*စာမျက်နှာ ၁၀ မှ*

၈။ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက်တစ်ပြိုင်နက် တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် -

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်ရှိရာနေရာများကို အတတ်နိုင်ဆုံးရှောင်ကြဉ်ကြပါရန်၊

(ခ) အခြေအနေအကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်၊

(ဂ) ရောဂါဖြစ်ပွားနေသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှ ထွက်ရှိလာသော အမှုန်အမွှားများမှတစ်ဆင့် ရောဂါကူးစက်နိုင်သဖြင့် လက်ကိုမကြာခဏ ဆပ်ပြာဖြင့် ဆေးကြောပေးရန်အတွက် ပွဲလမ်းသဘင်များတွင် ဆပ်ပြာနှင့် ရေ (သို့မဟုတ်) လက်သန့်စင်ဆေးရည် (Hand Sanitizer) များ စီစဉ်ထားရှိရန်၊


(ဃ) ပွဲလမ်းသဘင်များ မကျင်းပမီ COVID-19 ရောဂါနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား(၅) မိနစ်ခန့် အချိန်ယူပြောကြားရန်၊

(င) အကယ်၍ ထိုသို့မလွှဲမရှောင်သာကျင်းပရပါက တက်ရောက်သည့်လူအရေအတွက် နည်းနိုင်သမျှ နည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ မလာရောက်စေရေး အစီအမံများ တင်းကျပ်စွာပြုလုပ်ရန်၊

(စ) COVID-19 ရောဂါသည် အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါ၊ ကင်ဆာရောဂါအခံရှိသူများ၌ ပိုမိုပြင်းထန်စွာဖြစ်ပွားနိုင်ပါ၍ ၎င်းတို့အား လူစုလူဝေးမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ရန်နှင့် ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များအား စနစ်တကျလိုက်နာရန် လိုအပ်ပါသည်။

၉။ ကမ္ဘာ့ကပ်ရောဂါ (Pandemic) အနေဖြင့် ဖြစ်ပွားလျက်ရှိသော COVID-19 ရောဂါအား တုံ့ပြန်ဆောင်ရွက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ကျန်းမာရေးဝန်ထမ်းများနှင့် အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် လွန်စွာအရေးပါလှပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များကိုလည်း တိကျစွာ စနစ်တကျလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**



# MNL–2 ပြိုင်ပွဲတွင် Junior Lions အသင်း ထိပ်ဆုံးသို့ရောက်ရှိ



Junior Lions အသင်းနှင့် ယောမြေအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ–MNL

**ရန်ကုန် မတ် ၁၅**

၂၀၂၀ ရာသီ MNL–2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၇) ကို မတ် ၁၄၊ ၁၅ ရက်က ကျင်းပရာ Junior Lions အသင်း ခြောက်ပွဲဆက် အနိုင်ရပြီး ဇယား ထိပ်ဆုံးသို့ ရောက်ရှိသွားခဲ့သည်။

ပွဲစဉ် (၇) တွင် Junior Lions အသင်းက ယောမြေအသင်းကို ၁၁ ဂိုး– ဂိုးမရှိ၊ Chinland အသင်းက ကချင်ယူနိုက်တက်အသင်းကို သုံးဂိုး–ဂိုးမရှိ၊ မောရဝတီအသင်းက ငွေကြယ်ပွင့်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ Junior Lions အသင်းသည် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မြန်မာ ယူ–၁၉ အသင်းမှ ကစားသမားများ အတွေ့အကြုံရစေရန် MNL–2 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေခြင်း ဖြစ်ပြီး ရလဒ်ကောင်း ရယူထားနိုင်ခြင်းဖြစ်သည်။ Junior Lions အသင်းသည် ယခုပွဲတွင် ယောမြေအသင်းကို ခြေအသာဖြင့် ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး ညီညီက ၁၀၊ ၂၄၊ ၄၁၊ ၅၄၊ ၆၃ မိနစ်တွင် ငါးဂိုး၊ ဇော်ဝင်းသိန်းက ၁၇၊ ၅၃၊ ၆၀ မိနစ်တွင် သုံးဂိုး၊ လမင်းထွေးက ၃၂၊ ၆၈ မိနစ်တွင် နှစ်ဂိုး၊ ဝေယံစိုးက ၁၃ မိနစ်တွင် တစ်ဂိုးသွင်းယူခဲ့သည်။ ပထမအကျော့ ပြီးဆုံးရန် တစ်ပွဲသာ လိုတော့ပြီး ရွှေ့ဆိုင်းထားသည့် Junior Lions အသင်းနှင့် မြဝတီအသင်းတို့ပွဲကို မတ် ၂၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။ Junior Lions အသင်းသည် ခြောက်ပွဲကစားအပြီးတွင် ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးသို့ ရောက်ရှိလာခဲ့ရာ နောက်ဆုံးပွဲတွင် အနိမ့်ဆုံးသရေကစားနိုင်ရုံဖြင့် အမှတ်အသာဖြင့် ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ လက်ရှိအနေအထားအရ ဒုတိယနေရာမှ Chinland အသင်းထက် ဂိုးကွာခြားချက်တွင် နှစ်ဂိုးအသာ ရထားသောကြောင့် Junior Lions အသင်းအနေဖြင့် ရာသီဝက်ချန်ပီယံဖြစ်ရန် အခြေအနေကောင်းနေသည်။

မတ် ၁၅ ရက် ပွဲစဉ်များအပြီးတွင် Junior Lions အသင်းက ခြောက်ပွဲကစား ၁၈ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး Chinland အသင်းက ခုနစ်ပွဲကစား ၁၈ မှတ်၊ မြဝတီအသင်းက ခြောက်ပွဲကစား ၁၅ မှတ်၊ တက္ကသိုလ်အသင်းက ခုနစ်ပွဲကစား ၁၀ မှတ်၊ မောရဝတီအသင်းက ခုနစ်ပွဲကစား ကိုးမှတ်၊ ငွေကြယ်ပွင့်အသင်းက ခုနစ်ပွဲကစား ငါးမှတ်၊ ကချင်ယူနိုက်တက်အသင်းက ခုနစ်ပွဲကစား လေးမှတ်ရထားကာ ယောမြေအသင်းမှာမူ ခုနစ်ပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

**ရဲရင့်ရှိုင်း**

# Play-off ပွဲတွင် အနိုင်ရသည့် ရွှေပြည်သာအသင်း ရှုံးထွက်ပြိုင်ပွဲကစားခွင့်ရရှိ

**ရန်ကုန် မတ် ၁၅**

၂၀၂၀ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဝင်ခွင့်အတွက် Play–off ပွဲကို ယနေ့ညနေပိုင်းက စလင်းကွင်း၌ ကျင်းပရာ ရွှေပြည်သာအသင်း နိုင်ပွဲရယူပြီး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

ယခုနှစ် ရှုံးထွက်ပြိုင်ပွဲတွင် အပျော်တမ်းအသင်း ငါးသင်းကို ယှဉ်ပြိုင်ခွင့်ပြုထားပြီး တစ်နေရာအတွက် ရန်ကုန်လိဂ်တွင် တတိယရသည့် ရွှေပြည်သာအသင်းနှင့် ရန်ကုန်ပရီမီယာလိဂ် FA Cup ချန်ပီယံဇီးကုန်းအသင်းတို့ Play–off ကစားရခြင်း ဖြစ်သည်။ ရွှေပြည်သာအသင်းသည် ဇီးကုန်းအသင်းကို သုံးဂိုး – တစ်ဂိုးဖြင့် အနိုင်ရပြီး ရှုံးထွက်ပြိုင်ပွဲဝင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ရွှေပြည်သာအသင်းသည် ပထမပိုင်းကတည်းက နှစ်ဂိုး–တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် တစ်ဂိုးထပ်သွင်းနိုင်သောကြောင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရွှေပြည်သာအသင်းအတွက် ဂိုးများကို ၁၁၊ ၃၆ မိနစ်တွင် ဉာဏ်လင်းထက်၊ ၇၄ မိနစ်တွင် စောကာဗလအေးလှတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဇီးကုန်းအသင်းအတွက် ချေပဂိုးကို ၂၁ မိနစ်တွင် ခိုင်စိုးဦးက သွင်းယူခဲ့သည်။ ရွှေပြည်သာအသင်းသည် ရှုံးထွက်ပြိုင်ပွဲ ပထမအဆင့်တွင် စတင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ငွေကြယ်ပွင့်အသင်းနှင့် ကစားရမည်ဖြစ်သည်။

၂၀၂၀ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲကို အသင်းပေါင်း ၂၅ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး အပျော်တမ်း ငါးသင်း ယှဉ်ပြိုင်ခွင့်ရထားကာ လေးသင်းထွက်ပေါ်ပြီးဖြစ်သောကြောင့် ရန်ကုန်ပရီမီယာလိဂ် ချန်ပီယံအသင်းသာ ထွက်ပေါ်ရန် ကျန်ရှိတော့သည်။

**ညီမြတ်သော်တာ**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၁၅**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ ဘော်လခဲမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မြင်းမူမြို့၊ ညောင်ဦးမြို့နှင့် မကွေးမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီနှင့် မြင်းခြံမြို့၊ ရမည်းသင်းမြို့၊ တပ်ကုန်းမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ ဆင်ဖြူကျွန်းမြို့နှင့် အမ်းမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

○ *ကျောဖုံးမှ*

အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်တပ်သမ္ဗန်ကူးတို့ဆိပ်အားလုံးရှိ ရေယာဉ်ဥက္ကဋ္ဌများအနေဖြင့် မိမိတို့ကူးတို့ဆိပ်အား အလေးထား ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း မြို့နယ်စက်တပ်ရေယာဉ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ယနေ့နံနက်တွင် ပြောကြားသည်။

ဒလမြို့နယ် ဘက်ကမ်းရှိ သမ္ဗတကမ်းခြေ၊ ဈေးဆိပ်၊ ဒလသင်္ဘောဆိပ်၊ ဗိုလ်ရန်ပြေ၊ ကမာကသွယ်၊ စက်မြေ၊ ကမာကဆစ်၊ မှော်စက်၊ ဆာပါချောင်၊ ကျောင်းစုနှင့် ကျောင်းစု(ခွဲ) လက်ခပ်မှ စက်တပ် ကူးတို့ဆိပ်တို့မှ ရန်ကုန်မြို့ဘက်ကမ်းရှိ ဗိုလ်တထောင်၊ ပန်းဆိုးတန်း၊ စဥ့်အိုးတန်း၊ မော်တင်လမ်းသစ်၊ မော်တင်(ကိုင်းတန်းအမှတ်–၂)၊ ဆိပ်ကြီးခနောင်တို ကူးတို့ဆိပ်တို့သို့ စက်တပ်သမ္ဗန်များဖြင့် အစိုးရဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပုဂ္ဂလိကဝန်ထမ်းများနှင့် အထွေထွေလုပ်သားပြည်သူများစွာတို့အား နေ့စဉ်ကူးတို့ပို့ဆောင်ပေးလျက်ရှိသည်။

ဒလမြို့နယ်၌ ပုဂ္ဂလိကပိုင် ကူးတို့သမ္ဗန်ဂိတ် ခြောက်ဂိတ်ရှိရာ ကမာအောင်ကြီးကြပ်ရေးဂိတ်၌ အစင်းရေ ၁၈၀၊ ရေကန်ကြီးကြပ်ရေးဂိတ်၌ ၂၂ စင်း၊ တံလျှပ်ကြီးကြပ်ရေးဂိတ်၌ ၄၆ စင်း၊ ဆာပါချောင် စက်တပ်ရေယာဉ်ကြီးကြပ်ရေးဂိတ်၌ ၄၁ စင်း၊ ကျောင်းစု စက်တပ်ရေယာဉ်ကြီးကြပ်ရေးဂိတ်၌ ၂၂ စင်း၊ ကျောင်းစု(ခွဲ) လက်ခပ်မှ စက်တပ်ကူးတို့ဆိပ်၌ ၂၀ စင်း၊ သမဝါယမအသင်းပိုင် ကူးတို့ သမ္ဗန်ဆိပ် ငါးဆိပ်ဖြစ်သည့် သမ္ဗတကမ်းခြေ ကူးတို့ဆိပ်၌ ၃၄ စင်း၊ ကမာကသွယ် ကူးတို့ ဆိပ်၌ အစင်း ၃၀၊ စက်မြေ ကူးတို့ဆိပ်၌ ၃၃ စင်း၊ ကမာကဆစ် ကူးတို့ဆိပ်၌ ၄၁ စင်း၊ မှော်စက်ကူးတို့ဆိပ်၌ ၃၅ စင်း စုစုပေါင်း ၅၀၄ စင်းရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ–နိုင်လင်းကျော်(ဒလ)**

❂ *ကျောဖုံးမှ*

ညစ်ညမ်းမှုထူထပ်စွာ ဖြစ်ပေါ်ခဲ့ရာ မြင်ကွင်းများပိတ်ကာ အမြင်အားနည်းလာခြင်းကြောင့် မတ် ၁၁ ရက်မှ စတင်ကာ လေယာဉ်ဆင်းသက်ရန် မွန်းလွဲပိုင်းသို့ရွှေ့ဆိုင်းခဲ့ရသော်လည်း လေကြောင်းလိုင်းများပုံမှန် ပြေးဆွဲပျံသန်းလျက်ရှိကြောင်း တာချီလိတ်လေကြောင်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူး စောဘလက်ဇက်ထံမှ သိရသည်။

နယ်စပ်ဒေသမြို့ဖြစ်သည့် တာချီလိတ်မြို့တွင် ပြည်တွင်း ပြည်ပခရီးသွားများ အဝင်အထွက်များပြားသ ဖြင့် ကျန်းမာရေးဦးစီးဌာနမှ COVID–19 ရောဂါအတွက် အထူးသတိထားကြပ်မတ်စစ်ဆေးလျက်ရှိပြီး လေထုညစ်ညမ်းမှု လျော့နည်းကျဆင်းစေရေး ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက်နှင့် ရပ်ကွက်များအတွင်း မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်များဖြင့် နေ့စဉ်နံနက်ပိုင်းနှင့် ညနေခင်းများတွင် ရေမှုန်ရေမွှားများ ပက်ဖျန်းပေးလျက်ရှိကြောင်း သိရသည်။

**ယာဆေး (ပြန်/ဆက်)**



မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ရေသယ်ယာဉ် နှစ်စီးနှင့် ဒေသခံပြည်သူများ စုပေါင်းလှူဒါန်းထားသော မီးသတ်ယာဉ် တစ်စီးတို့ဖြင့် မတ် ၁၅ ရက်က သောက်သုံးရေပြတ်လပ်နေသော ပြည်သူများထံ အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ပေးစဉ်။ ချိုမြတ်မြတ်ထွေး (ကျိုက်မရော)




မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်နေစဉ်။

✻ *ကျောဖုံးမှ*

တာဝန်ယူကစားရဖွယ် ရှိနေသည်။ ယင်းခြေစမ်းပွဲကို ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ပရိသတ်မပါဘဲ ကွင်းပိတ်ကစားမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် **နည်းပြချုပ်**အဖြစ် အန်တွမ်မီပေး (ဂျာမနီ)၊ **လက်ထောက်နည်းပြ**များအဖြစ် ဦးကြည်လွင်၊ ဦးမင်းထွန်းလင်း၊ ဦးအောင်ကျော်မိုး၊ **ဂိုးနည်းပြ**အဖြစ် ဦးစိုင်းမောင်မောင်ဦး၊ ကစားသမားများအဖြစ် **ဂိုး** – ကျော်ဇင်ထက် (ရန်ကုန်)၊ ကျော်ဇင်ဖြိုး (ရှောဝတီ)၊ ပြည့်လျှံအောင် (ရတနာပုံ)၊ **နောက်တန်း**– ဒေးဗစ်ဒန်း၊ နန္ဒကျော်၊ ငြိမ်းချမ်း (ရှမ်းယူနိုက်တက်)၊ ဇော်ရဲထွန်း၊ ရဲရင့်အောင် (ရတနာပုံ)၊ သိန်းသန်းဝင်း၊ ထိုက်ထိုက်အောင် (ရန်ကုန်)၊ ကျော်ဇင်လွင် (ရှောဝတီ)၊ **အလယ်တန်း**– မောင်မောင်လွင်၊ မောင်မောင်ဝင်း (ရန်ကုန်)၊ လွင်မိုးအောင် (ရှောဝတီ)၊ လှိုင်းဘိုဘို၊ မျိုးကိုထွန်း (ရတနာပုံ)၊ ရန်နိုင်ဦး၊ ထက်ဖြိုးဝေ (ရှမ်းယူနိုက်တက်)၊ **ရှေ့တန်း**– အောင်သူ (ရတနာပုံ)၊ သန်းပိုင် (ရန်ကုန်) နှင့် ပြည်မိုး (မကွေး) တို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ–ဖိုးသော်ဇင်**



# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၄ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ အမှတ်(၁၀)ရပ်ကွက် သီရိပဒေသာဈေးလမ်းရှိ ခြံအမှတ် DD-31 နေ သီဟအောင်၏ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၃ ပြားနှင့် လက်ကိုင်ဖုန်းသုံးလုံးတို့ကို လည်းကောင်း။

ဗန်းမော်မြို့နယ် ကုန်းမဟတ်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာအကြား ကုန်းမဟတ် တံတားအနီးတွင် ဇင်လင်းထိုက်(ခ)လင်းထိုက် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်း၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲပိုင်းတွင် ဗန်းမော်မြို့နယ် မံဖာကျေးရွာ အိမ်အမှတ်(မဖ-၁၂၇)ရှိ မပန်းအိဖြူ(ခ)အိကမ်အား ၎င်း၏ နေအိမ်၌ ဖမ်းဆီးရမိခဲ့ကြောင်း။

ထို့အတူ ညနေပိုင်းတွင် သီပေါမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် သိန်းအောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၉၅ ပြား၊ ဘိန်းဖြူ သုည ဒသမ ၀၅ ကီလို၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ငွေကျပ် ၂၉၀၀၀၀ တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း။

ထို့ပြင် မတ် ၁၃ ရက် ည ၈ နာရီတွင် ဖောင်းပြင်မြို့နယ် ဖောင်းပြင်-ပင်လည်ဘူး ကားလမ်း တံတားအမှတ် (၂/၂၃) အနီးတွင် ဝကြီး မောင်းနှင်ပြီး မြင့်လှိုင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ မြင့်လှိုင်ထံမှ ဘိန်းဖြူ သုည ဒသမ ၂၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၇၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း။

မတ် ၁၄ ရက် နံနက် ၇ နာရီတွင် တပ်မတော်မှ မဘိမ်းမြို့နယ် ခေါ်တော ကျေးရွာအနီးတွင် အမျိုးသားတစ်ဦးအား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် အထုပ်တစ်ထုပ်ပစ်ချပြီး တောအတွင်းသို့ ထွက်ပြေးသွားသဖြင့် ၎င်းအထုပ်ကို ဖွင့်ဖောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၃၀၀ ကိုသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများကို တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၁၆. ၃. ၂၀၂၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၈:၃၅ - "အဏ္ဏဝါရဲ့ သဘာဝကမ္ဘာ"
၉:၁၅ - BBC Click
၉:၄၅ - ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ " The Last Jungle " (Ivory cost)
၁၀:၃၅ - စိုက်ပျိုးရေးရာအဖြေရှာ "တောင်သူများ မျိုးရွေးချယ် မျိုးစေ့ပြပွဲဝယ်"
၁၁:၁၅ - လုံမမှတ်စု (၁၃၀)
၁၂:၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ
၁၃:၅၀ - ထူးခြားစုံလင် အာရုပစိဖိတ်အစီအစဉ်
၁၄:၄၅ - "ရဟန်းမစားရသော ဆွမ်းတစ်နပ်"

**ညပိုင်း**

၁၆:၂၅ - အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
- ဒုတိယနှစ် (စီးပွားစီမံအထူးပြု) (စီးပွားစီမံ)
၁၇:၀၅ - This Week's Special Interest
၁၇:၂၀ - ကျန်းမာရေးမဂ္ဂဇင်း "ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ အစီအစဉ်" "ပေါင်းချွေးကုထုံး"
၁၈:၂၅ - ဥပဒေရေးရာအဖြာဖြာ "ကိုယ်နှင့်မဆိုင်သော်လည်း"
၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ
၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- စီးပွားရေးစကားဝိုင်း "ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာ စံနှုန်းများနှင့်အညီ ဆောင်ရွက်ရေးဆွေးနွေးပွဲ"
- ပြည်သူ့အကျိုးပြု မှတ်တိုင်များ "ရေကြည်တစ်ပေါက်"
- မြန်မာ့ရုပ်ရှင် ရာပြည့်ဂုဏ်ပြုတေးများ
- နိုင်ငံခြားဇာတ်လမ်းတွဲ " မေတ္တာခေါက်ဆွဲ" (အပိုင်း-၃၉)

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၁၆၉၀၊ သွင်းကုန် အစီး ၁၈၈၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၁၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၄ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၇၃၀ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃ ဒသမ ၀၆၀ သန်း စုစုပေါင်း တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃ ဒသမ ၇၉၀ သန်းအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၄ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် နစ်ဆန်းယာဉ်တစ်စီးပေါ်တွင် ပလတ်စတစ်ဖြတ်စများဖြင့် ဖုံးအုပ်သိုဝှက်သယ်ဆောင်လာသည့် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ Mitsubishi Fuso Truck Head Without Engine(2 U)နှင့် ပစ္စည်းသယ်ဆောင်လာသည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇ သန်းအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

# ကျောက်ကြီးမြို့တွင် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**ကျောက်ကြီး မတ် ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ကျွန်းပင်ဆိပ်ကျေးရွာအုပ်စု ကျွန်းပင်ဆိပ်ကျေးရွာတွင် ယနေ့ နံနက် ၁ နာရီခန့်က ကျွန်းပင်ဆိပ်ကျေးရွာရှိ ဦးမြင့်အောင်၏ နေအိမ်၏ မီးကြွင်း မီးကျန်မှတစ်ဆင့် စတင်မီးလောင်ရာ အိမ်နှစ်လုံးသို့ မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူ ဦးဆောင်ပြီး ကျောက်ကြီးမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ မုန်းနယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ သုခိတလူမှုကူညီရေးအဖွဲ့မှ ထောက်ပံ့ယာဉ်တစ်စီး၊ ကျွန်းပင်ဆိပ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရွာသူရွာသားများ စုပေါင်းငြိမ်းသတ်ခဲ့ရာ(**အောက်ပုံ**) မီးငြိမ်းသွားခဲ့ကြောင်းနှင့် မီးလောင်ကျွမ်းမှုကြောင့် လူနှင့်တိရိစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**ကိုသားကြီး( ကျောက်ကြီး)**



# မိုးညှင်းမြို့နယ်တွင် ယာဉ်တိုက်မှုဖြစ်ပွားပြီး အမျိုးသမီးတစ်ဦး သေဆုံး

**မိုးညှင်း မတ် ၁၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာအနီး ပြည်ထောင်စုလမ်းမပေါ်တွင် ယနေ့ နံနက် ၁၀ နာရီခွဲခန့်တွင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ စီးနင်းလာသော ဆိုင်ကယ်အား လားရာတူ နောက်မှ မောင်းနှင်လာသော ၁၂ ဘီး မော်တော်ယာဉ်က ဝင်တိုက်ခဲ့သဖြင့် ဆိုင်ကယ် နောက်မှထိုင်၍ လိုက်လာသူ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူမှာ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ တာစုရပ်ကွက်တွင် နေထိုင်ကြသူများဖြစ်သည့် ဦးရင် ပေါက်တဲ (၆၇နှစ်) မောင်းနှင်ပြီး ဒေါ်ခင်အုန်းမြင့် လိုက်ပါလာသော အနက်ရောင်ဆိုင်ကယ်သည် နန့်စီးအောင်ကျေးရွာဘက်မှ မော်ဟန်ကျေးရွာဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်တွင် လားရာတူနောက်မှ မောင်းနှင်လာသည့် ၁၂ ဘီး မော်တော်ယာဉ်က တိုက်မိခဲ့ပြီး မောင်းနှင်ထွက်ပြေးသွားခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်ကာ ယာဉ်နှင့်ယာဉ်မောင်းအား ဖမ်းဆီးရမိရေး စုံစမ်းလျက်ရှိကြောင်း သိရသည်။

၀၇၈

# သထုံမြို့နယ်တွင် ဆိုင်ကယ်တစ်စီး အရှိန်လွန်ကာ လမ်းဘေးထိုးကျတိမ်းမှောက်၍ မောင်းသူသေဆုံး

**သုဝဏ္ဏဝတီ မတ် ၁၅**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး နောင်ဘိုကျေးရွာ အဝေးပြေးကားလမ်းမပေါ်၌ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်က ဆိုင်ကယ်တိမ်းမှောက်၍ လူတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီးတွင် သထုံမြို့ဘက်မှ ဘီးလင်းမြို့ဘက်သို့ သထုံမြို့နေ အောင်ဖြိုးဟိန်း (၂၀ နှစ်) တစ်ဦးတည်း မောင်းနှင်လာသော ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျတိမ်းမှောက်၍ ဒဏ်ရာပြင်းထန်စွာရရှိသွားသောကြောင့် သထုံဆေးရုံသို့ ပို့ဆောင်စဉ် လမ်းတွင် သေဆုံးသွားကြောင်း သိရသည်။

ခွန်(ဝင်းပ)

# တန့်ယန်းမြို့နယ်တွင် ဆိုင်ကယ်တစ်စီး အရှိန်လွန်ကာ ချောက်အတွင်း ထိုးကျမှုဖြစ်ပွား

**တန့်ယန်း မတ် ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် တန့်ယန်း - ပန်ဆန်း မော်တော်ကားလမ်း ဝိန်းမိုင်ကျေးရွာအုပ်စုအနီး တာကော်အက်အတက်လမ်းတွင် ယနေ့ နံနက် ၁၁ နာရီခန့်က ဆိုင်ကယ်တစ်စီး အရှိန်လွန်ကာ ပေ ၂၀၀ ခန့်နက်သော ချောက်အတွင်းသို့ ကျရောက်သွားကြောင်း သိရသဖြင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ သွားရောက်ကယ်ဆယ်ခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်ပွားမှုတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စိတ်မှ တပ်ကြပ်ကြီး အေးဇော်လတ်၊ နယ်မြေခံတပ်မတော်သားများ ပူးပေါင်း၍ ပန်ဖိန်းကျေးရွာနေသူအား ပေ ၂၀၀ ခန့်နက်သော ချောက်အတွင်းမှ ဆယ်ယူကာ မြို့နယ်ပြည်သူ့ဆေးရုံအရေးပေါ်ဌာနသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

မင်းလွင်ဦး(ပြန်/ဆက်)

# မတ္တရာမြို့နယ်တွင် ယာဉ်တိုက်မှုဖြစ်ပွား ဆိုင်ကယ်မောင်းနှင်သူ သေဆုံး

**မတ္တရာ မတ် ၁၅**

မတ္တရာမြို့နယ် ရေနံ့သာကျေးရွာအနီး မန္တလေး-မိုးကုတ်ကားလမ်းပေါ်တွင် ယနေ့ မွန်းလွဲ ၂ နာရီက ယာဉ်တိုက်မှုဖြစ်ပွားသဖြင့် ဆိုင်ကယ်မောင်းနှင်သူတစ်ဦး အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးဘက်မှ မိုးကုတ်ဘက်သို့ မတ္တရာမြို့နယ်နေ ဦးထွန်းရ (၅၃နှစ်) မောင်းနှင်သည့် ဆိုင်ကယ်နှင့် မိုးကုတ်ဘက်မှ မန္တလေးဘက်သို့ ကသာမြို့နယ်နေ ယာဉ်မောင်း စည်သူအောင် (၂၂နှစ်) မောင်းနှင်သည့် ခြောက်ဘီးယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်မှ ယာဉ်အား မဆင်မခြင်မောင်းနှင်သူ စည်သူအောင်နှင့် ဆိုင်ကယ်မောင်းနှင်သူ ဦးထွန်းရတို့အား မတ္တရာမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# စင်ကာပူ၌ COVID -19 ကူးစက်ခံထားရသည့် လူနာများနှင့် အနီးကပ်ထိတွေ့သူများကို အင်ဒိုနီးရှား စတင်စောင့်ကြည့်

**ဂျကာတာ မတ် ၁၅**

စင်ကာပူ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရပြီး ဆေးကုသမှုခံယူနေရသည့် အင်ဒိုနီးရှားနိုင်ငံသားများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို စင်ကာပူအာဏာပိုင်များထံမှ လက်ခံရရှိခဲ့ကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာန အာဏာပိုင်တစ်ဦးက အတည်ပြုပြောကြားခဲ့သည်။ အာဏာပိုင်များ အနေဖြင့် အဆိုပါလူနာများနှင့် အနီးကပ်ထိတွေ့ဆက်ဆံမှုရှိခဲ့သူများကို စတင်စောင့်ကြည့်မှုများ လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလူနာများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ခံရရှိခဲ့ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာန ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ အထွေထွေညွှန်ကြားရေးမှူး အက်ခမက်ဒ်ယူရီယန်တိုက မတ် ၁၄ ရက်တွင် ပြောကြားသည်။ စောင့်ကြည့်စစ်ဆေးမှုများ စတင်ဆောင်ရွက်နေပြီဖြစ်သည်ဟု ၎င်းက ပြောသည်။

ကိုရိုနာဗိုင်းရပ်စ် လက္ခဏာပြခဲ့သည့် အင်ဒိုနီးရှားနိုင်ငံသားအချို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ပေးရန် စင်ကာပူက ငြင်းဆန်နေခဲ့ကြောင်း အင်ဒိုနီးရှားအစိုးရက ပြောကြားခဲ့သည်။ စင်ကာပူရှိ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရသည့် လူနာရှစ်ဦးထက်မနည်းသည် အင်ဒိုနီးရှားနိုင်ငံမှ ဗိုင်းရပ်စ်ကူးစက်ခံလာခဲ့ရဖွယ်ရှိပြီး ၎င်းတို့အနက်နှစ်ဦးမှာ အင်ဒိုနီးရှားနိုင်ငံသို့ ခရီးသွားရောက်ခဲ့သောမှတ်တမ်းရှိသည့် စင်ကာပူနိုင်ငံသားများဖြစ်ကြောင်း သိရသည်။

မူလက ဗိုင်းရပ်စ်ကူးစက်ခံနေရသည့် အင်ဒိုနီးရှားနိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များကို စင်ကာပူမှလွှဲပြောင်းပေးရန် အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနက တောင်းဆိုခဲ့သော်လည်း စင်ကာပူအာဏာပိုင်များက ငြင်းဆန်ခဲ့ကြောင်း၊ ယင်းကဲ့သို့ငြင်းဆန်မှုသည် အင်ဒိုနီးရှားအစိုးရကို ပြည်တွင်း၌ စောင့်ကြည့်စစ်ဆေးမှု ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှု ဖြစ်စေကြောင်း ယူရီယန်တိုက ပြောကြားခဲ့သည်။



စင်ကာပူရှိ မာရီနာပင်လယ်အော်၌ ခရီးသွားလှေပေါ်လိုက်ပါရန် စောင့်ဆိုင်းနေသည့် ခရီးသွားများကို တွေ့ရစဉ်။

ယခုအခါ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုသည် နိုင်ငံပေါင်း ၁၃၆ နိုင်ငံ အထိပျံ့နှံ့လျက်ရှိပြီးနိုင်ငံ ၁၃ နိုင်ငံ တို့တွင် ပထမဆုံးရောဂါကူးစက်မှုဖြစ်ပွားနေကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ကိုရိုနာဗိုင်းရပ်စ် ခြိမ်းခြောက်မှုရှိနေသော်လည်း တောင်ကိုရီးယား၌ ဧပြီလတွင် ရွေးကောက်ပွဲကျင်းပမည်

**ဆိုးလ် မတ် ၁၅**

တောင်ကိုရီးယားမှပြည်သူများ ကိုရိုနာဗိုင်းရပ်စ် ဆိုးရွားစွာကူးစက်ခံနေရသော်လည်း အောက်လွှတ်တော် ရွေးကောက်ပွဲကို လာမည့်လတွင် ကျင်းပသွားမည်ဟု သိရသည်။

ယခုအခါ ကိုရိုနာဗိုင်းရပ်စ် ခြိမ်းခြောက်မှုပြဿနာအောက်တွင် ရွေးကောက်ပွဲကို အစိုးရအနေဖြင့် မည်သို့ကျင်းပသွားမည်မှာ အဓိကအရေးကြီးသည့်အကြောင်းအရာဖြစ်လာခဲ့သည်။ ရွေးကောက်ပွဲကို လေးနှစ်တစ်ကြိမ် ကျင်းပခြင်းဖြစ်ပြီး အမတ်နေရာပေါင်း ၃၀၀ အတွက် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ဧပြီ ၁၅ ရက်တွင် ရွေးကောက်ပွဲကျင်းပရန် ရက်သတ်မှတ်ထားပြီး သမ္မတမွန်ဂျေအင်း၏ အစိုးရအဖွဲ့ သက်တမ်းတစ်ဝက်တာကာလအတွင်း အကဲဖြတ်မှုလည်း ဖြစ်လာမည်ဖြစ်သည်။ အာဏာရကိုရီးယား ဒီမိုကရက်တစ်ပါတီနှင့် အတိုက်အခံ United Future Party တို့ကြား အကြိတ်အနယ် ယှဉ်ပြိုင်ရမည့်ပွဲလည်း ဖြစ်သည်။ အချို့သောသူများကမူ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းသင့်သည်ဟု ပြောကြသော်လည်း ရက်ပြောင်းလဲကျင်းပရန် အစီအစဉ်မရှိပေ။

တရားဝင် မဲဆွယ်စည်းရုံးမှု လှုပ်ရှားမှုများကို ဧပြီ ၂ ရက်တွင် စတင်မည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်မည့် အမတ်လောင်းများအတွက် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရိုက်ခတ်မှုများရှိနေသည်။ ဝန်ကြီးချုပ်ဟောင်းများ ဖြစ်ကြသည့် ဒီမိုကရက်တစ်ပါတီမှ လီနက်ယွန်နှင့် United Future ပါတီမှ ဟွာကရိုအန်တို့သည် ဆိုးလ်မြို့မဲဆန္ဒနယ်မှ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

၎င်းတို့နှစ်ဦး၏ လှုပ်ရှားမှုများကို ဗီဒီယိုများရိုက်ကူးကာအွန်လိုင်းပေါ်တင်ခဲ့သည်။ ယူကျူ့တွင် တင်ထားသည့် ဗီဒီယိုဖိုင်များတွင် ၎င်းတို့နှစ်ဦး ဈေးဆိုင်များသို့ သွားရောက်ပုံ၊ လက်ဆွဲနှုတ်ဆက်ရမည့်အစား ပိုးသတ်ဆေးဖျန်းပုံ၊ ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ရေးလုပ်ငန်းများ လုပ်ဆောင်နေမှုများကို ပြသခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**




ဝန်ကြီးချုပ်ဟောင်း လီနက်ယွန်(ဝဲ)နှင့် ဟွာကရိုအန်း(ယာ)တို့ ဆေးဖျန်းမှုများ ပြုလုပ်နေကြစဉ်။

# အစ္စရေးနိုင်ငံက ကိုရိုနာဗိုင်းရပ်စ်ကို အကြမ်းဖက်နှိမ်နင်းရေးနည်းစနစ်ဖြင့် တိုက်ဖျက်မည်

**ဂျေရုဆလင် မတ် ၁၅**

အစ္စရေးနိုင်ငံက ကိုရိုနာဗိုင်းရပ်စ် သယ်ဆောင်သူများကို ခြေရာခံရန် အကြမ်းဖက် နှိမ်နင်းသည့် နည်းစနစ်ကို အသုံးပြုသွားမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောကြားလိုက်သည်။

အစိုးရက မိုဘိုင်းဖုန်းမှတစ်ဆင့် တည်နေရာ အချက်အလက်ကြားဖြတ်ဖမ်းယူခွင့်ကို ရဲတပ်ဖွဲ့သို့ ခွင့်ပြုချက် ပေးအပ်လိုက်ပြီ ဖြစ်ကြောင်း မတ် ၁၄ ရက် ညပိုင်းတွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးတွေ့ရှိရပြီးနောက် တစ်ဦးချင်းစီ သီးသန့်ခွဲခြားထားသည့် ပြည်သူများအား စောင့်ကြည့်စစ်ဆေးမှုကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်းကိုလည်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

စားသောက်ဆိုင်များ၊ ဈေးဝယ်ကုန်တိုက်များနှင့် ရုပ်ရှင်ရုံများကိုလည်း မတ် ၁၅ ရက်မှ စတင်ကာ ပိတ်ထားမည်ဖြစ်ကြောင်း ၎င်းက ကြေညာခဲ့ပြီး လုပ်ငန်းခွင်များ အနေဖြင့်လည်း အလုပ်သမားများကို အတတ်နိုင်ဆုံး နေအိမ်မှနေ၍ အလုပ်လုပ်ကိုင်ခွင့်ပြုရန် တိုက်တွန်းတောင်းဆိုခဲ့သည်။




အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု

အစ္စရေးနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို တားဆီးကာကွယ်ရန် ကြိုးပမ်းသည့်အနေဖြင့် ကမ္ဘာ့နိုင်ငံအားလုံးမှ ခရီးသွားများ လာရောက်မှုကို ပိတ်ပင်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# နှာခေါင်းစည်းဈေးတင်ရောင်းချမှုကို အစိုးရကတားမြစ်ထားသော်လည်း ဂျပန်တွင် နှာခေါင်းစည်းပြတ်လပ်မှု ဆက်လက်ဖြစ်ပွားနေ

**တိုကျို မတ် ၁၅**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အရှိန်မြင့်နေချိန်အတွင်း ဂျပန်အစိုးရက နှာခေါင်းစည်းများ ဈေးတင်ရောင်းချမှုကို တားမြစ်သည့်အမိန့်သည် မတ် ၁၄ ရက် ညသန်းခေါင်အချိန်တွင် စတင်အသက်ဝင်ခဲ့ပြီဖြစ်သော်လည်း အချိန်အတိုင်းအတာတစ်ခုအထိ နှာခေါင်းစည်း ပြတ်လပ်မှုဖြစ်ပေါ်နေဦးမည်ဟု ထုတ်လုပ်သူများက ခန့်မှန်းထားကြောင်း သိရသည်။

နှာခေါင်းစည်းများကို စုဆောင်းသိုလှောင်ထားကာ မတန်တဆ ဈေးနှုန်းဖြင့် ဈေးတင်ရောင်းချမှုကို တားဆီးရန် ရည်ရွယ်လျက် အဆိုပါအမိန့်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ လုပ်ဆောင်ချက်က နှာခေါင်းစည်းများ ပြတ်လပ်မှုကို ဖြေရှင်းရာတွင် အထောက်အကူပြုဖွယ်ရှိသည်။

တားမြစ်ချက်ကို ချိုးဖောက်သူများသည် ထောင်ဒဏ်တစ်နှစ်ပြစ်ဒဏ်ကျခံရန် သို့မဟုတ် ဒေါ်လာ ၉၃၀၀ ဒဏ်ကြေးပေးဆောင်ရန် ပြစ်ဒဏ်ချခံရမည်ဖြစ်သည်။ သို့သော်လည်း တိုကျိုမြို့ရှိ စတိုးဆိုင်များတွင် နှာခေါင်းစည်းများ ရှားပါးနေဆဲဖြစ်ကြောင်း သိရသည်။

အသက် ၅၀ ရှိပြီဖြစ်သည့် ဂျပန်အမျိုးသားတစ်ဦးက မတ် ၁၅ ရက် နံနက်ပိုင်းတွင် စတိုးဆိုင် ငါးဆိုင်အထိသွားရောက်ဝယ်ခဲ့သော်လည်း နှာခေါင်းစည်းများ ဝယ်ယူ၍မရခဲ့ကြောင်း ပြောပြခဲ့သည်။

ဂျပန်ပြည်သူအချို့မှာ ရွေးချယ်စရာမရှိသည့်အခြေအနေကြောင့် နှာခေါင်းစည်းကို အွန်လိုင်းမှ ဈေးကြီးပေး၍ ဝယ်ယူခဲ့ရမှုအတွက် မကျေမနပ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ကို ဝင်ထွက်ခွင့်ပိတ်ထား

**မနီလာ မတ် ၁၅**

ဖိလစ်ပိုင်နိုင်ငံမနီလာမြို့သို့ ဝင်ရောက်ခွင့်နှင့် မနီလာမြို့အတွင်းမှ ထွက်ခွာခွင့်ကို မတ် ၁၅ ရက်မှ စတင်ကာပိတ်ပင်ထားကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုကိုထိန်းချုပ်နိုင်ရေးအတွက် မတ် ၁၂ ရက်မှ စတင်ကာ ဖိလစ်ပိုင်သမ္မတ ဒူတာတေးသည် ခရီးသွားလာခွင့်ကန့်သတ်မှုများ ပြုလုပ်ခဲ့သည်။ ဧပြီ ၁၄ ရက်အထိ တိုင်းအောင် မနီလာမြို့သို့လေကြောင်း၊ ရေကြောင်း ခရီးသွားလာမှုများ ရပ်နားထားမည်ဟု ဒူတာတေးက ကြေညာခဲ့သည်။ ဆေးဝါးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် မနီလာမြို့တွင် အလုပ်လုပ်ကိုင်သူများကိုမူ ခြွင်းချက်အနေဖြင့်ထားကြောင်း သိရသည်။

မနီလာသို့သွားရာလမ်းတွင် ရဲအရာရှိ ၄၀၀၀၀ ကိုတပ်ဖြန့်ချထားပြီး အဝေးပြေးလမ်းမပေါ်ရှိစစ်ဆေးရေးဂိတ်တွင် ရဲအရာရှိ ၂၀ ခန့်က ယာဉ်များကို ရပ်တန့်ကာ ခရီးသည်များကို စစ်ဆေးမှုများ၊ ခရီးသွားလာရခြင်းအကြောင်းကို မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ် ရောဂါလက္ခဏာရှိသူများအထူးသဖြင့် ကိုယ်ပူပြီး အဖျားရှိသူများကို ရဲအရာရှိများက ရှာဖွေခဲ့ကြသည်။ အကယ်၍ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူအရေအတွက် မြင့်မားလာလျှင် ကန့်သတ်ပိတ်ဆို့ထားသည့် အချိန်ကာလကို ထပ်တိုးမည်ဟုလည်း ဖိလစ်ပိုင်အစိုးရက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# အီတလီတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၇၇၅၀ ရှိပြီး သေဆုံးသူ ၁၄၄၁ ဦးအထိရှိလာ

**ရောမ မတ် ၁၅**

အီတလီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်မှာ မတ် ၁၄ ရက်တွင် ၁၇၇၅၀ရှိလာပြီဟု အီတလီအာဏာပိုင်များက ပြောသည်။ ယင်းမတိုင်မီတစ်ရက်က ကူးစက်ခံရသူအရေအတွက် ၂၇၉၅ဦးရှိခဲ့ပြီး သေဆုံးသူများနှင့်ပြန်ကောင်းသွားသူအရေအတွက်ကို ထည့်တွက်ထားခြင်းမရှိကြောင်း သိရသည်။

တစ်နေ့လျှင်သေဆုံးမှုနှုန်း ၁၇၅ ဦးရှိပြီး သေဆုံးသူစုစုပေါင်း ၁၄၄၁ ဦးအထိ ရှိလာခြင်း ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ် တွေ့ရှိသူ လူပေါင်း ၁၇၇၅၀ တွင် ၁၅၁၈ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင်ထားရှိထားပြီး ၈၃၇၂ ဦးမှာ ရောဂါလက္ခဏာများကြောင့် ဆေးရုံတက်ကုသနေရသည်။ အသေးစားရောဂါလက္ခဏာသာပြသူ ၇၈၆၀ ကို နေအိမ်တွင်သာစောင့်ကြည့်ကုသမှုများပေးလျက်ရှိသည်။ အီတလီ ဒုတိယကျန်းမာရေးဝန်ကြီး ပါရီပါလိုစီလရီမှာလည်း ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိရကြောင်း မတ် ၁၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

# ဥရောပကို ကိုင်လှုပ်လာတဲ့ ကိုရိုနာဗိုင်းရပ်စ်

ခြူးစန္ဒီနွေး

ကိုရိုနာဗိုင်းရပ်စ်ကြောင့် တစ်ကမ္ဘာလုံးလှုပ်လှုပ်ခတ်ခတ်ဖြစ်နေချိန်မှာတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို ဗိုင်းရပ်စ်ကူးစက်ခံရခြင်း ရှိ၊ မရှိဆေးစစ်ခဲ့ပါတယ်။ အဖြေကတော့ ဗိုင်းရပ်စ်ကူးစက်ခံထားရခြင်းမရှိပါဘူး။



ချက်သမ္မတနိုင်ငံမှ ဂျာမနီနိုင်ငံသို့ ဝင်ရောက်လာသူကို နယ်စပ်တွင် မတ် ၁၃ ရက်နှင့် ၁၄ ရက်က ကိုယ်အပူချိန်တိုင်းတာနေစဉ်။

**စပိန်ဝန်ကြီးချုပ်၏ဇနီး ကူးစက်ခံရ**

တစ်ကမ္ဘာလုံးအနှံ့ ကူးစက်ခံရတဲ့ အရေအတွက်ကတော့ တစ်သိန်းခွဲကျော် ရှိလာပါပြီ။ အီတလီမှာ ကြောက်မက်ဖွယ် ကူးစက်ခံရမှုနှုန်း မြင့်တက်ခဲ့တဲ့နောက်မှာတော့ စပိန်နိုင်ငံဟာလည်း ကာကွယ်မှုတစ်ရပ်အနေနဲ့ တစ်နိုင်ငံလုံးနီးပါးကို ဝင်ထွက်ခွင့်ပိတ်ဆို့ထားတာကို တွေ့ရပါတယ်။ အစားအစာဝယ်ယူဖို့၊ အလုပ်သွားဖို့နဲ့ ဆေးခန်းသွားဖို့ကလွဲရင် အပြင်မထွက်ကြဖို့ လူတွေကို ပိတ်ပင်တားဆီးထားပါတယ်။ စပိန်နိုင်ငံမှာ ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်ဟာ မတ် ၁၄ ရက်မှာတော့ ၆၃၉၂ ဦးအထိ ရှိလာပါတယ်။ အဲဒီအရေအတွက်ဟာ ဥရောပနိုင်ငံတွေမှာတော့ အီတလီပြီးရင် အများဆုံးအရေအတွက်ပါပဲ။ ပိုပြီးထူးခြားတာကတော့ စပိန်ဝန်ကြီးချုပ် ပီဒရိုဆန်ချက်ဇ်ရဲ့ ဇနီးဟာလည်း ကူးစက်ခံရသူတွေထဲက တစ်ဦးပါပဲ။

**လေဆိပ်တွေမှာဖရိုဖရဲဖြစ်**

ပြင်သစ်နိုင်ငံမှာလည်း စားသောက်ဆိုင်၊အရက်ဘား၊ ရုပ်ရှင်ရုံနဲ့ နိုက်ကလပ်တွေကို ပိတ်ထားဖို့ အမိန့်ထုတ်ထားပြီး ဆေးဆိုင်၊ အစားအစာရောင်းချသည့်ဆိုင်၊ ဘဏ်၊ စီးကရက်နဲ့ ဆေးတံရောင်းချသူတွေကို ဖွင့်ခွင့်ပေးထားပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုက တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေတဲ့အချိန်မှာ ဥရောပနိုင်ငံတွေဆီ ခရီးသွားလာမှုပိတ်ပင်ခြင်းကို အမေရိကန်က ပိုမိုတိုးချဲ့ခဲ့ပါတယ်။ မတ် ၁၆ ရက်ကစပြီး ဗြိတိန်နဲ့ အိုင်ယာလန်တို့ဆီ ခရီးသွားလာခွင့်ကို ပိတ်ပင်ခဲ့ပါတယ်။ အဲဒီလိုကန့်သတ်လိုက်ခြင်းကြောင့် အမေရိကန်တစ်လွှားမှာရှိတဲ့လေဆိပ်တွေမှာ ဖရိုဖရဲတွေဖြစ်ကုန်ကြပါတယ်။ အမေရိကန်နိုင်ငံအတွင်းကို ပြန်လည်ဝင်ရောက်လာတဲ့ခရီးသည်တွေအတွက်လည်း ကျန်းမာရေးစစ်ဆေးမှုခံယူရလို့ အချိန်အကြာကြီးစောင့်ဆိုင်းမှုတွေ ဖြစ်ပေါ်ရပါတယ်။

**အမေရိကန်သမ္မတ ဆေးစစ်မှုခံယူ**

ဘရာဇီးသမ္မတ ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရတာကို တွေ့ရှိပြီးတဲ့နောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အတွက် ဆေးစစ်မှုခံယူဖို့ ဖြစ်လာခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ထရမ့်ဟာ ဘရာဇီးသမ္မတ ကိုယ်စားလှယ်အဖွဲ့ဝင်ပေါင်းများစွာနဲ့ ထိတွေ့မှုရှိခဲ့လို့ပါပဲ။ ဘရာဇီးကိုယ်စားလှယ်အဖွဲ့နဲ့ ညစာစားပြီး တစ်ပတ်အကြာမှာတော့ အမေရိကန်သမ္မတမှာ ဗိုင်းရပ်စ်ကူးစက်ခံထားရခြင်းမရှိဘူးလို့ ထရမ့်ရဲ့သမားတော် ရှောင်ကွန်လေးက ပြောပါတယ်။ ကမ္ဘာအနှံ့ COVID – 19 ကူးစက်ခံရသူအရေအတွက်ဟာ ၁၅၆၀၀၀ရှိကာ ၅၈၀၀ ကျော်သေဆုံးခဲ့ပြီးပြီလို့ ဂျွန်ဟော့ကင်းတက္ကသိုလ်ရဲ့ ရေတွက်ထားမှုအရ သိရပါတယ်။

**နိုင်ငံရေးသမားနှင့် အနုပညာရှင်များ ကူးစက်ခံရ**

အခုသီတင်းပတ်အတွင်းဥရောပမှာ ကျောင်းတွေ၊ စီးပွားရေးလုပ်ငန်းတွေ ပိတ်ထားရတယ်။ သန်းနဲ့ချီတဲ့ ခရီးသည်တွေကို နယ်စပ်ဖြတ်ကျော်ခွင့်မပေးဘဲ ပိတ်ပင်ထားတယ်။ နောက်ပြီး နာမည်ကျော် နိုင်ငံရေးသမားတွေ၊ အနုပညာရှင်တွေ ဗိုင်းရပ်စ်ကူးစက်ခံရတာကို တွေ့လာရပါတယ်။ အီတလီမှာတော့ တစ်နိုင်ငံလုံးနီးပါး ဝင်ခွင့်ထွက်ခွင့်ပိတ်ထားပါတယ်။ ဩစတြေးလျမှာတော့ နိုင်ငံအတွင်း ဝင်ရောက်လာသူတိုင်းဟာ ၁၄ ရက်ကြာ ဘယ်သူနဲ့မှ တွေ့ဆုံခြင်းမရှိဘဲ သီးခြားခွဲနေရမယ်လို့ အမိန့်ထုတ်ထားပါတယ်။ မတ် ၁၅ ရက် သန်းခေါင်ယံအချိန်ကစပြီး ဒီအမိန့်ဟာ စတင်အာဏာသက်ရောက်မယ်လို့ ဩစတြေးလျဝန်ကြီးချုပ် စကောက်မော်ရစ်ဆင်က ပြောပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာလည်း တစ်နိုင်ငံလုံးအတွက် အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါတယ်။

**သေဆုံးမှုများတိုးလာ**

ဥရောပနိုင်ငံတွေမှာတော့ နယ်စပ်ထိန်းချုပ်မှုတွေကို တိုးမြှင့်ထားပါတယ်။ ချီလီနိုင်ငံမှာတော့ အပျော်စီးသင်္ဘောပေါ်က ဆင်းလာတဲ့ခရီးသည် ၁၃၀၀ ကို သီးခြားခွဲထားပြီး စောင့်ကြည့်မှုတွေပြုလုပ်ထားပါတယ်။ စပိန်နိုင်ငံမှာတော့ ပြည်သူတွေကိုအိမ်မှာပဲနေဖို့ အစိုးရကပြောထားတဲ့နောက် မီလန်နဲ့မက်ဒရစ်ကလမ်းတွေမှာလည်း သဲကန္တာရလို လူသူကင်းမဲ့နေပါတယ်။ အီတလီနိုင်ငံသားတွေရဲ့ အပြုအမူကတော့ ထူးဆန်းပါတယ်။ သူတို့ဟာ အိမ်ထဲမှာပဲနေရပြီး အထီးကျန်မှုကို တိုက်ဖျက်ဖို့အတွက် ပြတင်းပေါက်တွေထွက်ပြီး သီချင်းဆိုကြပါတယ်။ အီတလီနိုင်ငံရဲ့လူသေဆုံးမှုနှုန်းကတော့ ကြောက်ခမန်းလိလိ တိုးနေပါတယ်။ ပြီးခဲ့တဲ့ ၂၄ နာရီအတွင်း ၁၇၅ ဦး ထပ်မံသေဆုံးခဲ့ပြီး အီရန်မှာ ၇၉ ဦးနဲ့ စပိန်မှာ ၆၃ ဦး သေဆုံးခဲ့ပါတယ်။

**ဥရောပမှာ ကူးစက်မှုမြင့်**

ဒီဇင်ဘာလနှောင်းပိုင်းက တရုတ်နိုင်ငံမှစတင်ခဲ့တဲ့ ကိုရိုနာဗိုင်းရပ်စ်ဟာ တရုတ်နိုင်ငံအတွင်း နောက်ထပ်ကူးစက်ခံရမှုနှုန်း သိသိသာသာ လျော့ကျသွားပြီးတဲ့နောက် ဥရောပဟာ ကူးစက်မှုနှုန်းမြင့်နေတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာခဲ့ပါတယ်။ တရုတ်နိုင်ငံမှာတော့ မတ် ၁၅ ရက်မှာ နောက်ထပ်ကူးစက်ခံရတဲ့လူနာ ၁၆ ဦးသာ ရှိခဲ့ပါတယ်။ နည်းပညာကုမ္ပဏီကြီးဖြစ်တဲ့ Apple ဟာလည်း မတ် ၂၇ ရက်မတိုင်မီ အချိန်အထိ တရုတ်နိုင်ငံပြင်ပက Apple အရောင်းဆိုင်တွေကိုပိတ်ထားမယ်လို့ သိရပါတယ်။

**စီးပွားရေးအရရိုက်ခတ်မှုများ**

ဗြိတိန်အဲဝေးက စီအီးအို အဲလက်စ်ခရုဇ်ကတော့ လေကြောင်းလိုင်း ဝန်ထမ်းတွေအနေနဲ့ အလုပ်နေရာလျှော့ချခံရတာမျိုးကဲ့သို့သော ဆိုးရွားတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်လာရဖွယ်ရှိတယ်လို့ အရိပ်အယောင်ပြ ပြောဆိုခဲ့ပါတယ်။ လေကြောင်းလိုင်းတွေဟာ ကမ္ဘာအနှံ့ခရီးစဉ်တွေကို ဖျက်သိမ်းခဲ့ရပြီး အချို့လေဆိပ်တွေမှာဆိုရင် လက်မှတ်အရောင်းဌာနတွေကိုပါ ပိတ်သိမ်းထားတာကို တွေ့ရပါတယ်။ အီတလီရဲ့ ဇိမ်ခံကားကုမ္ပဏီတစ်ခုဖြစ်တဲ့ Ferrari ကလည်း ကားထုတ်လုပ်မှုကို နှစ်ပတ်ခန့် ရပ်နားထားမယ်လို့ မတ် ၁၄ ရက်က ကြေညာခဲ့ပါတယ်။ ဘာလို့လဲဆိုရင် ကုမ္ပဏီပိုင်စက်ရုံနှစ်ခုဟာ ဝင်ထွက်ခွင့်ပိတ်ခံထားရလို့ပါပဲ။ စီးပွားရေးအရ အထိနာမှုတွေနဲ့ ဘဏ္ဍာရေးကျွမ်းကျင်သူတွေဟာ ဖြစ်ပေါ်လာမယ့် စီးပွားရေးရိုက်ခတ်မှုတွေကို အချိန်ယူပြီးစဉ်းစားနေကြပါတယ်။ အဲဒီအချိန်မှာ အစိုးရအနေနဲ့ ပြည်သူ့ကျန်းမာရေး နဲ့ပတ်သက်ပြီး ကာကွယ်ရေးတွေလုပ်ဆောင်ဖို့ ဝေခွဲမရမှုတွေနဲ့ ကြုံတွေ့နေရပါတယ်။ ပြင်းထန်တဲ့ကန့်သတ်မှုတွေပြုလုပ်ပြီး ရောဂါကိုနှိမ်နင်းနိုင်အောင် ကြိုးပမ်းမလား၊ ဒါမှမဟုတ် ပျံ့နှံ့မှုနှုန်းကို ထိန်းချုပ်နိုင်အောင် ကြိုးစားလုပ်ဆောင်မလားဆိုတာပါပဲ။

**အားကစားပြိုင်ပွဲကိုပါထိခိုက်**

ဗြိတိန်မှာတော့ ကန့်သတ်မှုကြီးကြီးမားမားတွေ လုပ်ဆောင်မှုမရှိသေးပေမယ့် လာမယ့်အပတ်အတွင်းမှာတော့ လူစုလူဝေးကြီးကိုကန့်သတ်တာတွေလုပ်ဆောင်လာလိမ့်မယ်လို့ မီဒီယာတွေမှာ ရေးသားကြပါတယ်။ မတ် ၁၅ ရက်မှာတော့ ဖိလစ်ပိုင်ဟာ မြို့တော်မနီလာကို ပိတ်ထားပြီး ဆော်ဒီအာရေဗျဟာလည်း အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းတွေကို အဝင်မခံတော့ပါဘူး။

နယူးဇီလန်ကလည်း အပြည်ပြည်ဆိုင်ရာက ခရီးသွားတွေကို ဆိုက်ရောက်တာနဲ့ သီးခြားခွဲနေသင့်တယ်လို့ ပြောကြားခဲ့ပါတယ်။ အာဖရိကမှာတော့ ဆိုးဆိုးရွားရွား ပျံ့နှံ့တာမျိုး မရှိသေးပါဘူး။ ဒါပေမယ့် ရဝမ်ဒါမှာတော့ ကိုရိုနာဗိုင်းရပ်စ်ပိုးရှိသူ တစ်ဦးတွေ့တယ်လို့ မတ် ၁၄ ရက်က သိရပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အားကစားပြိုင်ပွဲတွေလည်း ရိုက်ခတ်လာပါတယ်။ ဖော်မြူလာဝမ်းပြိုင်ပွဲကိုလည်း ရွှေ့ဆိုင်းထားရပြီး လက်မှတ်ရောင်းချမှုတွေကိုလည်း ဖျက်သိမ်းထားရပါတယ်။ ။

**အေအက်ဖ်ပီ**

# နိုင်ငံတကာသတင်းတိုထွာ

## ရဝမ်ဒါတွင် COVID–19 ပထမဆုံး လူနာတွေ့ရှိ

**ကိုင်ဂါလီ မတ် ၁၅**

ရဝမ်ဒါနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူလူနာကို ပထမဆုံးတွေ့ရှိထားကြောင်း မတ် ၁၄ ရက်တွင် မှတ်တမ်းတင်ထားသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အိန္ဒိယနိုင်ငံသားတစ်ဦးမှာ မတ် ၈ ရက်တွင် ရဝမ်ဒါနိုင်ငံအတွင်း ခရီးသွားလာခဲ့ကြောင်း၊ ၎င်းတွင်ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိရခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

မတ် ၁၃ ရက်တွင် အဆိုပါအမျိုးသားမှာ ကျန်းမာရေးဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ပြီး စစ်ဆေးကြည့်ရာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း တွေ့ရှိရသည်။ ၎င်းကို ယခုအခါ ကုသမှုများပေးထားပြီး အခြေအနေ တည်ငြိမ်နေပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

**ဆင်ဟွာ**

## ကိုရိုနာဗိုင်းရပ်စ်ကို အမြင့်ဆုံးကူးစက်မြန်ရောဂါအဖြစ် ပြင်သစ်နိုင်ငံတွင် ကြေညာထား

**ပါရီ မတ် ၁၅**

ပြင်သစ်နိုင်ငံတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုနှုန်းမှာ လျင်လျင်မြန်မြန် မြင့်တက်လျက်ရှိပြီး ကူးစက်ရောဂါတုံ့ပြန်မှုအဆင့် ၃ အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါနိုင်ငံတော်အဆင့် အမြင့်ဆုံးကူးစက်မြန်ရောဂါအဖြစ် ကြေညာထားကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဂျီရိုမီဆလိုမွန်က မတ် ၁၄ ရက်တွင် ပြောကြားခဲ့သည်။

မတ် ၁၄ ရက်က ပြင်သစ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် ၄၅၀၀ ရှိလာပြီး ၇၂နာရီအတွင်း နှစ်ဆနီးပါး လျင်လျင်မြန်မြန် မြင့်တက်သွားခြင်းပင်ဖြစ်သည်။

ဗိုင်းရပ်စ်ကူးစက်ခံရသူများထဲမှ ၉၁ ဦး သေဆုံးသွားခဲ့ပြီး လူနာပေါင်း ၃၀၀ ခန့်မှာ အရေးပေါ်ကုသဆောင်တွင် ဆေးကုသမှုခံယူနေရသည်။

**ဆင်ဟွာ**

## အလှူရှင်များနှင့် ပံ့ပိုးကူညီပေးသူများအား ဂုဏ်ပြုပွဲပြုလုပ်



**ပဲခူး မတ် ၁၅**
ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ တော်ဝင်ဟံသာခန်းမ၌ မတ် ၁၃ ရက်က စာအောင်သံဃာတော်များနှင့် သီလရှင်များအား ဂုဏ်ပြုပူဇော်ပွဲနှင့် တတိယအကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲ ဖြစ်မြောက်နိုင်ရေး ပါဝင်လှူဒါန်းခဲ့သည့် အလှူရှင်များနှင့် ပံ့ပိုးကူညီပေးသူများအား ဂုဏ်ပြုပွဲ ပြုလုပ်သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက စာအောင်သံဃာတော်များ၊ သီလရှင်များအား ဂုဏ်ပြုပူဇော်ပွဲနှင့် တတိယအကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲ၏ အားသာချက်၊ အားနည်းချက်၊ နောင်နှစ်များတွင် ထပ်မံဖြည့်စွက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ အစိုးရအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဆွေက ငွေစာရင်းရှင်းတမ်းကို လည်းကောင်းဖတ်ကြားခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးနှင့် အစိုးရအဖွဲ့အတွင်းရေးမှူးတို့က စာအောင်သံဃာတော်များ၊ သီလရှင်များအား ဂုဏ်ပြုပူဇော်ပွဲနှင့် တတိယအကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲ ဖြစ်မြောက်ရေးအတွက် လှူဒါန်းခဲ့သည့် အလှူရှင်များနှင့် ကူညီပံ့ပိုးပေးခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

**တင်စိုး(ပဲခူး)**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေး



**ဘားအံ မတ် ၁၅**
ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် မတ် ၁၄ ရက်က ဘားအံမြို့ပေါ်စာစစ်ဌာနများတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေကြသည့် ရပ်ဝေးကျောင်းများမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ပြည်နယ်ဝန်ကြီးချုပ်က အထက (၁) ဘားအံစာစစ်ဌာနတွင် တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုသော အလက(၆) ကျောင်းတွင် တည်းခိုနေထိုင်သည့် အထက-မင်းဇီကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများနှင့် မိဘအုပ်ထိန်းသူ ၇၅ ဦးအား ရင်းရင်းနှီးနှီးသွားရောက်တွေ့ဆုံ၍ စာမေးပွဲဆိုင်ရာ အားပေးစကားများ ပြောကြားပြီး ဆီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ငါးပိ၊ ငါးခြောက်၊ အာလူး၊ ငံပြရည် အစရှိသည့် အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

အလားတူ ဘားအံမြို့နယ်အတွင်း အထက(၁)ဘားအံစာစစ်ဌာနတွင် တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုသော အထက (မုက္ကဒိ) ကျောင်းမှ ကျောင်းသား ကျောင်းသူ ဆရာ ဆရာမများ၊ အထက (မိကရင်) ကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ အထက(လှာကာ) စာစစ်ဌာနတွင် တက္ကသိုလ်ဝင်စာမေးပွဲလာရောက်ဖြေဆိုသည့် အထက (နို့အောလာ) ကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ အထက(တကောင်ဘိုး) ကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ အထက (ဝတ်ကြီး) ကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ အထက-ထုံးအိုင်စာစစ်ဌာနတွင်လာရောက်ဖြေဆိုသော အထက-ဖဲကတာကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ အထက-ဇာသပြင်စာစစ်ဌာနတွင် လာရောက်ဖြေဆိုသော အထက(ခွဲ)-ကော့လမုကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများနှင့် ဘုရားကုန်းကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအား တည်းခိုနေထိုင်ရာ၌ ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ စီမံဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပြည်နယ်တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေးရေးကော်မတီနှင့် ခရိုင် / မြို့နယ် တည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်စစ်ဆေးရေးကော်မတီ အစည်းအဝေးကျင်းပ

**လွိုင်ကော် မတ် ၁၅**
ကယားပြည်နယ်အတွင်းရှိ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် တည်ဆောက်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အတွက် ပြည်နယ်တည်ဆောက်ရေး လုပ်ငန်းများစစ်ဆေးရေးကော်မတီနှင့် ခရိုင်/ မြို့နယ်တည်ဆောက်ရေး လုပ်ငန်းများ ကြီးကြပ်စစ်ဆေးရေး ကော်မတီအစည်းအဝေးကို မတ် ၁၃ ရက် က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီဝင်များနှင့် ခရိုင်/မြို့နယ် တည်ဆောက်ရေး လုပ်ငန်းများ ကြီးကြပ်စစ်ဆေးရေး ကော်မတီဝင်များ တက်ရောက်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က ယခုအစည်းအဝေးသည် ပြည်နယ်၊ ခရိုင်၊ မြို့နယ် တည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ပူပေါင်းဆောင်ရွက်နိုင်ရန်အတွက် အားနည်းချက်၊ အားသာချက်များကို ပေါင်းစပ်ညှိနှိုင်းနိုင်ရန်ဖြစ်ကြောင်း၊ ပြည်ထောင်စု/ ပြည်နယ် ငွေလုံးငွေရင်း ရန်ပုံငွေများဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့် ပတ်သက်၍ လက်ရှိမြေပြင်အနေအထားတွင် ကွင်းဆင်းစိစစ်ရာ၌ အချိန်နှင့်တစ်ပြေးညီဌာနများမှ ထဲထဲဝင်ဝင် ထိထိရောက်ရောက် ဆောင်ရွက်ရာတွင် အားနည်းချက်များရှိကြောင်း၊ ယခင်က ကော်မတီနှင့် ပတ်သက်၍ မြို့နယ်/ခရိုင်များမှ စိစစ်ခဲ့ကြောင်း၊ QC များကို ငှားရမ်းခဲ့ခြင်း မရှိကြောင်း၊ အင်ဂျင်နီယာမရှိသည့် ဌာနများမှလည်း မြို့နယ်ကော်မတီ၏ အကူအညီရယူ၍ ဆောင်ရွက်ရသည်များရှိကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် QC များ ငှားရမ်းဆောင်ရွက်နိုင်ခဲ့ပြီး တိုးတက်သင့်သလောက် တိုးတက်ခဲ့ပါကြောင်း၊ ယင်းအတွက် ဌာနများမှ သက်သာသည့် အခြေအနေများကိုလည်း တွေ့မြင်ရကြောင်း၊ QC အဖွဲ့ငှားရမ်း စိစစ်ဆောင်ရွက်ခဲ့သော်လည်း အားနည်းချက်များနှင့် စပ်လျဉ်း၍ ဌာနများတွင်သာ အဓိကတာဝန်ရှိကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် QC များကို ငှားရမ်းခြင်းမရှိဘဲ မြို့နယ်ကော်မတီများဖြင့်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အချို့သောဌာနများတွင် အင်ဂျင်နီယာအသိမရှိနိုင်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ မြို့နယ်ကော်မတီများကသာအဓိက ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြို့နယ်ကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် လုပ်ငန်းကုမ္ပဏီများကို ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြို့နယ်အဆင့်တွင်သာ အဓိကတာဝန်ယူ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြို့နယ်ကော်မတီ၏ အတည်ပြုချက်မရရှိဘဲနှင့် ငွေထုတ်ခွင့်များကို တင်ပြခြင်းမပြုရန်၊ အဆင့်ဆင့်သော ကော်မတီများ၏ အတည်ပြုချက်များဖြင့်သာ ဆောင်ရွက်ကြရန်၊ ယင်းတို့မှ ထောက်ခံတင်ပြလာမှသာလျှင် ထုတ်ပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ကော်မတီများကို ဖွဲ့စည်းရာတွင် ကျွမ်းကျင်သူများ၊ တတ်သိနားလည်သူများကို ထည့်သွင်းဖွဲ့စည်းရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ထွန်းလေး**

## စံပြဆေးရုံရွေးချယ်နိုင်ရေး စလင်းနှင့် ဆင်ဖြူကျွန်းဆေးရုံတို့ကို စစ်ဆေး



**စလင်း မတ် ၁၅**
မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါက်တာခင်မောင်အေး၊ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာရဲမြင့်အောင်၊ တိုင်းဒေသကြီး ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်စိုး၊ မင်းဘူးခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာတင့်ခိုင်တို့ပါဝင်သောအဖွဲ့သည် ယမန်နေ့က စလင်းမြို့ ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိလာပြီး ခရိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းဆက်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင့်ဆွေတို့နှင့်တွေ့ဆုံ၍ စံပြဆေးရုံရွေးချယ်နိုင်ရေး ဆေးရုံအတွင်းကြည့်ရှုစစ်ဆေးခြင်းနှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါသံသယလူနာရှိပါက သီးသန့်ထားရန်အခန်း ပြုလုပ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့်အဖွဲ့သည် ဆင်ဖြူ ကျွန်းမြို့ ၂၅ ခုတင်ဆံ့ပြည်သူ့ဆေးရုံသို့ ရောက်ရှိခဲ့ပြီး ဆင်ဖြူကျွန်းမြို့ အုပ်ချုပ်ရေးမှူး ဦးဝေဖြိုးထွန်း၊ ဆင်ဖြူကျွန်းမြို့ပြည်သူ့ဆေးရုံအုပ် ဒေါက်တာ ကျော်ထက်အောင်နှင့် ဆေးရုံဝန်ထမ်းများအားတွေ့ဆုံ၍ စံပြဆေးရုံရွေးချယ်နိုင်ရေးအတွက် လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှု သံသယလူနာရှိပါက သီးသန့်ထားရန်အခန်းပြုလုပ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

**စိုးမိုးသူ(စလင်း)**

## ၁၆ ခုတင်ဆံ့ စံကိုက်ဆီးဘူးတိုက်နယ်ဆေးရုံဖွင့်လှစ်

**ဖယ်ခုံ မတ် ၁၅**
ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်အလယ်ကယန်းကျေးရွာအုပ်စု၌ ၁၆ ခုတင်ဆံ့ စံကိုက်ဆီးဘူးတိုက်နယ်ဆေးရုံ စံကိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား ကို မတ် ၁၄ ရက်က အဆိုပါ ဆေးရုံသစ်တွင် ကျင်းပသည်။

အဆိုပါ အဆောက်အအုံကို ပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ကယန်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးခွန်အေးမောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

“ဒီ ၁၆ ခုတင်ဆံ့ ဆေးရုံ အဆောက်အအုံနဲ့အတူ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာသုံးလုံး၊ ဆရာဝန်နေအိမ် နှစ်ခန်းတွဲ တစ်လုံးနဲ့ ရင်ခွဲရုံ၊ ခြံစည်းရိုး၊ ကွန်ကရစ်လမ်းအပါအဝင် ရေရရှိရေးလုပ်ငန်းတွေပါ ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ ဆီးဘူးကျေးရွာနဲ့ ပတ်ဝန်းကျင်ရှိ ကျေးရွာတွေက လူဦးရေနှစ်သောင်းနီးပါးလောက်ရဲ့ ကျန်းမာရေးအတွက် မှီခိုအားထားနိုင်မှာဖြစ်ပါတယ်” ဟု မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်ဦးက ပြောသည်။ ယင်းအဆောက်အအုံကို ပြည်ထောင်စု အစိုးရခွင့်ပြုရန်ပုံငွေကျပ်သိန်း ၅၅၀၀ ဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီမှစတင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ် ဩဂုတ်လကုန်တွင် ရာနှုန်းပြည့် ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုထွေး(ဖယ်ခုံ)**



# ဖားကန့်၌ ကျောက်စိမ်းတူးဖော်ရန် လက်လုပ်လက်စား လုပ်ကွက် ၃၇၆ ကွက်အား အိတ်ပိတ်တင်ဒါစနစ်ဖြင့်ခွင့်ပြုခဲ့ရာ လုပ်ကွက် ၁၄၁ ကွက်သာ လာရောက်လျှောက်ထား

**ဖားကန့် မတ် ၁၅**

ကချင်ပြည်နယ် ဖားကန့်ဒေသရှိ လုံးခင်း/ဖားကန့်ရတနာနယ်မြေအတွင်း ကျောက်စိမ်းတူးဖော်ရန် လက်လုပ်လက်စား လုပ်ကွက်(အသစ်) လုပ်ကိုင်လိုသူများအတွက် မတ် ၃ ရက်မှ ၁၃ ရက်အထိ မော်ဝမ်းရပ်ကွက်ရှိ စုပေါင်းရုံးအဝင် OSS (One Stop Service) ရုံး၌ လုပ်ကွက်လျှောက်လွှာများကို စိစစ်ရောင်းချပေးခဲ့ရာ လုပ်ကိုင်ခွင့်ပြုမည့် လုပ်ကွက် ၃၇၆ ကွက် အနက် လျှောက်လွှာပေါင်း ၃၃၂ စောင် ရောင်းချခဲ့ရသော်လည်း လျှောက်လွှာ တင်သူ ၁၄၁ ဦးသာ ရှိသည်။

လုပ်ကိုင်ခွင့်ပြုမည့် လုပ်ကွက်များအနက် လုပ်ကွက် ၁၄၁ ကွက်သာ လာရောက်လျှောက်ထားရာ ရာခိုင်နှုန်းအားဖြင့် ၃၇ ဒသမ ၅ ရာခိုင်နှုန်းသာရှိခဲ့သည်။

လက်လုပ်လက်စား လုပ်ကိုင်ခွင့်ပြုချထားပေးမည့်အပေါ် ဒေသခံအများစု စိတ်ဝင်စားခဲ့သော်လည်း ရင်းနှီးမြှုပ်နှံရန် လက်တွန့်နေခဲ့သည့် အနေအထားဖြစ်သည်။

ခွင့်ပြုချထားပေးသည့် လက်လုပ်လက်စားလုပ်ကွက်များမှာ နမ္မဖြစ်ဧရိယာတွင် ၈၃ ကွက်၊ မရှိကထောင်ရပ်ကွက် ဂျန်ခပ်ဧရိယာတွင် ၅၄ ကွက်နှင့် တာမခန်/ဟောင်ပါးဧရိယာတွင် ၂၃၉ ကွက် စုစုပေါင်း ငုတ်တိုင်အမှတ်စိုက်ထူထားသည့် လုပ်ကွက်ပေါင်း ၃၇၆ ကွက်တို့ဖြစ်သည်။

လျှောက်ထားရန်ကျန်ရှိလုပ်ကွက်များနှင့်ပတ်သက်ပြီး ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက "ကျန်ရှိလုပ်ကွက်တွေကိုတော့ သတင်းထုတ်ပြန်ပြီး ဘယ်နှကွက်ကျန်တယ်၊ ဘယ်အချိန်မှာ ပြန်လည်လျှောက်ထားနိုင်တယ်ဆိုပြီးတော့ လုပ်ငန်း လုပ်ကိုင်လိုသူတွေကို ပြန်ချထားပေးရမှာပါ" ဟု ပြောသည်။



ဖားကန့်ဒေသ၌ လက်လုပ်လက်စားကွက်များအတွင်း ကျောက်စိမ်းတူးဖော်နေမှုများကို တွေ့ရစဉ်။

ခွင့်ပြုချထားပေးသည့် လက်လုပ်လက်စား စည်းမျဉ်းများအဖြစ် လုပ်ကွက်တစ်ကွက်လျှင် တစ်ဧကဖြစ်ပြီး အိမ်ထောင်စုဇယားပုံစံ(၆၆/၆) အိမ်ထောင်စုစာရင်းနှင့် ကချင်ပြည်နယ် မှတ်ပုံတင်(၁/...) ကိုင်ဆောင်ထားသူများဖြစ်ရမည့်အပြင် အိမ်ထောင်စုဇယားပုံစံ(၆၆/၆) တစ်စောင်လျှင် လုပ်ကွက်(၁)ကွက်သာ လျှောက်ထားခွင့်ရှိပြီး အိတ်ပိတ်တင်ဒါစနစ်အရ လုပ်ငန်းလုပ်ကိုင်ရန် လုပ်ကွက်တူညီမှုများရှိပါက အခြေခံသတ်မှတ်ဈေးနှုန်းထက် စပေါ်ငွေပိုတင်ထားသူက အသာရမည် ဖြစ်သည်။

ဒေသခံဦးစားပေးစနစ်အရလည်း မှတ်ပုံတင်(၁/...) ကိုင်ဆောင်ထားသူချင်းလျှောက်ထားမှု လုပ်ကွက်တူညီနေပါက မြစ်ကြီးနား/ဝိုင်းမော် မှတ်ပုံတင်ကိုင်ဆောင်ထားသူထက် ဖားကန့်/ကာမိုင်း မှတ်ပုံတင်ကိုင်ဆောင်ထားသူက အသာရမည်ဖြစ်ပြီး ဆက်လက်တူညီနေပါက အခြေခံသတ်မှတ်ဈေးနှုန်းထက် စပေါ်ငွေပိုတင်ထားသူက အသာရမည့်ပုံစံအဆင့်ဆင့် တိုင်းတာအကဲဖြတ်သွားမည်လည်း ဖြစ်သည်။

လက်လုပ်လက်စား လုပ်ကွက်တစ်ကွက်လျှင် ပြည်နယ်အစိုးရအဖွဲ့သို့ အခြေခံစပေါ် ငွေကျပ် ၅၀၀၀၀၀၊ မှတ်ပုံတင်ကြေး ငွေကျပ် ၃၀၀၀၊ လျှောက်လွှာတစ်စောင်လျှင်ငွေကျပ် ၁၀၀၀၊ ကွင်းဆင်းစစ်ဆေးခငွေကျပ် ၅၀၀၀၀၊ CSR(ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ) ငွေကျပ် ၁၀၀၀၀၀ တို့ကို ပေးသွင်းရမည်ဖြစ်ပြီး လုပ်ကိုင်ခွင့်ပြုသည့် တစ်နှစ်အတွင်း လေးပင်စနစ်၊ ကိုးပင်စနစ်၊ တွင်းလုံးစနစ်၊ မျှောစနစ်၊ အင်းဖြဲစနစ်နှင့် လူးလက်ကြားစနစ်တို့ကို ရေစုပ်စက်၊ လေပေးစက်၊ မီးစက်၊ ကျောက်ဖောက်စက်နှင့် ဖြိုးခါစက်များအသုံးပြု လုပ်ကိုင်နိုင်မည် ဖြစ်သည်။

အခြေခံ လက်လုပ်လက်စား လျှောက်ထားသူများ လုပ်ကိုင်လိုသူများ နစ်နာမှုမရှိစေရေးအတွက် အလတ်စားနှင့် အသေးစားလုပ်ကွက် လုပ်ကိုင်ခွင့်ရထားသူများ ဝင်ရောက်လျှောက်ထားခွင့်မရှိဘဲ ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီတစ်ခုခုမှ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ပါဝင်သူများလည်း လျှောက်ထားခွင့်ပြုမည့်စာရင်းထဲ မပါဝင်ပေ။

တူးဖော်ခွင့်ပြုသည့်တစ်နှစ်အတွင်း သတ်မှတ်ထားသော စည်းမျဉ်းများနှင့်ကိုက်ညီပါက ထပ်မံနှစ်တိုး တူးဖော်ထုတ်လုပ်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ကနဦး ခွင့်ပြုချထားပေးသည့် လက်လုပ်လက်စား ကျောက်မျက်တူးဖော်ရေး လုပ်ကွက်များတွင် လုပ်ကွက် ၂၃၅ ကွက်မှာ လစ်ဟာနေဆဲ ဖြစ်သည်။

**တာလင်းမောင်(ပြန်/ဆက်)**

# တက်ကြွလှုပ်ရှားနိုင်ငံသားများဖွံ့ဖြိုးတိုးတက်မှုအခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် မတ် ၁၅**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကမ်းနားလမ်းရှိ ဗြိတိသျှကောင်စီမှ ၂၁ ရာစု၏ အဓိကခေါင်းဆောင်မှုဆိုင်ရာ စွမ်းရည်မြှင့် သင်တန်းများဖြင့် လူငယ်၊ လူရွယ်တို့ကို မြှင့်တင်ပေးလျက်ရှိရာ မတ် ၁၃ ရက်က ရန်ကုန်မြို့ Lotte Hotel တွင် တက်ကြွလှုပ်ရှားနိုင်ငံသားများ ဖွံ့ဖြိုးတိုးတက်မှု ဆွေးနွေးပွဲအခမ်းအနားကို ကျင်းပသည်။ **(ယာပုံ)**

တက်ကြွလှုပ်ရှားနိုင်ငံသားများ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်၏ အဓိကကဏ္ဍမှာ လူမှုအကျိုးပြုစီမံကိန်းများ ဖော်ဆောင်ခြင်းဖြစ်ပြီး မိတ်ဖက်အဖွဲ့အစည်းများသာမက လူမှုအသိုက်အဝန်းအတွင်း အပြုသဘောဆောင်သောသက်ရောက်မှုကို ဝိုင်းဝန်းဖော်ဆောင် ခြင်းဖြစ်ကြောင်း၊ လူမှုခေါင်းဆောင်မှုအရည်အချင်းများ ပျိုးထောင်ပေး၍ ဒေသတွင်းစိန်ခေါ်မှုများကို အတူတကွ ဖြေရှင်းနိုင်စေရန်နှင့် မိမိကိုယ်ကို ယုံကြည်မှုတည်ဆောက်လျက် အခြားသူတို့၏အမြင်နှင့် လိုအပ်ချက်တို့ကို တန်ဖိုးထားတတ်စေရန်၊ ကမ္ဘာကြီး၏ မတူညီသောစနစ်အမျိုးမျိုးကို နားလည်သဘောပေါက်လျက် ရေရှည်တည်တံ့ခိုင်မြဲသော အပြောင်းအလဲကို တွန်းအားပေးဖော်ဆောင်နိုင်စေရန် စသော သင်တန်းများကို သင်ကြားပေးခဲ့ရာ အလွှာမျိုးစုံ ပါဝင်သော သင်တန်းသားများကိုယ်တိုင် ဆောင်ရွက်ခဲ့ကြသည့် လက်တွေ့ဆောင်ရွက်ခဲ့မှုတို့ကို ပြန်လည်ရှင်းလင်း ပြောကြားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"တက်ကြွလှုပ်ရှားနိုင်ငံသားများ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ဟာ ကမ္ဘာလုံးဆိုင်ရာအစီအစဉ်တစ်ခုဖြစ်ပြီး လူမှုရေးဆိုင်ရာ စည်းလုံးညီညွတ်မှုနဲ့ လူမှုအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးတဲ့အစီအစဉ် တစ်ခုပါ။ မြန်မာနိုင်ငံမှာ ဆောင်ရွက်လာတာ ၁၀ နှစ်ရှိပါပြီ။ လူမှုအကျိုးပြုလုပ်ငန်းများကနေ ဒေသတွင်းအရေးကိစ္စတွေကို ဖြေရှင်းနိုင်ပြီး နိုင်ငံတွင်းနဲ့ တစ်ကမ္ဘာလုံး အတိုင်းအတာအထိ သက်ရောက်မှုတွေလည်း ရှိစေပါတယ်" ဟု ဗြိတိသျှကောင်စီမြန်မာ၏ Country Director ဒေါက်တာရစ်ချက်စန်ဒါလန်က ပြောသည်။



တက်ကြွလှုပ်ရှားနိုင်ငံသားများ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်သည် လူငယ်၊ လူရွယ်တို့အတွက် အသိပညာ ကျွမ်းကျင်မှုနှင့် စိတ်သဘောထား ပြောင်းလဲမှုတို့ကို ရရှိစေလျက် မိမိတို့ တိုင်းပြည်တွင် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာရန် လမ်းပြ ဖော်ဆောင်ပေးပြီး ခေါင်းဆောင်မှုဆိုင်ရာ စွမ်းရည်ကို မြှင့်တင်ပေးသော အစီအစဉ်တစ်ခုလည်း ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၆၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၆၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၁၀/၇၀၀ | ကျပ် | ၆၇၀/၇၀၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၂၀/၇၁၀ | ကျပ် | ၆၈၅/၇၁၅ | ကျပ် |
| အောက်တိန်း ၉၂ | ၅၆၀/၆၃၀ | ကျပ် | ၆၃၀/၆၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၇၅၀ | ကျပ် | ၇၆၅/၇၉၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၉ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၇၉ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၀ . ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၅ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၂ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၈၆ . ၇၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၁ . ၆၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၀၆၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၇၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၈ . ၇၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၂၈၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၂၈၆၅ | ၃၂၀၉၇၅၀၀ |
| MTSH | ၃၈၅၀ | ၃၈၀၀ | ၁၆၂၁၃ | ၆၁၈၄၈၅၅၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၉၅၂ | ၇၈၀၆၄၀၀ |
| FPB | ၂၂၅၀၀ | ၂၂၀၀၀ | ၈၉၉ | ၁၉၈၀၅၅၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၈၆၅ | ၂၄၆၅၂၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ

**တိုက်မောင်း**

**တစ်ယောက်အားနှင့်ယူသော်မရ၊ တစ်သောင်းအားနှင့်ယူသော်ရ၏ဆိုသော ဆိုရိုးစကားသည် ပူးပေါင်းဆောင်ရွက်မှု၏ ပြယုဂ်၊ ညီညွတ်ခြင်း၏ စွမ်းပကားကို ဖော်ညွှန်းနေသည်။ တစ်ယောက်တစ်လက် ကျောင်းသားလက်၊ စုပေါင်းညီညာ အောင်ကြောင်းဖြာ စသည့် ကြွေးကြော်သံများကိုလည်း အဖွဲ့အစည်းများတွင် ယနေ့တိုင်အသုံးပြုနေသည်ကိုတွေ့ရပါသည်။ အားလုံးကို ခြုံကြည့်သော် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ခြင်းဖြင့်သာ အောင်မြင်မှုကိုရရှိနိုင်မည်ဖြစ်သည်။**




မြန်မာ့လူ့အဖွဲ့အစည်းသည် တစ်ဦးတစ်ယောက်ချင်း အလိုက် ထူးချွန်ထက်မြက်ကြသည်မှာ အငြင်းပွားဖွယ်ရာ မရှိပါ။ သို့သော် အစုအဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်မှုတွင် အားနည်းနေသေးသည်ကို နေရာတိုင်းလိုလို၌ တွေ့မြင်နေရ၏။ နိုင်ငံတကာနှင့်ယှဉ်လျှင် မိမိတို့နိုင်ငံမှာ နောက်ကောက်ကျနေသေးသည်ကို အားမလို အားမရ ဖြစ်မိ၏။ ဘောလုံးပွဲများကို ကြည့်ပါ။ အခြားမည်သည့် နိုင်ငံနှင့်ကစား ကစား မြန်မာကို နိုင်စေချင်ကြ၏။ အမျိုးသားရေး စိတ်ဓာတ်ကြောင့်ဖြစ်၏။ အမျိုးသားရေးစိတ်ဓာတ်ရှိရုံ သက်သက်နှင့် ကျွန်တော်တို့ ထိပ်ဆုံးသို့မရောက်နိုင်သေးပါ။ ဘောလုံးကစားနည်းသည် တစ်ဦးကောင်း တစ်ယောက်ကောင်းနှင့် မရသည်ကို အားလုံးအသိ ဖြစ်၏။ ပူးပေါင်းဆောင်ရွက်မှုကောင်းပြီး အသင်းအဖွဲ့နှင့် လိုက်ပါကစားရသဖြင့် တကိုယ်ကောင်းဆန်၍မရ။ အဖွဲ့အစည်းများအောင်မြင်မှုရရှိစေရန်အတွက် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်တတ်မှုသည် အဓိကသော့ချက်ဖြစ်ပါသည်။

**စုပေါင်းလုပ်ကိုင်ဆောင်ရွက်တတ်ရေး**

ယနေ့ခေတ်ကလေးများကို စုပေါင်းလုပ်ကိုင်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ငယ်စဉ်မှစ၍ ပြုစုပျိုးထောင်ပေးသင့်ပါသည်။ အခြေခံပညာအဆင့်မှာပင် သင်ရိုးညွှန်းတမ်း၌ ထည့်သွင်းရေးဆွဲပြီး တက္ကသိုလ်ရောက်သည်အထိ လူငယ်များကို အလေ့အကျင့်ပြုလုပ်ပေးရန် လိုအပ်ပါသည်။ ဆရာ ဆရာမများ၏ အခန်းကဏ္ဍမှာ အလွန်အရေးကြီးပါသည်။ သင်ရိုးဇယားများကို ပြင်ဆင်ရေးဆွဲခြင်း၊ အတန်းတွင်း၊ အတန်းပြင် စုပေါင်းလုပ်ဆောင်နိုင်မည့် အကြောင်းအရာများ၊ လေ့ကျင့်ခန်းများ ထည့်သွင်းခြင်း၊ အားကစားနည်းများနှင့် ပတ်သက်၍လည်း တစ်ဦးချင်းမှသည် အသင်းအဖွဲ့လိုက် ကစားနည်းများကို ကျောင်းသင်ခန်းစာအချိန်ဇယားများ၌ ထည့်သွင်းခြင်းဆောင်ရွက်သင့်ပါသည်။ ဤကဲ့သို့ အတန်းစဉ်လိုက် လေ့ကျင့်ပေးခြင်းအားဖြင့် စုပေါင်းလုပ်ကိုင်ဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများကို လုပ်ငန်းခွင်အထိ ကျွဲကူးရေပါတစ်ပြိုင်တည်း ပါဝင်လာမည်ဖြစ်ပါသည်။

**ညီညွတ်သော စည်းလုံးမှုဖြင့်သာ**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်မှာ မြန်မာပြည်အတွင်း မှီတင်းနေကြသော တိုင်းရင်းသားအားလုံးက ညီညွတ်သောစိတ်ဓာတ်၊ စည်းလုံးသောခွန်အားတို့ဖြင့် တည်ဆောက်ကြမှသာ ဖြစ်နိုင်ပါသည်။ နိုင်ငံတည်ဆောက်ရာတွင် Stateholder အားလုံးပါဝင်သင့်သည်။ ဒီမိုကရေစီစနစ်တည်ဆောက်နေသောနိုင်ငံတွင် နိုင်ငံသားအားလုံးက အသိစိတ်ဓာတ်ရှိစွာဖြင့် ကိုယ့်တာကိုလုံဖို့လို၏။

ယနေ့ ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် မြင်တွေ့နေရသော မြင်ကွင်းများကို ကြည့်လိုက်ပါ။

လူကူးမျဉ်းကျားမှာ မီးစိမ်းနေတုန်းကူးကြရဲ့လား။ အမှိုက်တွေကို အမှိုက်ပုံးထဲကို ထည့်ကြရဲ့လား။ အမှိုက်ပုံး၊အမှိုက်ကန်တွေပြည့်နေတာကိုရော သက်ဆိုင်ရာဌာနက အချိန်မီလာသိမ်းရဲ့လား။ အများပြည်သူသွားလာနေတဲ့ လမ်းမတွေပေါ်ထွက်ပြီး ဈေးဗန်းခင်းနေတာကရော ဒီမိုကရေစီကျင့်ဝတ်နှင့်ညီရဲ့လား။ အဲဒီလို လမ်းမပေါ် သူတို့စိတ်ထင်ရာစိုင်းနေသူများကို စည်ပင်သာယာမှ တာဝန်ရှိသူတွေက အမြဲတစေ ကြည့်ရှုကြပ်မတ်နေရဲ့လား။ ကျူးကျော်တွေ တစ်စ တစ်စ တိုးပွားလာတာ ဘာကြောင့်လဲ။

**လစ်ရင်လစ်သလို လုပ်တတ်သောအကျင့်**

သန့်ရှင်းထားသော အိမ်သာကို လူတိုင်းတက်ချင်ကြသည်။ သို့သော် အများသုံးအိမ်သာသုံးပြီးတိုင်း စနစ်တကျ သန့်ရှင်းခဲ့ကြရဲ့လား။ လျှပ်စစ်မီးတွေ ထိန်ထိန်ညီးနေအောင် နေချင်ကြသည်။ ရေတွေဖောဖောသီသီ သုံးချင်ကြသည်။ သို့သော် ဖြုန်းတီးနေကြသလား။ မလိုအပ်ဘဲ မီးတွေဖွင့်ပြီးသုံးနေတာလား။ လျှံနေသော ရေဘားတွေကို မြင်ရင် အလိုက်တသိ ပိတ်ခဲ့ကြရဲ့လား။ သက်သောင့်သက်သာဖြင့် ခရီးသွားလိုကြသည်။ အခါကြီး ရက်ကြီးဆိုလျှင် ယာဉ်စီးခဈေးနှုန်းတွေ ပုံမှန်ရောင်းကြရဲ့လား။ ဖနောရီကျော်လျှင် ဟိုအရင်လို အောက်ဆိုက်ကားဆိုပြီး ဆွဲချင်နေကြတုန်း။ လစ်ရင်လစ်သလို လုပ်တတ်သော အကျင့်များကို ကျွန်တော်တို့ အရင်ပြင်ရမည်ထင်ပါသည်။

ကောင်းသည့်နေရာများတွင် ညီအောင် ကျွန်တော်တို့ တစ်ယောက်ချင်းမှအစပြု၍ အချိန်မီပြုပြင်သင့်ပါပြီ။ ကျွန်တော်တို့ ပြည်သူအားလုံးညံ့မနေ၊ ဆိုးမနေပါ။ စည်းကမ်းလိုက်နာပြီး အများကောင်းကျိုးကို သယ်ပိုးနေသူများလည်း ဒုနှင့်ဒေးရှိနေပါသည်။ ကောင်းသောသူများ များလာဖို့ လိုပါသည်။ ကောင်းသောသူများ ညီညွတ်လာဖို့ လိုပါသည်။ နေ့စဉ်လမ်းပေါ်တွင် အမှိုက်ကောက်နေသူတစ်ဦးတွေ့ပြီး အဆိုပါလမ်းမှာ သန့်ရှင်းသပ်ရပ်နေပါက သင့်အနေဖြင့် အဆိုပါလမ်းပေါ်တွင် စည်းကမ်းမဲ့စွာ အမှိုက်ပစ်နေပါဦးမည်လား။ ဆေးလိပ်မသောက်ရဟု ရေးထားသောနေရာတွင် သင်တစ်ဦးတည်း ဆေးလိပ်သောက်နေပါက သင့်ကိုသင် လိပ်ပြာလုံပါမည်လား။ စည်းကမ်းသည် လူ၏တန်ဖိုးဟု ကျွန်တော်တို့ငယ်စဉ်ကတည်းက သိခဲ့ကြသည်။ ဒီမိုကရေစီစနစ်၏ အခြေခံသည် စည်းကမ်းရှိခြင်းဖြစ်သည်။ လွတ်လပ်မှုသည် ပရမ်းပတာပြုမူနေထိုင်ခြင်းမဟုတ်။ ထို့ကြောင့် ကျွန်တော်တို့ ပြည်သူအားလုံး စည်းကမ်းဘောင်အတွင်း၌ ညီညွတ်စွာဖြင့် နေထိုင်လုပ်ကိုင်ကြဖို့ အချိန်တန်နေပါပြီ။

**သင်ဆရာ၊ မြင်ဆရာများ အရေးကြီး**

စုပေါင်းလုပ်ကိုင်တတ်မှုကို အခြေခံကျောင်းများတွင် ဆရာ ဆရာမများက စနစ်တကျ လေ့ကျင့်သင်ကြားပေးလိုက်ကြရမည်။ အိမ်တွင်လည်း ဝိုင်းလုပ်ဝိုင်းစား သဘောမျိုး ရုံးပိတ်ရက်၊ အလုပ်ပိတ်ရက်များတွင် စုပေါင်းချက်ပြုတ်စားသောက်ခြင်း၊ မိသားစုအလိုက် လမ်းလျှောက်ခြင်း၊ ရုံဖန်ရံခါ ခရီးထွက်ခြင်း၊ ဘုရားပေါ်တက်၍ ကုသိုလ်ယူခြင်းများကို ပြုလုပ်နိုင်ပါသည်။ ယနေ့လူငယ်များသည် အတုမြင်အတတ်သင်လွယ်ကြသူများဖြစ်သည်။ အစ်ကိုဖြစ်သူက ဖုန်းတစ်လုံးနှင့် ဂိမ်းဆော့နေပါက ညီငယ်ဖြစ်သူကလည်း အခြားဖုန်းတစ်လုံးကိုင်၍ ဂိမ်းဆော့ချင်လာသည်။ ထိုနည်းတူ အမေဖြစ်သူက ဘုရားစင်ရှေ့တွင် နေ့စဉ်ဘုရားရှိခိုးတာ မြင်တွေ့လာရင်း သားငယ်လေးပါ ဘုရားရှိခိုးရန် ရောက်ရှိလာတတ်ပါသည်။ အဖေဖြစ်သူက ညနေပိုင်း အိမ်တွင်အရက်ကလေး တမြမြနှင့် ဆက်ရက်မင်းစည်းစိမ်ခံနေတာကို အရွယ်ရောက်လာပြီဖြစ်သော သားကြီးက အားကျလာနိုင်သည်။ ကွယ်ရာတွင် သူငယ်ချင်းနှင့်သွေးတိုးစမ်း၍ သောက်ကြည့်နေနိုင်သည်။ အိမ်တွင် မိဘများသည် သင်ဆရာ၊ မြင်ဆရာများဖြစ်သကဲ့သို့ ကျောင်းတွင် ဆရာ ဆရာမများသည် စံနမူနာကောင်းများဖြစ်ကြပါသည်။ ကျွန်တော်တို့ မိဘကောင်း၊ ဆရာ ဆရာမကောင်းများ ဖြစ်ကြရပါမည်။ သို့မှသာ အနာဂတ်တိုင်းပြည်သည် စည်းကမ်းရှိပြီး လိမ္မာယဉ်ကျေးသောလူငယ်များ လက်ထဲတွင် စည်ပင်သာယာဖွံ့ဖြိုးလာမည် မဟုတ်ပါလား။

**ကိုယ့်ကျိုးထက် တိုင်းပြည်တိုးတက်ရေး ဦးစားပေး**

ငြိမ်းချမ်းရေးရရန် အားလုံးကကြိုးပမ်းအားထုတ်နေသည်ကို တွေ့ရသည်။ ငြိမ်းချမ်းရေးခရီးသည် ရှေရှည်ခရီးဖြစ်၏။ သို့သော် ပန်းတိုင်မရှိသော ခရီးတော့မဟုတ်။ စိတ်ရှည်ရမည်။ သည်းခံရမည်။ ယုံကြည်မှုရအောင် တည်ဆောက်ရသည်။ နှစ်ဖက်လိုလားချက်များ အချိန်ယူ ညှိနှိုင်းရသည်။ ဤနေရာတွင် မိမိတို့ကိုယ်ကျိုးစီးပွားထက် တစ်တိုင်းပြည်လုံး၏ တိုးတက်ရာတိုးတက်ကြောင်းကို ဦးစားပေးပြီး ညီညီညွတ်ညွတ် စဉ်းစားဆောင်ရွက်လာနိုင်ပါက ငြိမ်းချမ်းရေးချိုးကူသံသည် မိုးယံသို့ညံလာမည် မဟုတ်ပါလား။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း လုပ်နေဖို့ အချိန်မရှိတော့ပါ။ ကျွန်တော်တို့ လျှောက်ချင်သော ဒီမိုကရေစီခရီးလမ်းသည် ချောမွေ့နေဖို့လိုသည်။ ရေကြည်ကိုသောက်ချင်မှတော့ နောက်နေတဲ့ ရေတွေကိုကုန်အောင် မြန်မြန်ခပ်ထုတ်ရုံကလွဲလို့ တခြားရှိပါဦးမည်လား။ အခုပဲ ကျွန်တော်တို့ လက်ချင်းချိတ်လိုက်ရအောင်။ ။

> “မြန်မာ့လူ့အဖွဲ့အစည်းသည် တစ်ဦးတစ်ယောက်ချင်းအလိုက် ထူးချွန်ထက်မြက်ကြသည်မှာ အငြင်းပွားဖွယ်ရာမရှိပါ။ သို့သော် အစုအဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်မှုတွင် အားနည်းနေသေးသည်ကို နေရာတိုင်းလိုလို၌ တွေ့မြင်နေရ၏။ နိုင်ငံတကာနှင့်ယှဉ်လျှင် မိမိတို့နိုင်ငံမှာ နောက်ကောက်ကျနေသေးသည်ကို အားမလို အားမရ ဖြစ်မိ၏”

## မင်းတပ်မြို့၌ နယ်လှည့်စာအုပ်ဈေးရောင်းပွဲတော် ကျင်းပ



**မင်းတပ် မတ် ၁၅**

ချင်းပြည်နယ် မင်းတပ်မြို့ စံပြရပ်ကွက် မင်းတပ်-မတူပီကားလမ်း၌ ယမန်နေ့မှစတင်၍ မတ် ၂၀ ရက်အထိ နယ်လှည့်စာအုပ်ဈေးရောင်းပွဲတော်ကို တစ်ပတ်ကြာ ကျင်းပပေးနေပြီဖြစ်ကြောင်း နယ်လှည့်စာအုပ်ဈေးရောင်းသူများအဖွဲ့ခေါင်းဆောင် ကိုငြိမ်းထက်ထံမှ သိရသည်။ **(ယာပုံ)**

အဖွဲ့ခေါင်းဆောင် ကိုငြိမ်းထက်က “ချင်းပြည်နယ်မှာတော့ တောင်ပေါ်ဒေသခရီးစဉ်တစ်ခုအနေနဲ့ ကန်ပက်လက်နဲ့ မင်းတပ်မြို့မှာ လာရောက်ပြီး ရောင်းတာက ပထမဆုံးအကြိမ်ပါ။ ကျောက်ထုမြို့နဲ့ ဆောမြို့မှာလည်း ရောင်းခဲ့ပါတယ်။ ရောင်းခဲ့တဲ့ ဒေသတွေအနေနဲ့ကတော့ အခုတစ်ကြိမ်ဟာ စတုတ္ထအကြိမ်မြောက်ဖြစ်ပါတယ်။ ကျန်တဲ့တောင်ပေါ် ဒေသမြို့တွေမှာသွားပြီး ရောင်းဖို့လည်း ရှိပါတယ်။ ကလေးစာပေပွဲတော်တွေမှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီးရောင်းတာတွေ ရှိပါတယ်။ နယ်လှည့်ပြီး စာအုပ်ဈေးရောင်းခြင်းအားဖြင့် ဒေသန္တရဗဟုသုတတွေလည်းရတယ်။ အများအားဖြင့်တော့ ကျောင်းနေအရွယ်ကလေးတွေအတွက် ကလေးစာပေတွေ၊ သုတ၊ ရသစာအုပ်တွေ ရောင်းတာများပါတယ်။ အဓိက ရည်ရွယ်ချက်ကတော့ ဒေသခံပြည်သူတွေ စာဖတ်ရှိန်မြင့်လာအောင်နဲ့ စာဖတ်ခြင်းအားဖြင့် ကမ္ဘာ့အရပ်ရပ်မှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေသိမယ်။ အသိပညာ၊ ဗဟုသုတတွေတိုးလာမယ်၊ စာဖတ်ချင်စိတ်တွေ ဖြစ်ပေါ်လာအောင် ဆွဲဆောင်တဲ့အနေနဲ့ လာရောက်ရောင်းဖြစ်တာပါ။ မတ် ၂၁ ရက်မှာ မင်းတပ်မြို့ပေါ်က မိဘပြည်သူတွေကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ကဗျာဆရာတွေနဲ့ ပူးပေါင်းပြီးတော့ တစ်ယောက်ကို စာအုပ်နှစ်အုပ်နှုန်းနဲ့ စာအုပ်တွေကို အခမဲ့အလှူလုပ်ဖို့ ရှိပါတယ်။ သူတို့ကြိုက်တဲ့ စာအုပ်တွေကို ပေးသွားမှာပါ။ ကျွန်တော်တို့ဆီက စာအုပ်နှစ်အုပ်ဝယ်ရင် နောက်ထပ် နှစ်အုပ်ထပ်ရတော့ စာဖတ်သူပရိသတ်တွေအနေနဲ့ စာအုပ်၊ စာပေအပေါ်ပိုပြီး အာရုံစိုက်လာမယ်။ အဓိကကတော့ စာဖတ်သူပရိသတ်တွေ၊ ကလေးတွေနဲ့ စာအုပ်ဝယ်မဖတ်နိုင်တဲ့သူတွေအတွက်ပေါ့၊စာအုပ်စာပေတွေ ပိုမိုဖတ်ဖြစ်လာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တဲ့သဘောပါ။ ကျွန်တော်တို့က စာအုပ်၊ စာပေကို ချစ်မြတ်နိုးတယ်၊ ခုံမင်တယ်။ အဲဒါကြောင့်လည်း နယ်လှည့်ပြီး စာအုပ်ဈေးရောင်းဖြစ်တာ ပါ” ဟု ပြောသည်။

အဆိုပါ နယ်လှည့်စာအုပ်ဈေးရောင်းပွဲတော်ကို မတ် ၁၄ ရက်မှ ၂၀ ရက်အထိ တစ်ပတ်ကြာ ရောင်းချပေးမည် ဖြစ်ပြီး မတ် ၂၁ ရက်တွင် စာအုပ်များကို အခမဲ့အလှူလုပ်မည် ဖြစ်ကြောင်း သိရသည်။

**ခွီရှိန်း (ပြန်/ဆက်)**

# ပြည်တွင်းဈေးကွက် ဝယ်လိုအားကောင်းမွန်မှုကြောင့် ပြောင်းစိုက်တောင်သူများအဆင်ပြေ

**ရေတာရှည် မတ် ၁၅**

ရာသီအလိုက် စိုက်ပျိုးရေးကိုအဓိကအားထားလုပ်ကိုင်ကြသည့် တောင်သူများအနေဖြင့် သီးနှံပေါ်ချိန်တွင် ဈေးကွက်ကောင်းမွန်မှု မရှိသည့်အတွက် နှစ်စဉ်လိုလို အခက်အခဲများစွာဖြင့် ကြုံတွေ့နေကြရပြီး ယခုနှစ် နွေကာလ ပဲအမျိုးမျိုးနှင့် ပြောင်းဈေးကွက်ပေါ်ချိန်၌ ဈေးကွက်ကောင်းမွန်၍ စိုက်ပျိုးလုပ်ကိုင်ကြသည့် တောင်သူတိုင်းလိုလို အဆင်ပြေကြသည်ကို တွေ့ရှိရသည်။



ဈေးကွက်ပို့ရန်ပြောင်းဖူးများကို ချိုးယူနေစဉ်။

ရေတာရှည်မြို့နယ်အတွင်း သပြေတန်းကျေးရွာမှာ ဆွာချောင်းဆည်တမံမှ ရေပေးဝေမည့် စီမံချက်၌ ပါဝင်မှုမရှိ၍ နွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိသည့် တောင်သူများအနေဖြင့် ပဲအမျိုးမျိုးနှင့် ပြောင်းကို အဓိကစိုက်ပျိုးလျက်ရှိရာ ပြောင်းစိုက်ပျိုးသူများအနေဖြင့် လက်ရှိဈေးကွက် ဝယ်လိုအားကြောင့် အဆင်ပြေလျက်ရှိကြောင်း သပြေတန်းကျေးရွာနေ ပြောင်းစိုက်တောင်သူ ဦးစိန်မိုးက ပြောသည်။

"ကျွန်တော်တို့ စိုက်တဲ့မျိုးက ထိုင်းကလာတဲ့ ဖန်စီချိတ်ကြီးနဲ့ ပံနာနီမျိုးတွေပါ။ ပြောင်းစိုက်ပျိုးတဲ့ကုမ္ပဏီတွေက စိုက်နည်းစနစ်တွေကို လာရောက်ပြသတာရှိတယ်။ သူတို့က လည်း စက်နဲ့စိုက်ပျိုးပေးတာ တစ်ဧကကို အပင်ရေ၂၀၀၀၀ လောက်ဝင်တော့ သေတာပျက်စီးတာပြန်နုတ်ရင် အဖူးရေ ၁၈၀၀၀ လောက်ထွက်တယ်။ လက်ရှိရောင်းရတာက မြို့တွေမှာ ပြောင်းဖူးပြုတ် ပြန်ရောင်းတဲ့သူတွေရှိတယ်။ လမ်းသွားလမ်းလာတွေက ဝင်ပြီးဝယ်တာတွေရှိတယ်။ အဖူးအကြီးအသေးပေါ်မူတည်ပြီး ငွေကျပ် ၁၀၀ ကနေ ၁၅၀ အထိ ရောင်းရပါတယ်။ ကုန်ကျစရိတ်အနေနဲ့ကတော့ ထွန်ယက်ခ၊ မျိုးဖိုး၊ လုပ်သားစရိတ်၊ ရေသွင်းရေတင်တာ၊ ဓာတ်မြေသြဇာဖိုးက တစ်ဧကကို ငွေကျပ် ငါးသိန်းဝန်းကျင်လောက် ကုန်ကျပေမယ့် ခုလက်ရှိ ပြောင်းဈေးကွက်အရဆိုရင် စပါးစိုက်တာထက်ပိုကိုက်တယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

**သန်းလွင်**

# အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်းသစ် မေလတွင် အခမဲ့ဖွင့်လှစ်မည်

**ရေစကြို မတ် ၁၅**

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ရေစကြိုမြို့)၌ စက်ချုပ်သင်တန်းကို မေလတွင် အခမဲ့ဖွင့်လှစ်သွားမည်ဖြစ်သည် ဟု သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ဒုတိယအကြိမ် သင်တန်းသစ်ကို မေ ၁၁ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းမှာ ၁၈ ပတ် ကြာမြင့်မည်ဖြစ်ပြီး အင်္ကျီချုပ်ပုံအမျိုးမျိုး၊ ဇာထိုးပန်းထိုးအမျိုးမျိုး၊ လက်ကိုင်ခြင်းအမျိုးမျိုး၊ ဆွဲခြင်းအမျိုးမျိုး၊ ဆံလိပ်ဆံအုပ်စသည်တို့ ပြုလုပ်နည်းများကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အိမ်တွင်းမှုစက်ချုပ်သင်တန်းကို တက်ရောက်လိုသူများမှာ အသက် ၁၈ နှစ်မှ ၃၀ အတွင်း ရှိရမည်ဖြစ်ပြီး အတန်းပညာအရည်အချင်းကို ကန့်သတ်ထားခြင်းမရှိကြောင်း သိရသည်။

"မည်သူမဆိုတက်ရောက်ခွင့်ရှိပါတယ်။ တက်ချင်တယ်ဆိုရင် ကျေးရွာအုပ်ချုပ်ရေးမှူးကနေလည်း စာရင်းပေးလို့ရပါတယ်။ သင်တန်းကျောင်းကို လာပြီးတော့လည်း စာရင်းပေးလို့ရပါတယ်။ လာရောက်တက်ချင်တဲ့ဆန္ဒရှိတယ်ဆိုရင်၊ ကျောင်းမှာအခမဲ့နေချင်တယ်ဆိုလို့ရှိရင်၊ နေစရိတ်စားစရိတ်အဆောင်စရိတ် အခမဲ့၊သင်တန်းသုံးပိတ်စကအစ အခမဲ့၊ ကျောင်းမှာအဆောင်နေ ကျောင်းသူအဖြစ် လက်ခံပါတယ်"ဟု အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးအောင်က ပြောသည်။

**အိမွန်ဆွေ(ရေစကြို)**

# ပြီးခဲ့သည့်ရက်ပိုင်းက ဈေးအနည်းငယ်မြင့်တက်လာသော ကြက်သွန်နီဈေး ပြန်ကျလာ

**ရန်ကုန် မတ် ၁၅**

မတ် ၁၃ ရက် နံနက်ပိုင်းက ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီပိဿာချိန် နှစ်သိန်းတစ်သောင်း ဝင်ရောက်လာပြီး ဈေးနှုန်းကျဆင်းရာမှ ရန်ကုန်မြို့တွင်း ဆန်၊ ဆီ၊ ကြက်သွန်နှင့် အစားအသောက်လူသုံးကုန်များကို စိုးရိမ်စိတ်များကြောင့် ဝယ်ယူသူများလာ၍ ယင်းနေ့မွန်းလွဲပိုင်းတွင် ကြက်သွန်လက်လီလက်ကား ဈေးနှုန်းများ မြင့်တက်လာသည်။

မတ် ၁၃ ရက် နံနက်ပိုင်းတွင် ဆိပ်ဖြူကြက်သွန်နီ လက်ကား တစ်ပိဿာ ငွေကျပ် ၆၀၀-၇၅၀-၇၅၀-၇၀၀ နှုန်း၊ မြစ်သား ငွေကျပ် ၇၀၀- ၉၀၀- ၉၅၀- ၈၀၀ နှုန်းသာ ရှိသော်လည်း မတ် ၁၄ ရက်တွင်မူ ဒိုင်ဖွင့်ဈေး ဆိပ်ဖြူတစ်ပိဿာ ငွေကျပ် ၇၅၀-၉၀၀-၉၀၀-၈၅၀ နှုန်း၊ မြစ်သား ငွေကျပ် ၉၀၀-၁၁၀၀-၁၁၀၀-၁၀၀၀ နှုန်း ရှိလာသည်ဟု ရန်ကုန်ဈေးကွက် ကြက်သွန်နီပွဲရုံများ နေ့စဉ်ကုန် ဈေးနှုန်းများမှ သိရသည်။

သို့သော် မတ် ၁၄ ရက်တွင် ကြိုတင်ဝယ်ယူမှုများ လျော့ကျသွားပြီး ပုံမှန်အရောင်းအဝယ်အနေအထားသို့ ရောက်ရှိလာခြင်း၊ နယ်ကြက်သွန်နီထွက်ရှိရာဒေသ ဈေးကွက်များတွင် ဈေးနှုန်း ကျနေခြင်းများကြောင့် ရန်ကုန်ဈေးကွက်အတွင်း မွန်းလွဲပိုင်းမှစ၍ ဒိုင်ဖွင့်ဈေးနှုန်းထက် ဈေးနှုန်းလျှော့ရောင်းလာသည်ဟု ကြက်သွန်နီအဝယ်တော် ကိုထွန်းက ဆိုသည်။

တနင်္လာနေ့တွင် ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီပိဿာချိန် သုံးသိန်းကျော် ဝင်နိုင်မည်ဟု နယ်ကြက်သွန်ကုန်သည်များ၏ ပြောဆိုသတင်းပေးထားချက်များအရ ရေတမာလမ်းရှိ ကြက်သွန်နီပွဲရုံအချို့က ပြောဆိုလာသည်။

ယခုလပိုင်းနယ်များတွင် ကြက်သွန်နီအထွက် လှိုင်လာနေသော်လည်း အနောက်ဘက်နယ်စပ်ပို့ရန် ဝယ်ယူမှုမရှိခြင်း၊ မူဆယ်နယ်စပ်အပို့ နည်းခြင်းတို့ကြောင့် ရန်ကုန်ဈေးကွက်သို့သာ တင်ပို့နေရသည်။

ပခုက္ကူဈေးကွက်သို့ ကြက်သွန်နီပိဿာချိန် နေ့စဉ်တစ်သိန်းဝန်းကျင် ဝင်ရောက်နေသည်။

မတ် ၇ ရက် ယင်းဈေးကွက်အတွင်း ကြက်သွန်နီတစ်ပိဿာအမြင့်ဆုံးဈေး ငွေကျပ် ၇၅၀ ရှိရာမှ မတ် ၁၄ ရက်တွင် ၅၇၅ ကျပ်နှုန်းသာရှိသည်ဟု ပခုက္ကူ ဈေးကွက်သတင်းများအရ သိရသည်။

ကာလတူများဖြစ်သော ၂၀၁၉ မတ် ၁၄ ရက်တွင် ဆိပ်ဖြူလက်ကား တစ်ပိဿာ ငွေကျပ် ၃၅၀-၄၅၀-၅၀၀-၅၀၀၊ မြစ်သား ငွေကျပ် ၆၀၀-၈၀၀-၈၅၀-၇၀၀ နှုန်း ၂၀၁၈ ခုနှစ် မတ် ၁၄ ရက်တွင် ဆိပ်ဖြူ ငွေကျပ် ၆၀၀-၈၅၀-၉၀၀-၉၀၀၊ မြစ်သား ငွေကျပ် ၁၀၅၀-၁၃၅၀-၁၃၅၀-၁၃၅၀ နှုန်းသာရှိသည်ဟု ဈေးနှုန်းဟောင်းများအရ သိရသည်။



**ခင်ဆိုင်**

# ကန့်ကြီးထောင့်မြို့နယ်အတွင်းရှိကျေးရွာများ သောက်သုံးရေပြတ်လပ်မှုဖြစ်ပေါ်ပါက အကူအညီတောင်းခံနိုင်

**ကန့်ကြီးထောင့် မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုများဖြစ်ပေါ်ခဲ့ပါက မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်ထံမှ သိရသည်။

ကန့်ကြီးထောင့်မြို့နယ်အတွင်း၌ ကျေးရွာအုပ်စု ၇၃ အုပ်စု၊ ကျေးရွာပေါင်း ၃၈၆ ရွာရှိပြီး ယခုနှစ် နွေရာသီကာလအတွင်း ကျေးရွာများတွင် သောက်သုံးရေပြတ်လပ်မှုများနှင့် ကြုံတွေ့လာပါက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးဖုန်း ၀၄၂-၄၅၁၈၅၊ ၀၄၂-၄၅၂၂၅ သို့လည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်၊ ဖုန်း ၀၉-၄၂၂၄၈၀၃၃၆ ၊ ၀၉-၇၈၄၃၆၃၂၆၁ သို့လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ရွှေရည်ဖြိုး ဖုန်း ၀၉-၉၇၂၂၇၉၅၂၄ နှင့် ဒေါ်ဖြိုးမြတ်သူ ဖုန်း ၀၉-၇၉၄၅၃၅၅၈၅ တို့သို့လည်းကောင်း ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**နန်းထိုက် (KGD)**

# ထန်းတပင်မြို့ ရေပေါ်သောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်ဂဝံလမ်း ဖောက်လုပ်နေ

**ထန်းတပင် မတ် ၁၅**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ၏ စပါးသယ်ယူမှုများကို ငွေကြေးကုန်ကျမှုစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ လျှင်မြန်စွာရောက်ရှိနိုင်စေရန်နှင့် ပျက်စီးလွယ်သောသီးနှံများ သယ်ယူပို့ဆောင်ချိန်တွင် ပျက်စီးဆုံးရှုံးမှုများလျော့နည်းစေရန်အတွက် ကျေးလက်ကုန်ထုတ်ဂဝံလမ်းကို ရေပေါ်သောင်ကျေးရွာတွင် ဖောက်လုပ်လျက်ရှိသည်။**(အောက်ပုံ)**

အဆိုပါလမ်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု အစိုးရခွင့်ပြုရန်ပုံငွေကျပ်သိန်း၂၃ ဒသမ ၅၀ ဖြင့် အရှည်ပေ ၂၁၇၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၆၁ ဒသမ ၇၈ သန်းဖြင့် အရှည်ပေ ၆၀၀၀၊ အကျယ် ၁၂ ပေနှင့် ထု ၉ လက်မကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ပြည်ထောင်စုအစိုးရခွင့်ပြုရန်ပုံငွေဖြင့် နှင်းဝေစိုးမိသားစု ကုမ္ပဏီနှင့် တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် စောသစ္စာမိသားစုကုမ္ပဏီတို့မှ တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးနိုင်က ရှင်းပြသည်။

အဆိုပါ လမ်းကို ဇန်နဝါရီလ တတိယပတ်မှစတင်ကာ ဆောင်ရွက်လျက်ရှိရာ ၅၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ပြီး ကျေးရွာဂဝံကုန်ထုတ်လမ်း ဆောင်ရွက်ပြီးပါက တောင်သူများ၏ စိုက်ပျိုးလယ်ယာမြေဧက ၆၀၀ ကျော်တို့၏ လယ်ယာထွက်ကုန်သီးနှံများကို ကုန်ကျစရိတ်များ သက်သာစွာဖြင့် သယ်ယူဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



# ချောက်မြို့နယ်အတွင်း ကျေးရွာခြောက်ရွာ၌ စက်ရေတွင်းတူးဖော်

**ချောက် မတ် ၁၅**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်း ကျေးလက်ဒေသ နွေရာသီ ရေရှားပါးပြတ်လပ်မှုမရှိစေရေးနှင့် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ မြို့နယ်အတွင်းရှိ ကျေးရွာများတွင် အဝီစိ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၈၁ ဒသမ ၈၇ သန်းဖြင့် ထိန်စမ်းကျေးရွာ၊ တည်ပင်ကန်ကျေးရွာ၊ ကံသာကျေးရွာများတွင် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကိုလည်းကောင်း၊ အပူပိုင်းဇုန်ကျေးလက်ရေရရှိရေး JICA စီမံကိန်းခွင့်ပြုရန်ပုံငွေ ၇၀ ဒသမ ၈၀၉ သန်းဖြင့် ဆူးတပ်ကျေးရွာ၊ ထန်းစုရွာသစ်ကျေးရွာနှင့် မြေစွန်း(အနောက်)ကျေးရွာများ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကိုလည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း" ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မေသက်နိုင်က ပြောသည်။

အဆိုပါကျေးရွာခြောက်ရွာတွင် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ကျေးရွာခြောက်ရွာရှိ အိမ်ခြေ ၇၈၁ အိမ်၊ လူဦးရေ ၃၇၈၀ နှင့် ကျွဲ၊ နွားတိရစ္ဆာန်များ၏ သောက်သုံးရေအတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုးကျော်**

# ကမ်းလွန်လုပ်ကွက် မဆောင်ရွက်မီ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လူထုတွေ့ဆုံဆွေးနွေးပွဲ မြိတ်မြို့၌ပြုလုပ်

**မြိတ် မတ် ၁၅**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(MOGE)နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသော PTTEPI ကုမ္ပဏီက တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကမ်းလွန်လုပ်ကွက်အမှတ် M9 တွင် တူးဖော်ရေးလုပ်ငန်းများ မဆောင်ရွက်မီ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ (ဒုတိယအကြိမ်) လူထုတွေ့ဆုံဆွေးနွေးပွဲကို မတ် ၁၃ ရက်က မြိတ်မြို့ သာကေတရပ်ကွက်ရှိ မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြန်မာ့ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကိုယ်စားလှယ် ဦးနေအောင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး PTTEPI ကုမ္ပဏီမှ ဘူမိ/ရူပဌာနအရာရှိ ဦးရဲရင့်ထွန်းက ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်မှု လုပ်ကွက်အမှတ်(M9) လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းသည်။ ထို့နောက် PTTEPI ကုမ္ပဏီအတွက် ပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့သော E.Guard Environmental Services မှ တာဝန်ရှိသူတစ်ဦးက ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် နယ်ပယ်တိုင်းတာခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စစ်တမ်းကောက်ယူခြင်း၊ ရေနေ အနုဇီဝအပင်၊ သတ္တဝါနှင့် ပင်လယ်ကြမ်းပြင်နေ သတ္တဝါများ သွားလာလှုပ်ရှားမှုစစ်တမ်းများ ရှာဖွေလေ့လာခြင်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်းကို ထိခိုက်မှုမရှိစေရေး၊ တွင်းတူးဖော်စဉ် ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ထိခိုက်မှုမရှိစေရေးနှင့် လုပ်ငန်းခွင်ဧရိယာအတွင်း သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုမရှိရေး လေ့လာအကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကာ ကုမ္ပဏီမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများ၊ PTTEPI ကုမ္ပဏီမှ တာဝန်ရှိသူများ၊ PTTEPI ကုမ္ပဏီ၏ သဘာဝပတ်ဝန်းကျင် အကဲဖြတ်ဆန်းစစ်ခြင်းဆိုင်ရာ အကြံပေးကုမ္ပဏီဖြစ်သည့် AECOM(Thailand) Limited နှင့် E.Guard Environmental Services မှ ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**မြင့်ဦး(မြိတ်)**



# ကမ္ဘာ့ စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနား နေပြည်တော်၌ကျင်းပ

**နေပြည်တော် မတ် ၁၅**

နေပြည်တော် စားသုံးသူရေးရာဦးစီးဌာနက ဦးဆောင်စီစဉ်၍ ကမ္ဘာ့ စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို မတ် ၁၅ ရက်က ပျဉ်းမနားမြို့နယ်ရှိ အာဟာရသုခဈေး၌ ကျင်းပခဲ့သည်။




ကမ္ဘာ့ စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနား ကျင်းပနေစဉ်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ကုန်ပစ္စည်း၊ အသုံးအဆောင်တစ်ခုကို စားသုံးသူများက ဝယ်ယူသုံးစွဲသည့်အခါ အရည်အသွေးပြည့်မီကောင်းမွန်ပြီး မှန်မှန်ကန်ကန်ဖြစ်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့်လည်း စားသုံးသူရေးရာဥပဒေအရ စားသုံးသူများတွင် နစ်နာမှု မရှိရလေအောင်၊ အသိပညာဗဟုသုတများ တိုးပွားလာအောင် နည်းပေါင်းစုံဖြင့် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူး(စားသုံးသူရေးရာဌာနခွဲ)က စားသုံးသူအခွင့်အရေး(၈)ချက်ကို ရှင်းလင်းပြောကြားပြီး နေပြည်တော် သောက်ရေသန့်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်ဝင်းက စားသုံးသူများ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ စားသုံးသူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ဆောင်ရွက်ပေးမည့် လုပ်ငန်းများအကြောင်းကို ရှင်းလင်းဆွေးနွေးပြီးနောက် နေပြည်တော် စားသုံးသူရေးရာဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက စားသုံးသူရေးရာ အသိပညာပေး လက်ကမ်းစာစောင်များကို အာဟာရသုခဈေးအတွင်းမှ ဈေးရောင်းဈေးဝယ်ပြည်သူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# ကနီမြို့နယ် နတ်ကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်း မြေသားပြုပြင်ခြင်းလုပ်ငန်းများ ၁၂ ရာခိုင်နှုန်းပြီးစီး

**ကနီ မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် နတ်ကြီးကျေးရွာအနီး တည်ဆောက်လျက်ရှိသော နတ်ကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ မြေသားပြုပြင်ခြင်းလုပ်ငန်းများ ၁၂ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်မောင်သန်း၏ ပြောကြားချက်အရ သိရသည်။

"ပင်မရေလွှတ်မြောင်း မြစ်ရေတင်လုပ်ငန်းလုပ်ဖို့ မတ်စောက်တဲ့ ကမ်းပါးတွေကို ဖြိုချတဲ့လုပ်ငန်းတွေ စတင်လုပ်ဆောင်ခဲ့တာ မြေသားလုပ်ငန်းတွေ ၁၂ ရာခိုင်နှုန်း ပြီးစီးသွားပါပြီ၊ စီမံကိန်းကတော့ နှစ်နှစ်ကြာမှာ ဖြစ်ပါတယ်၊ အခု လျှပ်စစ်မြစ်ရေတင်စီမံကိန်း အကောင်အထည်ဖော်တဲ့ ဒေသက စိုက်ပျိုးရေးလုပ်ငန်းကို လက်ရှိမှာ မိုးကိုမျှော်ပြီးတော့ စိုက်ပျိုးကြတဲ့ဒေသဖြစ်တဲ့အတွက် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ပြီးသွားရင် စိုက်ပျိုးရေးလုပ်ငန်းကို အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

နတ်ကြီး လျှပ်စစ်မြစ်ရေတင် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ ကျပ်သန်း ၇၅၀ ဖြင့် ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှ စတင် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိပြီး စီမံကိန်းတစ်ခုလုံးအတွက် ကျပ်သန်း ၁၅၀၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ဖာပွန်မြို့၌ လျှပ်စစ်ကြောင့်ဖြစ်သည့် မီးဘေး(သည်းတွင် ကြိုတင်ကာကွယ်) ... 

# ဖာပွန်မြို့၌ လျှော်ဘေးဖြစ်လျှင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင်နေထိုင်နည်း သရုပ်ပြလေ့ကျင့်

**ဖာပွန် မတ် ၁၅**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် မဲသလွတ်ကျေးရွာအုပ်စု ဇွဲနောင်ကျေးရွာမှ ပြည်သူများအား သဘာဝဘေးအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောပွဲနှင့် ငလျင်ဘေးအန္တရာယ် ဖြစ်ပွားပါက ထိခိုက်မှုအနည်းဆုံးဖြစ်အောင်နေထိုင်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၁၅ ရက်က ပြုလုပ်ခဲ့သည်။

ဇွဲနောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည့် ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိဦးကျော်ကျော်အောင်က ငလျင်ဘေးအန္တရာယ်၊ မုန်တိုင်း ဘေးအန္တရာယ်နှင့် ရေဘေးအန္တရာယ်အကြောင်း သိကောင်းစရာများကို အသေးစိတ် ရှင်းလင်းဟောပြောသည်။

ထို့နောက် မြို့နယ်မီးသတ်ဌာနမှ တပ်ကြပ်ကြီး စိုင်းကျော်ဇင်အောင်က ငလျင်ဘေး ကျရောက်လာပါက ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် နေထိုင်နိုင်ရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်မြန်ဆန်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကြိုတင်သရုပ်ပြလေ့ကျင့်မှုများကို ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ် မီးသတ်ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်များ မကျရောက်မီ၊ ကျရောက်ချိန်နှင့် ကျရောက်ပြီးချိန်များတွင် ကြိုတင်နှိုးဆော်ခြင်း၊ ငလျင်လှုပ်လျှင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် နေထိုင်နည်းနှင့် ငလျင်လှုပ်မှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးဆောင်ရွက်ပုံများ၊ ရှာဖွေကယ်ဆယ်ရေး ပြုလုပ်နိုင်ရန်အတွက် အသံချဲ့စက်၊ မိုက်ခရိုဖုန်း၊ စပီကာများ၊ မီးသတ်ကိရိယာနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြုနည်း စသည်တို့ကို လက်တွေ့သရုပ်ပြသခဲ့ကြောင်းသိရသည်။

**စိုင်းကျော်ဝဏ္ဏ၊တိုးဝေဇင်(ပြန်/ဆက်)**




ငလျင်ကြောင့် ဒဏ်ရာရသူများအား ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ပုံကို သရုပ်ပြလေ့ကျင့်နေစဉ်။

# ပဲခူးမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးနှိုးဆော်စာများ ဖြန့်ဝေ

**ပဲခူး မတ် ၁၅**

ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလ ရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ပဲခူးမြို့ နန်းတော်ရာရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ရပ်ကွက်နေပြည်သူများထံသို့ မီးဘေးအန္တရာယ်အကြောင်း အသိပညာပေးနှိုးဆော်သည့် လက်ကမ်းစာရွက်များကို မတ် ၁၄ ရက်က လိုက်လံဖြန့်ဝေပေးခဲ့ကြသည်။

နန်းတော်ရာရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့မှ တပ်ခွဲမှူး ဦးသိန်းဝင်းနှင့် တပ်ဖွဲ့ဝင်များက ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ ရပ်ကွက်အတွင်းရှိ ဘုရားဈေး၊ အင်းဝင်ဈေး၊ အလင်းရောင်ဈေး စသည့် ဈေးများအတွင်း ရောင်းချနေသည့် ဈေးဆိုင်ရှင်များအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည့်အပြင် အင်ဝင်လမ်းမကြီး၊ ဆံတော်တွင်းလမ်းမကြီး၊ မြင်တော်သာလမ်းမကြီးနှင့် အောင်စိုးမိုးလမ်းမကြီး စသည့် အဓိက လမ်းမကြီးများ၏ ဘေးဝဲယာရှိ လျှပ်စစ်မီးတိုင်များတွင်လည်း အသိပညာပေး စာရွက်များကို လိုက်လံကပ်ထားခဲ့ကြောင်း သိရသည်။

အဆိုပါ လက်ကမ်းစာရွက်များတွင် "မီးကိုအချိန်တိုင်း အသိနှင့် သတိပြုပါ၊ မပေါ့ဆပါနှင့်၊ အချိန်အခါမရွေး မီးလောင်တတ်သည်၊ အသက် အိုးအိမ် စည်းစိမ်များ ဆုံးရှုံးမှုမရှိစေရန် ကြိုတင်ကာကွယ်ခြင်းဖြင့် အနိုင်ယူပါ"ဟု သတိပေးစာသားများ ရေးသားထားပြီး မီးဘေးအန္တရာယ်ဖြစ်ပါက ဆက်သွယ် အကူအညီတောင်းခံနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ အရေးပေါ်ဖုန်းနံပါတ်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ရုံး၊ စခန်း(၃)မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်လျှပ်စစ်ဌာနတို့၏ ဖုန်းနံပါတ်များကိုလည်း ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရသည်။ **တင်စိုး(ပဲခူး)**

# ဂန့်ဂေါ၌ လေပြင်းဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်

**ဂန့်ဂေါ မတ် ၁၅**


ဂန့်ဂေါမြို့နယ်အတွင်း ကျေးရွာများ၌ လေပြင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မတ် ၁၂ ရက်နှင့် ၁၄ ရက်တွင် အန်းတားကျေးရွာရှိ လူနေအိမ်ခြေ ၂၅ လုံးကို ခိုင်ခံ့မှုရှိအောင် စိစစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ လူနေအိမ်များကို လေဘေးဒဏ်ခံနိုင်အောင် စိစစ်သည့်လုပ်ငန်းကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်နှင့် ဝန်ထမ်းများက မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ထိုသို့ စိစစ်ဆောင်ရွက်ရာတွင် မတ် ၁၁ ရက်က လက်ဝဲကုန်းရွာမှ အိမ်ခြေ ၂၅ လုံးနှင့် မတ် ၁၃ ရက်က လုံခြုံကျေးရွာမှ အိမ်ခြေ ၂၅ လုံးတို့ကိုလည်း ခိုင်ခံ့အောင် ဆောင်ရွက်ပေးခဲ့ရာ မတ်လအတွင်း စုစုပေါင်း လူနေအိမ်ခြေ ၇၅ လုံးတို့ကို စိစစ်ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ယခုနှစ်အတွင်း အိမ်ပေါင်း ၂၀၀ ကို စိစစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကိုရိုနာဗိုင်းရပ်စ်အတွက် Surveillance Dashboard စာမျက်နှာကို ကျန်းမာရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်က လွှင့်တင်ထား

**ရန်ကုန် မတ် ၁၅**

ကိုရိုနာဗိုင်းရပ်စ်(COVID-19)နှင့် ပတ်သက်သည့် သတင်းမှန်များကို အချိန်နှင့်တစ်ပြေးညီ update ပြုလုပ်၍ တင်ပေးနေသည့် Surveillance Dashboard ဝက်ဘ်စာမျက်နှာကို ကျန်းမာရေးဝန်ကြီးဌာနက လွှင့်တင်ထားပြီး ကျန်းမာရေးဝန်ကြီးဌာနဝက်ဘ်ဆိုက် http://mohs.gov.mm မှတစ်ဆင့် Coronavirus Desease 2019 ခေါင်းစဉ်သို့ဝင်ရောက်၍ဖြစ်စေ၊ http://mohs.gov.mm/Main/content/publication/2019-ncov ဝက်ဘ်ဆိုက်လိပ်စာသို့ တိုက်ရိုက်ဝင်ရောက်၍ဖြစ်စေ ကြည့်ရှုနိုင်ပြီဖြစ်သည်။




အဆိုပါ Surveillance Dashboard စာမျက်နှာတွင် မြန်မာနိုင်ငံရှိ ဆေးရုံပေါင်း ၄၅ ခု၌ တစ်ခုချင်းတွင် ရှိနေသော ကိုရိုနာဗိုင်းရပ်စ် စောင့်ကြည့်/သံသယလူနာ အရေအတွက်များကို ဖော်ပြထားပြီး ဆေးရုံများရှိ လူနာအရေအတွက်ကို မြေပုံပေါ်တွင်ထောက်၍လည်း ကြည့်ရှုနိုင်သည်။ ထို့အပြင် အတည်ပြုပြီးသော ပိုးမတွေ့လူနာနှင့် ဓာတ်ခွဲအဖြေစောင့်ဆိုင်းဆဲ လူနာအရေအတွက် စသည်တို့ကိုလည်း ဖော်ပြထားရာ မတ် ၁၄ ရက် ည ၈ နာရီအထိ စောင့်ကြည့်လူနာ ၁၂၀၊ သံသယလူနာ နှစ်ဦး၊ ဓာတ်ခွဲအတည်ပြု ပိုးမတွေ့လူနာ ၁၁၉ ဦး၊ ဓာတ်ခွဲအဖြေစောင့်ဆိုင်းဆဲ သုံးဦးရှိပြီး ပိုးတွေ့ကြောင်း ဓာတ်ခွဲအတည်ပြုလူနာ မရှိဟု ဖော်ပြထားသည်ကို တွေ့ရသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်မှ Coronavirus Desease 2019 ခေါင်းစဉ်အောက်၌ အဆိုပါ Surveillance Dashboard အပြင် ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်သည့် သတင်းမှန်များ၊ ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ ထုတ်ပြန်ချက်များနှင့် ပြည်သူများသိသင့်သော ရောဂါကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကိုလည်း ခေါင်းစဉ်ခွဲများဖြင့် အသေးစိတ် စုံလင်စွာ ဖော်ပြထားသလို ကမ္ဘာတစ်ဝန်း ရောဂါဖြစ်ပွားမှုအခြေအနေနှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များကို PDF ဖိုင်ဒေါင်းလုပ်ရယူနိုင်မည့် link များလည်း တင်ပေးထားသည်ကို တွေ့ရသည်။

ပြည်သူများအတွက် ကျန်းမာရေးအသိပညာများ ခေါင်းစဉ်အောက်၌ ကောလာဟလသတင်းမှားများနှင့် ပတ်သက်၍ ပြည်သူများအား အသိပေးနှိုးဆော်ခြင်း၊ COVID-19: ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ၊ ရောဂါဖြစ်ပွားသောဒေသမှ ပြန်လာသူများ လိုက်နာရမည့်အချက်များ၊ ရောဂါဖြစ်ပွားသောဒေသမှ ပြန်လာသူများ၏ အတူနေ မိသားစုဝင်များ လိုက်နာရန်၊ တေးသံရှင် မနော၏ ကိုရိုနာဗိုင်းရပ်စ်ရောဂါ(COVID-19) ကာကွယ်ရေး အသံလွှင့်ပြောကြားချက် အသံဖိုင်၊ ခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာ သတိပေးချက်၊ COVID-19 ကျန်းမာရေးပညာပေး ရေဒီယိုအသံလွှင့်ချက်များ (တိုင်းရင်းသားဘာသာစကားများ)အသံဖိုင်ကို Download ရယူနားဆင်ရန်၊ ရောဂါကာကွယ်နိုင်ရန် နှာခေါင်းစည်း အသုံးပြုခြင်းဆိုင်ရာ အကြံပြုချက်များ၊ ဘတ်စ်ကားများတွင် ကပ်ထားနိုင်ရန် ကျန်းမာရေးအသိပညာပေး စတစ်ကာ စသည့် ခေါင်းစဉ်ပေါင်း ၃၆ ခုဖြင့် သတင်းအချက်အလက်များ၊ အသိပေးချက်များ၊ ဒေါင်းလုပ်ရယူနိုင်သော အသံဖိုင်၊ ပိုစတာနှင့် စတစ်ကာများ တင်ပေးထားသည်ကို တွေ့ရသည်။

ကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းလမ်းညွှန်များ ခေါင်းစဉ်အောက်၌ Management Protocol for COVID-19 Acute Respiratory Disease, Clinical Management Guidelines for COVID-19, ဇီဝ ဘေးကင်းလုံခြုံမှုဆိုင်ရာ ကာကွယ်ရေးလုပ်ထုံးလုပ်နည်းများ၊ ပြည်သူလူထုအတွင်း ကျန်းမာရေး အသိပညာပေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များ၊ ရောဂါ သံသယလူနာထံမှ ဓာတ်ခွဲနမူနာများ ရယူရန် လမ်းညွှန်ချက် စသည့် ခေါင်းစဉ် ၁၂ ခုကို တင်ပေးထားသည်။

သတင်းနှင့် ထုတ်ပြန်ချက်များ ခေါင်းစဉ်အောက်တွင် COVID-19 ရောဂါနှင့်ပတ်သက်၍ ရက်အလိုက် သတင်းထုတ်ပြန်ချက်၊ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ ရက်အလိုက် သတင်းထုတ်ပြန်ချက် စသည့် ထုတ်ပြန်ချက်များနှင့်အတူ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၏ ဆောင်ရွက်မှု သတင်းများ၊ ရောဂါပိုးတွေ့ရှိပါက ကုသမှုပေးရန်အတွက် ဆေးရုံသုံးစက်ပစ္စည်းနှင့် ငွေများ လှူဒါန်းသည့် သတင်းများ၊ ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သတင်းများ၊ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဖွဲ့စည်းခြင်း စသည့် သတင်းများကို လတ်တလော သတင်းများအနေဖြင့် ဖော်ပြထားသလို ပြီးခဲ့သည့် ဖေဖော်ဝါရီနှင့် ဇန်နဝါရီလအတွင်းက သတင်းများကို ပြန်လည်ကြည့်ရှုနိုင်ရန်လည်း သီးသန့် ဖော်ပြထားသည်။

ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်မှုများကိုလည်း အဆိုပါ ဝက်ဘ်စာမျက်နှာမှတစ်ဆင့် သီးခြား link တစ်ခုပေး၍ ဖော်ပြပေးထားပြီး ထို link မှတစ်ဆင့် ဝင်ရောက်ကြည့်ရှုပါက တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်၌ ဒေသအလိုက် ဌာနဆိုင်ရာများ၏ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်မှုများနှင့် ပုဂ္ဂလိကလုပ်ငန်းများ၏ ရောဂါကာကွယ်ရေး ဆောင်ရွက်မှု သတင်းများစွာကို ဖတ်ရှုနိုင်မည်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များ ခေါင်းစဉ်အောက်တွင်မူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသော ရောဂါဖြစ်ပွားမှုအခြေအနေ သတင်းပို့ချက်များ၊ ရောဂါ ကာကွယ်ရေးဆိုင်ရာ သတင်းနှင့် လမ်းညွှန်များ၊ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အမေးအဖြေများ စသည်တို့ကို ဖော်ပြထားသည်ကို တွေ့ရသည်။

လက်ရှိအချိန်တွင် ပြည်သူများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ စိုးရိမ်ပူပင်မှုများ ရှိနေသလို လူမှုကွန်ရက်ပေါ်၌ လူအများ စိုးရိမ်ထိတ်လန့်စေရန် သတင်းမှားလွှင့်ခြင်း၊ ကောလာဟလလွှင့်ခြင်းများရှိနေပြီး ကြော်ငြာများနှင့်ချိတ်ဆက်ထားသည့် ဝက်ဘ်ဆိုက်များကလည်း ၎င်းတို့၏ဝက်ဘ်ဆိုက်သို့ ဝင်ရောက်သူများကာ ဝင်ငွေပိုမိုရရှိစေရန် သတင်းမှားဖြန့်ခြင်းများကို ပြုလုပ်လျက်ရှိသည်။ ပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် http://www.mohs.gov.mm နှင့် တရားဝင် ဖေ့စ်ဘုတ်စာမျက်နှာ https://facebook.com/MinistryOfHealthAndSportsMyanmar/ တို့မှ သတင်းများကိုသာ ဖတ်ရှု မျှဝေကြခြင်းဖြင့် သတင်းမှားများကို ရှောင်ရှားနိုင်ကြမည်ဖြစ်သည်။

**သူရဖြိုး**

# အူရီဒူးမှ မြန်မာနိုင်ငံတွင် 4G LTE TURBO ကွန်ရက် ဖြန့်ကြက်နိုင်သည့် အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၁၅**

အူရီဒူးအနေဖြင့် မြန်မာနိုင်ငံတွင် မြန်နှုန်းမြင့် 4G LTE TURBO ကွန်ရက်ကို အောင်မြင်စွာဖြန့်ကြက်နိုင်မှု အထိမ်းအမှတ်နှင့် ၎င်း၏ Brand Ambassador အဖြစ် စိုင်းစိုင်းခမ်းလှိုင်အား ခန့်အပ်သည့် အခမ်းအနားကို မြန်မာပလာဇာ၌ မတ် ၇ ရက်က ကျင်းပခဲ့သည်။

အူရီဒူးမြန်မာက ဖြန့်ကြက်ထားသော 900MHz လှိုင်းခွင်နည်းပညာ အသုံးပြုထားသည့် 4G LTE TURBO ကွန်ရက်သည် မြန်မာနိုင်ငံ လူဦးရေ၏ ၉၄ ရာခိုင်နှုန်းကျော်ကို လွှမ်းခြုံပေးထားပြီးဖြစ်ကာ အဆောက်အအုံ အတွင်းပိုင်းအထိ ကွန်ရက်လွှမ်းခြုံမှုနှင့်အတူ အချက်အလက် ပေးပို့ပြန်ကြား လက်ခံရရှိချိန် မြန်ဆန်ခြင်းကြောင့် အွန်လိုင်းဂိမ်းများကစားခြင်း၊ အရည်အသွေးမြင့် ဗီဒီယိုများကို အင်တာနက်မှတစ်ဆင့် ကြည့်ရှုခြင်း စသည်တို့အတွက် သုံးစွဲသူများအား အတွေ့အကြုံကောင်းများ ရရှိစေမည်ဖြစ်ကြောင်း အဆိုပါအခမ်းအနားတွင် အူရီဒူးမြန်မာမှ တာဝန်ရှိသူများက ပြောကြားသည်။

အူရီဒူးသည် 4G ဝန်ဆောင်မှုများကို အဓိကကျသော မြို့များတွင် 900 MHz, 1800 MHz နှင့် 2100 MHz လှိုင်းခွင်ကို အသုံးပြုပြီး ဝန်ဆောင်မှုပေးထားသဖြင့် အသုံးပြုသူများသည် 4G ကွန်ရက်ကို ချိတ်ဆက်မှု ပြတ်တောက်ခြင်းမရှိဘဲ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ 4G LTE TURBO ကွန်ရက်ကို အသုံးပြုသူများအနေဖြင့် အခြားသော ကွန်ရက်များထက် သာလွန်သော ကွန်ရက်လွှမ်းခြုံမှုနှင့် မြန်နှုန်းမြင့်မားမှုတို့ကို ရရှိနိုင်မည်ဖြစ်ကြောင်း အူရီဒူးမြန်မာ၏ Chief Commercial Officer Mr. Alok Verma က အဆိုပါ အခမ်းအနားတွင် ပြောကြားသည်။

"အူရီဒူးအနေနဲ့ မြန်မာ့ အမြန်ဆုံးနဲ့ အကျယ်ပြန့်ဆုံးကွန်ရက်နဲ့ အသုံးပြုသူတွေကို အကောင်းဆုံး ဒစ်ဂျစ်တယ် အတွေ့အကြုံတွေကို ဆက်လက် ပေးအပ်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် 4G LTE TURBO ကွန်ရက်ကို အောင်မြင်စွာ ဖြန့်ကြက်နိုင်ခြင်း အထိမ်းအမှတ်အနေနဲ့ အဆိုတော်နဲ့ ရုပ်ရှင်သရုပ်ဆောင်ဖြစ်သူ စိုင်းစိုင်းခမ်းလှိုင်ကို အူရီဒူးရဲ့ Brand Ambassador အသစ်အဖြစ် ခန့်အပ်ပြီး လက်တွဲလုပ်ဆောင်ခွင့်ရတဲ့အတွက်လည်း ဝမ်းမြောက်ပါတယ်"ဟု Mr. Alok Verma က ဆက်လက်ပြောကြားသည်။

**ကျော်ဇင်ဦး**

# စွမ်းဆောင်ရည်ကောင်းမွန်တဲ့ တန်ဖိုးနည်းဖုန်း မော်ဒယ်သစ် Realme C3

Realme C3 ဟာ ပြည်တွင်းဈေးကွက်မှာ ဖေဖော်ဝါရီ ၂၅ ရက်က မိတ်ဆက်ခဲ့ပြီး ၂၉ ရက်က စတင်ရောင်းချနေတဲ့ တန်ဖိုးနည်းဖုန်း မော်ဒယ်သစ်တစ်ခုဖြစ်ပါတယ်။ တန်ဖိုးနည်းဖုန်းတစ်လုံးဖြစ်ပေမယ့် ကင်မရာပိုင်း အပါအဝင် စွမ်းဆောင်ရည်ပိုင်းဟာ ဈေးနှုန်းနဲ့ယှဉ်ရင် ကောင်းမွန်တာကြောင့် ဈေးကွက်အတွင်းမှာ စိတ်ဝင်စားမှုများနေတဲ့ဖုန်းတစ်လုံးလည်းဖြစ်ပါတယ်။

မျက်နှာပြင်အကျယ်ဟာ ၆ ဒသမ ၅ လက်မရှိပြီး LCD Display ဖြစ်ပါတယ်။ Resolution က 720 x 1560 pixels ရှိလို့ ရုပ်ထွက်အရည်အသွေး ကောင်းမွန်ပြီး မျက်နှာပြင်ကို ထိခိုက်မှုတွေက ကာကွယ်နိုင်အောင် Gorilla Glass 3 နဲ့ ဖုံးအုပ်ထားပါတယ်။ အောက်ဘက် ဘောင်နေရာ အနည်းငယ်ကလွဲရင် မျက်နှာပြင်အပြည့်နီးပါးဖြစ်ပြီး ဆယ်လ်ဖီကင်မရာက mini drop notch အနေနဲ့ ပါဝင်ပါတယ်။

စက်လည်ပတ်မှုစနစ်အနေနဲ့ Android 10.0 ကို realme ရဲ့ UI 1.0 နဲ့တွဲပြီး ထုတ်လုပ်ထားပါတယ်။ ဘတ်ဂျက်ဖုန်းဖြစ်တာကြောင့် Mediatek Chipset ကို သုံးထားပေမယ့် စွမ်းဆောင်ရည်ကောင်းမွန်တဲ့ Mediatek Helio G70 Gaming Technology Chipset ကို သုံးထားသလို Cortex-A75 နဲ့ Cortex-A55 Octa-core CPU ပါဝင်လို့ ဂိမ်းအမျိုးမျိုးကို လိုအပ်ချက်မရှိဘဲ ကစားနိုင်မှာဖြစ်ပါတယ်။ RAM နဲ့ အင်တာနယ်မင်မိုရီပိုင်းကတော့ တန်ဖိုးမြင့်ဖုန်းတွေနဲ့ယှဉ်ရင် သိသိသာသာနိမ့်နေပြီး 2 GB + 32 GB နဲ့ 3 GB + 32 GB လို့ နှစ်မျိုးခွဲပြီး ဈေးနှုန်းနှစ်မျိုးနဲ့ ထုတ်လုပ်ထားပါတယ်။ မင်မိုရီကတ် ထပ်စိုက်သုံးနိုင်ဖို့ သီးခြားအပေါက်လည်း ပါဝင်ပြီး 256GB အထိ အသုံးပြုနိုင်မှာက စိတ်ကျေနပ်စရာဖြစ်ပါတယ်။

ကင်မရာပိုင်းကတော့ တန်ဖိုးနည်းဖုန်းတစ်လုံးအနေနဲ့ အတော်ကောင်းမွန်တယ်လို့ ဆိုနိုင်ပါတယ်။ နောက်ကင်မရာဟာ ၁၂ မဂ္ဂါပစ်ဇယ် ပင်မကင်မရာနဲ့အတူ ၂ မဂ္ဂါပစ်ဇယ် ကင်မရာ နှစ်လုံး ပါဝင်တဲ့ Triple camera ဖြစ်ပြီး ဆော့ဖ်ဝဲပိုင်းလုပ်ဆောင်ချက်တွေကြောင့် အလင်းရောင်နည်းပါးတဲ့ အခြေအနေမှာတောင် ကောင်းမွန်တဲ့ပုံတွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ဗွီဒီယိုအနေနဲ့လည်း full HD အရည်အသွေး ဗွီဒီယိုတွေကို 120fps နဲ့ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ဆယ်လ်ဖီကင်မရာကတော့ ၅ မဂ္ဂါပစ်ဇယ် အရည်အသွေးရှိပါတယ်။

Realme C3 မှာ ထူးခြားချက်တစ်ခုက ဘက်ထရီပိုင်းဖြစ်ပါတယ်။ ဘက်ထရီဟာ 5000mAh ပမာဏရှိလို့ အချိန်ကြာကြာ ဂိမ်းကစားတတ်သူတွေအတွက် အဆင်ပြေစေမှာဖြစ်ပြီး 10W အမြန်နှုန်းနဲ့ အားသွင်းနိုင်မှာဖြစ်ပါတယ်။ reverse charging စနစ်ကိုပါ ထောက်ပံ့ထားလို့ ဘလူးတုသ်နားကြပ်လို ဆက်စပ်ပစ္စည်းတွေနဲ့ ပါဝါဘန့်တွေကို ဖုန်းကနေ အားပြန်သွင်းပေးနိုင်မှာဖြစ်ပါတယ်။ အခြားထူးခြားချက်ကတော့ ဝ ဒသမ ၂၇ စက္ကန့်အတွင်း အလျင်အမြန်ဖွင့်ပေးနိုင်မယ့် fingerprint စနစ်နဲ့ face unlock စနစ်တွေလည်း ပါဝင်တာဖြစ်ပါတယ်။

Realme C3 ဖုန်းကို ကိုယ်ထည်အရောင်အနေနဲ့ အပြာရောင်နဲ့ အနီရောင်နှစ်မျိုး ရရှိနိုင်မှာဖြစ်ပြီး ဈေးနှုန်းက RAM 2GB + ROM 32GB အတွက် ကျပ် ၁၇၀၀၀၀ ဝန်းကျင်နဲ့ RAM 3GB + ROM 32GB အတွက် ကျပ်နှစ်သိန်းဝန်းကျင်ဖြစ်ပါတယ်။

**သူရဖြိုး**



# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**အခန်း (၅)**

**နိုင်ငံခြားတရားရုံးများ၊ နိုင်ငံခြားကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

**နိုင်ငံခြားတရားရုံးများ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်များနှင့် နိုင်ငံတော်ရှိ တရားရုံးတို့ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် တိုက်ရိုက်ဆက်သွယ်ခြင်း**

၃၉၃။ (က) ပုဒ်မ ၃၇၀ တွင်ဖော်ပြထားသည့်ကိစ္စများ၌ နိုင်ငံတော်ရှိ တရားရုံးသည် နိုင်ငံခြားတရားရုံးများ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်များနှင့် တတ်နိုင်သမျှ တိုက်ရိုက်ဖြစ်စေ သို့မဟုတ် မှတ်ပုံတင်ထားသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူမှ တစ်ဆင့်ဖြစ်စေ ဆက်သွယ်ဆောင်ရွက်ရမည်။

(ခ) နိုင်ငံတော်ရှိတရားရုံးသည် နိုင်ငံခြားတရားရုံး သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်နှင့် တိုက်ရိုက်ဆက်သွယ်ခွင့်ရှိသကဲ့သို့ လိုအပ်သည့်အကူအညီနှင့် သတင်းအချက်များကို တောင်းခံပိုင်ခွင့်ရှိသည်။

**မှတ်ပုံတင်ထားသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူနှင့် နိုင်ငံခြားတရားရုံးများ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်များအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် တိုက်ရိုက်ဆက်သွယ်ခြင်း**

၃၉၄။ (က) ပုဒ်မ ၃၇၀ တွင် ပြဋ္ဌာန်းထားသည့်ကိစ္စများတွင် မှတ်ပုံတင်ထားသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူသည် တရားရုံး၏ ကြီးကြပ်မှုဖြင့် ယင်း၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် နိုင်ငံခြားတရားရုံးများ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်များနှင့် တတ်နိုင်သမျှ တိုက်ရိုက်ပူးပေါင်း ဆောင်ရွက်ရမည်။

(ခ) ပုဒ်မ ၃၇၀ တွင် ပြဋ္ဌာန်းထားသည့်ကိစ္စများ၌ မှတ်ပုံတင်ထားသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူသည် တရားရုံး၏ ကြီးကြပ်မှုဖြင့် ယင်း၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် နိုင်ငံခြားတရားရုံးများ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်များ နှင့် ဆက်သွယ်ဆောင်ရွက်ခွင့်ရှိသည်။

**ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းများ**

၃၉၅။ ပုဒ်မ ၃၉၃ နှင့် ပုဒ်မ ၃၉၄ တွင် ဖော်ပြထားသည့်ပူးပေါင်းဆောင်ရွက်မှုကို အောက်ပါ သင့်လျော်သော နည်းလမ်းတစ်ခုခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်စေနိုင်သည်–

(က) လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား တရားရုံး၏ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်စေရန်ခန့်အပ်ခြင်း၊

(ခ) တရားရုံးက သင့်လျော်သည်ဟု ယူဆသည့် နည်းလမ်းများဖြင့် အချက်အလက်များကို ဆက်သွယ်ပြောကြားခြင်း၊

(ဂ) မြီစားပိုင်ပစ္စည်းများနှင့် လုပ်ငန်းကိစ္စများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ကြီးကြပ်ရာတွင်လည်းကောင်း ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) လူမွဲမှုခင်းများတွင် ပူးပေါင်းဆောင်ရွက်ရာ၌ တရားရုံးများအကြား သဘောတူညီချက်ဖြင့် အတည်ပြုခြင်း သို့မဟုတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) မြီစားတစ်ဦးတည်းအပေါ်တွင် တစ်ပြိုင်တည်းဆောင်ရွက်နေသည့် လူမွဲမှုခင်းများ၌ ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ပြည်ထောင်စုတရားသူကြီးချုပ်က အခါအားလျော်စွာ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပူးပေါင်းဆောင် ရွက်ခြင်း။

**အခန်း (၆)**

**တစ်ပြိုင်တည်း ဆောင်ရွက်နေသည့် လူမွဲမှုခင်းများ**

**နိုင်ငံခြားအဓိကလူမွဲမှုခင်းကို အသိအမှတ်ပြုပြီးနောက် ဤဥပဒေအရ လူမွဲမှုခင်းစတင်ခြင်း**

၃၉၆။ နိုင်ငံခြားအဓိကလူမွဲမှုခင်းအား အသိအမှတ်ပြုပြီးနောက် နိုင်ငံတော်အတွင်း မြီစားပိုင်ပစ္စည်းရှိမှသာလျှင် ဤဥပဒေအရ မှုခင်းကို စတင်ဆောင်ရွက်နိုင်သည်။ လူမွဲမှုခင်းသည် နိုင်ငံတော်အတွင်းရှိသည့် မြီစားပိုင်ပစ္စည်းများအပေါ်တွင်သာ သက်ရောက်စေရမည်။ သို့ရာတွင် ဤဥပဒေအရ လူမွဲမှုခင်းအပေါ်တွင် စီမံခန့်ခွဲရမည့် မြီစားပိုင် အခြားပစ္စည်းများအပေါ်တွင် ပုဒ်မ ၃၉၃၊ ၃၉၄ နှင့် ၃၉၅ တို့ အရ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည့် အတိုင်းအတာထိသာ သက်ရောက်စေရမည်။

**ဤဥပဒေအရ ဆောင်ရွက်သည့်လူမွဲမှုခင်းနှင့် နိုင်ငံခြားလူမွဲမှုခင်းအကြား ပူးပေါင်းဆောင်ရွက်ခြင်း**

၃၉၇။ မြီစားတစ်ဦးတည်းအပေါ် ဤဥပဒေအရ လူမွဲမှုခင်းနှင့် နိုင်ငံခြားလူမွဲမှုခင်းတို့ တစ်ပြိုင်တည်း ဆောင်ရွက်နေလျှင် အောက်ပါပြဋ္ဌာန်းချက်များကို လိုက်နာလျက် တရားရုံးသည် ပုဒ်မ ၃၉၃၊ ၃၉၄ နှင့် ၃၉၅ တို့အရ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည် –

(က) နိုင်ငံခြားလူမွဲမှုခင်းအား အသိအမှတ်ပြုပေးရန် လျှောက်ထားသည့်အချိန်တွင် နိုင်ငံတော်အတွင်း၌ လူမွဲမှုခင်းအား စစ်ဆေးဆောင်ရွက်နေပါက–

(၁) ပုဒ်မ ၃၈၇ သို့မဟုတ် ပုဒ်မ ၃၈၉ အရ ပေးအပ်သည့် သက်သာခွင့်သည် နိုင်ငံတော်အတွင်းရှိ လူမွဲမှုခင်းနှင့် မဆန့်ကျင်စေရ၊

(၂) နိုင်ငံခြားလူမွဲမှုခင်းအား နိုင်ငံတော်အတွင်း နိုင်ငံခြားအဓိကလူမွဲမှုခင်းအဖြစ် အသိအမှတ်ပြုပါက ပုဒ်မ ၃၈၈ နှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ခ) နိုင်ငံခြားလူမွဲမှုခင်းကို အသိအမှတ်ပြုပြီးနောက် သို့မဟုတ် အသိအမှတ်ပြုရန် လျှောက်ထားပြီးနောက် နိုင်ငံတော်အတွင်း၌ လူမွဲမှု ခင်းကို စတင်စွဲဆိုလျှင်–

(၁) ပုဒ်မ ၃၈၇ သို့မဟုတ် ပုဒ်မ ၃၈၉ အရ ခွင့်ပြုခဲ့သည့် သက်သာခွင့်အား ပြန်လည်သုံးသပ်ရမည်။ ယင်းသက်သာခွင့်သည် နိုင်ငံတော်ရှိ လူမွဲမှုခင်းနှင့် ကိုက်ညီမှု မရှိလျှင် လိုအပ်သလို ပြင်ဆင်ခြင်း သို့မဟုတ် ရပ်စဲခြင်းပြုရမည်၊

(၂) နိုင်ငံခြားလူမွဲမှုခင်းသည် နိုင်ငံခြားအဓိက လူမွဲမှုခင်းဖြစ်ပြီး နိုင်ငံတော်ရှိ လူမွဲမှုခင်းနှင့် ကိုက်ညီမှုမရှိလျှင် ပုဒ်မ ၃၈၈ ပုဒ်မခွဲ (က) အရ ဆိုင်းငံ့ခြင်းနှင့် ရပ်ဆိုင်းခြင်းအား ပုဒ်မ ၃၈၈ ပုဒ်မခွဲ (ခ) နှင့်အညီ ပြောင်းလဲခြင်းနှင့် ရပ်စဲခြင်းပြုလုပ်ရမည်။

(ဂ) နိုင်ငံခြားအဓိက မဟုတ်သည့်လူမွဲမှုခင်း၏ ကိုယ်စားလှယ်အား ဤဥပဒေအရ သက်သာခွင့်ပေးခြင်း၊ ယင်းသက်သာခွင့်အား တိုးချဲ့ခြင်း သို့မဟုတ် ပြောင်းလဲခြင်းပြုရာတွင် ထိုလူမွဲမှုခင်း၌ ဤဥပဒေအရ စီမံခန့်ခွဲသင့်သော လူမွဲပိုင်ပစ္စည်းစာရင်းနှင့်ဆက်စပ်နေသည့် သက်သာခွင့်ဖြစ်ကြောင်း သို့မဟုတ် ထိုမှုခင်းတွင် လိုအပ်သည့်အချက်အလက်များကို စီမံခန့်ခွဲသင့်ကြောင်း တရားရုံးက ကျေနပ်ရမည်။

**တစ်ခုထက်ပိုသော နိုင်ငံခြားလူမွဲမှုခင်းများတွင် ညှိနှိုင်းဆောင်ရွက်ခြင်း**

၃၉၈။ ပုဒ်မ ၃၇၀ တွင် ပြဋ္ဌာန်းထားသည့်ကိစ္စများ၌ မြီစားတစ်ဦးတည်း အပေါ်တွင် နိုင်ငံခြားလူမွဲမှုခင်း တစ်ခုထက်ပို၍ စွဲဆိုဆောင်ရွက်လျှင် အောက်ပါ ပြဋ္ဌာန်းချက်များကို လိုက်နာလျက် တရားရုံးသည် ပုဒ်မ ၃၉၃၊ ၃၉၄၊ ၃၉၅ နှင့် ၃၉၆ အရ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည် –

(က) နိုင်ငံခြားအဓိကလူမွဲမှုခင်းကို အသိအမှတ်ပြုပြီးနောက် နိုင်ငံခြားအဓိက မဟုတ်သည့် လူမွဲမှုခင်း၏ ကိုယ်စားလှယ်ကို ပုဒ်မ ၃၈၇ သို့မဟုတ် ပုဒ်မ ၃၈၉ အရပေးသည့် သက်သာခွင့်သည် နိုင်ငံခြားအဓိကလူမွဲမှုခင်းနှင့် မဆန့်ကျင်စေရ၊

(ခ) နိုင်ငံခြားအဓိကမဟုတ်သည့် လူမွဲမှုခင်းကို အသိအမှတ်ပြုပြီးနောက် သို့မဟုတ် ထိုလူမွဲမှုခင်းအား အသိအမှတ်ပြုရန် လျှောက်ထားပြီးနောက် နိုင်ငံခြားအဓိက လူမွဲမှုခင်းကို အသိအမှတ်ပြုလျှင် ပုဒ်မ ၃၈၇ သို့မဟုတ် ပုဒ်မ ၃၈၉ အရ ခွင့်ပြုခဲ့သည့် သက်သာခွင့်အား ပြန်လည်သုံးသပ်ရမည်။ ယင်း သက်သာခွင့်သည် နိုင်ငံခြားအဓိကလူမွဲမှုခင်းနှင့် ကိုက်ညီမှုမရှိလျှင် လိုအပ်သလို ပြင်ဆင်ခြင်း သို့မဟုတ် ရပ်စဲခြင်းပြုရမည်၊

(ဂ) နိုင်ငံခြားအဓိကမဟုတ်သည့် လူမွဲမှုခင်းတစ်ရပ်အား အသိအမှတ်ပြုပြီးနောက် အခြားနိုင်ငံခြားအဓိကမဟုတ်သည့် လူမွဲမှုခင်းအား ထပ်မံအသိအမှတ်ပြုခဲ့လျှင် တရားရုံးသည် ယင်းလူမွဲမှုခင်းများ၌ ညှိနှိုင်းဆောင်ရွက်ပေးရန်အလို့ငှာ သက်သာခွင့်ပေးအပ်ခြင်း၊ ယင်းသက်သာခွင့်အား ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲခြင်းပြုနိုင်သည်။

**နိုင်ငံခြားအဓိကလူမွဲမှုခင်းအား အသိအမှတ်ပြုခြင်းကို အခြေခံ၍ ကြွေးမြီမပေးဆပ်နိုင်ဟု မှတ်ယူခြင်း**

၃၉၉။ ဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထားမရှိပါက ဤဥပဒေအရ မှုခင်းတစ်ရပ်အား စတင်ရန်အလို့ငှာ နိုင်ငံခြားအဓိက လူမွဲမှုခင်းအား အသိအမှတ်ပြုခြင်းသည် မြီစားသည် ကြွေးမြီမပေးဆပ်နိုင်သူဟု သက်သေထင်ရှားပြီး ဖြစ်စေရမည်။

**တစ်ပြိုင်တည်းစွဲဆိုဆောင်ရွက်နေသည့် လူမွဲမှုခင်းများတွင် ငွေပေးချေခြင်း နည်းလမ်း**

၄၀၀။ အာမခံထားရှိသော တောင်းခံပိုင်ခွင့်နှင့် ပစ္စည်းအပေါ်တောင်းဆိုခွင့်ကို မထိခိုက်စေဘဲ နိုင်ငံခြားတိုင်းပြည်တစ်ပြည်၏ လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ မြီစားတစ်ဦးတည်းအပေါ်တွင် စွဲဆိုသည့် လူမွဲမှုခင်းမြီရှင်သည် အခြားသော ဦးစားပေးအဆင့်တူညီသည့် မြီရှင်များထက် အချိုးအစားအရ ပို၍ ငွေလက်ခံရရှိပြီးဖြစ်လျှင် ထိုမြီစားနှင့်ပတ်သက်သည့် နိုင်ငံတော်တွင် စွဲဆိုသည့် လူမွဲမှုခင်းတွင် တူညီသော တောင်းဆိုခွင့်အတွက် ထပ်မံတောင်းဆို ပိုင်ခွင့်မရှိစေရ။

**အပိုင်း (၁၁)**

**အထွေထွေပြဋ္ဌာန်းချက်များ**

**အခန်း (၁)**

**စီရင်ပိုင်ခွင့်များ**

**တရားရုံးများ၏ စီရင်ပိုင်ခွင့်များ**

၄၀၁။ ဤဥပဒေအရ စီရင်ပိုင်ခွင့်အာဏာရှိသောတရားရုံးသည် တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်ဖြစ်သည်။ သို့ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ခရိုင်တရားရုံးတစ်ရုံးရုံးသို့ စီရင်ပိုင်ခွင့်အာဏာအပ်နှင်းနိုင်သည်။

**ရဲအရေးမပိုင်သည့် အမှုများ**

၄၀၂။ ဤဥပဒေပါ ရာဇဝတ်မှုအားလုံးသည် ရဲအရေးယူပိုင်ခွင့်မရှိသော အမှုများ ဖြစ်သည်ဟု မှတ်ယူရမည်။

**အယူခံမှုများနှင့် အယူခံရန်အတွက်စီရင်ပိုင်ခွင့်**

၄၀၃။ (က) ဤဥပဒေအရချမှတ်သော တရားရုံး၏အမိန့်တစ်ရပ်ကြောင့် နစ်နာသူသည် ထိုအမိန့်ကို လက်ခံရရှိပြီးနောက် အလုပ်လုပ်ကိုင်ရက် ၃၀ ရက်အတွင်း သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိ တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည်။

(ခ) သတ်မှတ်ထားသည့်ကာလအတွင်း အယူခံတင်သွင်းရန် ပျက်ကွက်ခြင်းမှာ လုံလောက်သောအကြောင်းရှိသည်ဟု ယုံကြည်ပါက သက်ဆိုင်ရာတရားရုံးသည် အယူခံလျှောက်လွှာအား သတ်မှတ်ထားသည့်ကာလကျော်လွန်၍ တင်သွင်းခြင်းကို လက်ခံနိုင်သည်။ သို့ရာတွင် ထပ်မံခွင့်ပြုသောကာလသည် နောက်ထပ် အလုပ်လုပ်ကိုင်ရက် ၃၀ ရက်ထက် ကျော်လွန်ခြင်း မရှိစေရ။

**အခန်း (၂)**

**မှုခင်းများဆောင်ရွက်ခြင်း**

**အချို့သောမှုခင်းကိစ္စများတွင် တရားရုံးက သက်သာခွင့်ပေးအပ်နိုင်သည့် အခွင့်အာဏာ**

၄၀၄။ (က) ဤဥပဒေအရ တာဝန်ရှိမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် ကိစ္စရပ်အပါအဝင် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆန့်ကျင်ဆောင်ရွက်မှုများ၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦး အပေါ် ဆောင်ရွက်ပေးရမည့် တာဝန်ကို ချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုများအတွက် စွဲဆိုဆောင်ရွက်သည့် မှုခင်းကိစ္စရပ်များတွင် အဆိုပါ ကိစ္စရပ်များကို ကြားနာသည့် တရားရုံး၌ ထိုပုဂ္ဂိုလ်သည် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆန့်ကျင်ဆောင်ရွက်မှု၊ ဆောင်ရွက်ပေးရမည့် တာဝန်အား ချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုများ အတွက် တာဝန်ရှိကြောင်း သို့မဟုတ် တာဝန်ရှိနိုင်ကြောင်း၊ သို့သော် ၎င်းအား ခန့်အပ်ခြင်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်အပါအဝင် မှုခင်းကိစ္စရပ်အားလုံးတွင် သဘောရိုးဖြင့် လျော်ကန်သင့်မြတ်သည့်အတိုင်း ဆောင်ရွက်ခဲ့ကြောင်း၊ ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆန့်ကျင်ဆောင်ရွက်မှု၊ ဆောင်ရွက်ပေးရမည့် တာဝန်အား ချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုများအတွက် ၎င်းအပေါ်တွင် မျှတစွာစီရင်ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရလျှင် ယင်းတရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ထိုပုဂ္ဂိုလ်အား ၎င်း၏ တာဝန်ရှိမှုမှ အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ သက်သာခွင့်ပြုနိုင်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဤဥပဒေအရ တာဝန်ရှိမှု တစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် ကိစ္စရပ်အပါအဝင် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆန့်ကျင်ဆောင်ရွက်မှု၊ ဆောင်ရွက်ပေးရမည့် တာဝန်အား ချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုများအတွက် ၎င်းအပေါ်တွင် မှုခင်းတစ်ရပ်ရပ်ကို စွဲဆိုမည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် ထိုသူသည် သက်သာခွင့်ကို ရရှိရန်အတွက် တရားရုံးသို့ တင်ပြတောင်းခံနိုင်သည်။ အဆိုပါလျှောက်ထားမှုကို လက်ခံရရှိသည့်အခါ တရားရုံးသည် အကယ်၍ ထိုပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆန့်ကျင်ဆောင်ရွက်မှု၊ ဆောင်ရွက်ပေးရမည့် တာဝန်အား ချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံရေး ဖောက် ဖျက်မှုများအတွက် ထိုသူအပေါ် စွဲဆိုမှုများတွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ သက်သာခွင့်ကို ခွင့်ပြုနိုင်သည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သော ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) ကုမ္ပဏီ၏ ဒါရိုက်တာများ၊

(၂) ကုမ္ပဏီ၏ အခြားအရာရှိများ၊

(၃) လူမွဲ၊

(၄) ကုမ္ပဏီ သို့မဟုတ် လူမွဲပိုင်ပစ္စည်းနှင့်စပ်လျဉ်း၍ ခန့်ထားသော ပစ္စည်းထိန်းတစ်ဦးဦး၊

(၅) ဤဥပဒေအရ တာဝန်များကို ထမ်းဆောင်ရန် ခန့်အပ်ထားသော လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးဦး။

**တရားစွဲဆိုရန်အတွက် ကာလစည်းကမ်းသတ်အချိန်**

၄၀၅။ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရ ကျူးလွန်သည့် အမှုများကို ကျူးလွန်သည်ဟု စွပ်စွဲခံရသော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု စတင်သည့်နေ့မှ ခြောက်နှစ်အတွင်း တရားစွဲဆိုရမည်။

**ဒဏ်ကြေးငွေပေးဆောင်စေရန် အကြောင်းကြားစာ**

၄၀၆။ (က) ကုမ္ပဏီတစ်ခုနှင့်စပ်လျဉ်းသည့် ဤဥပဒေပါ ကျူးလွန်မှု တစ်ရပ်ရပ်အတွက် ဒဏ်ကြေးငွေကို အတိအလင်းသတ်မှတ်ဖော်ပြထားပြီး ထိုကျူးလွန်မှုတစ်ရပ် တစ်နည်းအားဖြင့် နောင်တွင် ဤပုဒ်မ၌ သတ်မှတ်ဖော်ပြထားသော ကျူးလွန်မှုဟု ခေါ်တွင်မည့် ကျူးလွန်မှုတစ်ရပ်ကို လူပုဂ္ဂိုလ်တစ်ဦးဦးက ကျူးလွန်ခဲ့သည်ဟု မှတ်ပုံတင်အရာရှိက ယုံကြည်ရန် အကြောင်းရှိလျှင် ၎င်းသည် ကျူးလွန်သူအား အောက်ပါ အချက်အလက်များပါဝင်သော အကြောင်းကြားစာကို သတ်မှတ်ထားသည့်ပုံစံနှင့်အညီ ပေးပို့နိုင်သည်–

(၁) သတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုနှင့် သက်ဆိုင်သော အချက်အလက်များနှင့်တကွ စွပ်စွဲဖော်ပြချက်၊

(၂) သတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိက ဆုံးဖြတ်သတ်မှတ်သည့် ဒဏ်ကြေးငွေပမာဏ ဖော်ပြချက်၊

(၃) ထိုဒဏ်ကြေးငွေကို ၂၁ ရက်အတွင်း ပေးဆောင်ရမည် ဖြစ်ကြောင်း ဖော်ပြချက်၊

(၄) နည်းဥပဒေများအရ သတ်မှတ်ထားသည့် အခြားအချက်အလက်များ။

*စာမျက်နှာ ၂၃ သို့*

*စာမျက်နှာ ၂၂ မှ*

( ခ ) ပုဒ်မခွဲ (က) သည် မှတ်ပုံတင်အရာရှိအား အောက်ပါတို့ကို ဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းသည်ဟု မှတ်ယူခြင်း မရှိစေရ –

(၁) ကျူးလွန်သူထံသို့ ပုဒ်မခွဲ (က) အရ အကြောင်းကြားစာ တစ်စောင်ထက် ပိုမို၍ ပေးပို့ခြင်း၊

(၂) ပုဒ်မ ၄၀၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုအတွက် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တရားစွဲဆိုဆောင်ရွက်နိုင်ခြင်းမရှိလျှင် ထိုကျူးလွန်မှုနှင့်စပ်လျဉ်း၍ ကျူးလွန်သူထံ ပုဒ်မခွဲ (က) အရ အကြောင်းကြားစာ ပေးပို့ခြင်း။

( ဂ ) ပုဒ်မခွဲ (က) အရ အကြောင်းကြားစာကို လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီလက်ထရောနစ် နည်းလမ်းဖြင့်ဖြစ်စေ လူပုဂ္ဂိုလ်တစ်ဦးဦးထံ ပေးပို့နိုင်သည်။

(ဃ) ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် စွဲဆိုခံရသည့် ပုဂ္ဂိုလ်တစ်ဦးထံသို့ ပုဒ်မခွဲ (က) အရ အကြောင်းကြားစာ တစ်စောင် ပေးပို့ပြီးနောက်–

(၁) ထိုသူသည် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် ကာလအတွင်း ဖော်ပြထားသော ဒဏ်ကြေးငွေကို မှတ်ပုံတင်အရာရှိထံ ပေးသွင်းခဲ့သည့်အပြင် အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာ တစ်ရပ်ကို ဆောင်ရွက်ခဲ့ပါက ထိုသူအပေါ်၌ ထိုသတ်မှတ် ဖော်ပြထားသည့် ကျူးလွန်မှုအတွက် တရားစွဲဆိုခြင်းမပြုရ၊

(၂) ကျူးလွန်သူသည် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် ကာလအတွင်း ဖော်ပြထားသော ဒဏ်ကြေးငွေကို မှတ်ပုံတင်အရာရှိထံ ပေးသွင်းခဲ့သော်လည်း ထိုပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကို ဆောင်ရွက်ခဲ့ခြင်း မရှိလျှင် ထိုသူအပေါ်၌ သတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုအတွက် တရားစွဲဆိုခြင်း မပြုရ။ သို့ရာတွင် အဆိုပါပြုလုပ်မှု သို့မဟုတ် အကြောင်းအရာ တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် တာဝန်သည် ဆက်လက်တည်ရှိစေရမည်၊

(၃) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးသည်အထိ ကျူးလွန်သူသည် ဖော်ပြထားသော ဒဏ်ကြေးငွေကို မှတ်ပုံတင်အရာရှိထံ ပေးသွင်းခဲ့ခြင်း မရှိလျှင် ထိုသူက အကြောင်းကြားစာရရှိပြီးနောက်မှ ထိုပြုလုပ်မှု သို့မဟုတ် အကြောင်းအရာ တစ်ရပ်ရပ်ကို ဆောင်ရွက်ခဲ့စေကာမူ ထိုစွပ်စွဲဖော်ပြထားသော ကျူးလွန်မှုနှင့်စပ်လျဉ်း၍ ထိုသူအပေါ်တွင် တရားစွဲဆိုခြင်း ပြုနိုင်သည်။

( င ) ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းနှင့် မသက်ဆိုင်သည့် သတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ပုဒ်မခွဲ (က) အရ အကြောင်းကြားစာတစ်စောင်ပေးပို့ပြီးနောက်–

(၁) ကျူးလွန်သူသည် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလအတွင်း ဖော်ပြထားသော ဒဏ်ကြေးငွေကို မှတ်ပုံတင်အရာရှိထံ ပေးသွင်းလျှင် သတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်း မပြုရ၊

(၂) ကျူးလွန်သူသည် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးသည်အထိ ဖော်ပြထားသော ဒဏ်ကြေးငွေကို မှတ်ပုံတင်အရာရှိထံသို့ ပေးသွင်းခဲ့ခြင်း မရှိလျှင် သတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုနှင့် စပ်လျဉ်း၍ တရားစွဲဆိုနိုင်သည်။

( စ ) ပုဒ်မခွဲ (က) အရ အကြောင်းကြားစာအား တစ်စုံတစ်ဦးထံသို့ ချအပ်ခဲ့ပြီးနောက် ၎င်းမှ ထိုအကြောင်းကြားစာပါ သတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုကို ကျူးလွန်ခဲ့ခြင်း မရှိကြောင်း သို့မဟုတ် အကြောင်းကြားစာပါ ဒဏ်ကြေးငွေအား ပေးဆောင်ရန်တာဝန်မရှိကြောင်း ငြင်းဆိုသည့်ကိစ္စတွင် ဤပုဒ်မပါ မည်သည့်အချက်ကမှ ထိုပုဂ္ဂိုလ်အပေါ် အကျိုးဆက်အားဖြင့် မှတ်ပုံတင်အရာရှိက စွဲဆိုနိုင်သောတရားမမှု သို့မဟုတ် ရာဇဝတ်မှုတစ်ရပ်ရပ်တွင် ခုခံချေပခွင့်ကို တားမြစ်ခြင်း သို့မဟုတ် ပုဒ်မ ၄၀၄၊ ၄၁၄ နှင့် ၄၁၅ တို့အရ ထိုသူမှရရှိနိုင်ဖွယ်ရှိသော ရပိုင်ခွင့်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်များ တောင်းဆိုခြင်းကို တားမြစ်ခြင်းမရှိစေရ။

(ဆ) သတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုတစ်ရပ်နှင့်စပ်လျဉ်း၍ ဤပုဒ်မအရ ပုဂ္ဂိုလ် တစ်ဦးဦးထံသို့ ပေးပို့ခဲ့သောအကြောင်းကြားစာပါ ဒဏ်ကြေးငွေကို ထိုသူက ပေးချေခဲ့သည်ဆိုသော အချက်သည် ယင်းသတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုကို ကျူးလွန်ကြောင်း စွပ်စွဲချက်နှင့်စပ်လျဉ်း၍ ထိုသူ၏ ဝန်ခံချက်တစ်ရပ်အဖြစ် မှတ်ယူခြင်းမရှိစေရ။

( ဇ ) ပုဒ်မခွဲ (ဃ) ပုဒ်မခွဲငယ် (၁) နှင့် (၂) နှင့် ပုဒ်မခွဲ (င) ပုဒ်မခွဲငယ် (၁) တို့တွင် သတ်မှတ်ဖော်ပြထားသည့် ကျူးလွန်မှုမှအပ ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် တရားစွဲဆို ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ် ပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းအား ထိခိုက်စေခြင်း မရှိစေရ။

**အခန်း (၃)**

**မြွက်ဟကြေညာခြင်းများ၊ အမိန့်များနှင့် တားဝရမ်းများ**

**ဤအခန်းနှင့် သက်ဆိုင်ခြင်း**

၄၀၇။ ဤဥပဒေတွင် သတ်မှတ်ဖော်ပြထားသော ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာ တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းနှင့်စပ်လျဉ်း၍ အခွင့်အာဏာရှိသည့် မှတ်ပုံတင်အရာရှိထံ တရားမကြောင်းအရ အရေးယူဆောင်ရွက်ရန် လွှဲပြောင်းပေးသည့်ကိစ္စတွင် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

**တာဝန်များနှင့်စပ်လျဉ်း၍ ဆန့်ကျင်ဆောင်ရွက်မှုများကို မြွက်ဟကြေညာခြင်း**

၄၀၈။ (က) တစ်ဦးတစ်ယောက်သည် ဤဥပဒေ၏ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်ဆောင်ရွက်ကြောင်း ယုံကြည်လက်ခံနိုင်သော အကြောင်းရင်းများရှိသည်ဟု ကျေနပ်လျှင် တရားရုံးသည် ဤပုဒ်မအရ ဆန့်ကျင်ဆောင်ရွက်မှုတစ်ရပ်ဖြစ်ကြောင်း မြွက်ဟကြေညာသည့် အမိန့်တစ်ရပ်ချမှတ်ပြီးနောက် အောက်ပါအမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် –

(၁) ပုဒ်မ ၄၀၉ အရ မှတ်ပုံတင်အရာရှိအား လျော်ကြေးပေးဆောင်စေရန်အမိန့်၊

(၂) ပုဒ်မ ၄၁၀ အရ နစ်နာသူအား လျော်ကြေးပေးစေရန်အမိန့်။

( ခ ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ အမိန့်တစ်ရပ်ချမှတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

( ဂ ) မှတ်ပုံတင်အရာရှိက ပုဒ်မခွဲ (ခ) အရ လျှောက်ထားခဲ့ခြင်းမရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူသည် နစ်နာသည့်ကုမ္ပဏီနှင့် ယင်းတွင် ပါဝင်သူများနှင့် မြီရှင်များအတွက် လျော်ကြေးတစ်ရပ်ပေးစေရန် လျှောက်ထားတောင်းဆိုနိုင်သည်။

(ဃ) ပုဒ်မခွဲ (က) အရ အမိန့်တစ်ရပ်ရပ် ချမှတ်ပေးနိုင်ရန်အတွက် တရားစွဲဆိုမှုကို ထိုဆန့်ကျင်ဆောင်ရွက်မှုပြုလုပ်သည့်နေ့မှ ခြောက်နှစ်ထက်မပိုသောကာလအတွင်း စတင်ဆောင်ရွက်ရမည်။

**မှတ်ပုံတင်အရာရှိသို့ လျော်ကြေးပေးဆောင်စေရန်အမိန့်**

၄၀၉။ (က) မှတ်ပုံတင်အရာရှိ၏ လျှောက်ထားချက်အရ အောက်ပါအခြေအနေများတွင် တရားရုံးသည် လူပုဂ္ဂိုလ်တစ်ဦးအား ကျပ်သိန်းတစ်ရာအထိ လျော်ကြေးငွေပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်–

(၁) ထိုသူ၏ပြုလုပ်မှုသည် ပုဒ်မ ၄၀၈ အရ ဆန့်ကျင်ဆောင်ရွက်မှုတစ်ရပ်ဖြစ်ကြောင်း မြွက်ဟကြေညာသည့် အမိန့်တစ်ရပ်ချမှတ်ခဲ့သည့်အပြင်၊

(၂) ထိုသူ၏ပြုလုပ်မှုသည် ကုမ္ပဏီနှင့် ယင်းတွင်ပါဝင်သူများနှင့် မြီရှင်များ၏အကျိုးစီးပွားကို အကြီးအကျယ် ထိခိုက်နစ်နာစေခဲ့လျှင်။

( ခ ) ထိုလျော်ကြေးငွေသည် ပြည်ထောင်စု၏ကိုယ်စား မှတ်ပုံတင်အရာရှိသို့ ပေးရမည့် တရားမကြွေးမြီ ဖြစ်သည်။ အဆိုပါလျော်ကြေးငွေကို ပေးဆောင်ရန် ပျက်ကွက်လျှင် ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ပုံတင်အရာရှိက အရကောက်ခံရမည်။

**နစ်နာသူသို့ လျော်ကြေးပေးဆောင်စေရန်အမိန့်**

၄၁၀။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လျှောက်ထားချက်အရ အောက်ပါအခြေအနေများတွင် ကုမ္ပဏီ၏နစ်နာမှုများအတွက် တရားရုံးသည် လူပုဂ္ဂိုလ်တစ်ဦးအား ကုမ္ပဏီသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်–

(၁) ထိုသူ၏ပြုလုပ်မှုသည် ပုဒ်မ ၄၀၈ အရ ဆန့်ကျင်ဆောင်ရွက်မှု တစ်ရပ်ဖြစ်ကြောင်း မြွက်ဟကြေညာသည့်အမိန့်တစ်ရပ် ချမှတ်ခဲ့သည့်အပြင်၊

(၂) ထိုသူ၏ပြုလုပ်မှုကြောင့် ထိခိုက်နစ်နာမှု ဖြစ်ပေါ်စေခဲ့လျှင်။

( ခ ) အမိန့်တွင် ပေးရမည့်လျော်ကြေးငွေပမာဏကို သတ်မှတ်ဖော်ပြရမည်။

( ဂ ) လျော်ကြေးငွေပေးစေရန်အမိန့်တစ်ရပ် ချမှတ်နိုင်ရေးအတွက် ကုမ္ပဏီမှ ထိခိုက်နစ်နာခဲ့သည်များကို စဉ်းစားဆုံးဖြတ်ရာတွင် တရားရုံးသည် ထိုကျူးလွန်မှု သို့မဟုတ် ဆန့်ကျင်ဆောင်ရွက်မှုမှ ထိုသူကရရှိသော အကျိုးအမြတ်များကို ထည့်သွင်းစဉ်းစားနိုင်သည်။

(ဃ) လျော်ကြေးပေးစေရန်အမိန့်ကို တရားရုံးမှချမှတ်သော ငွေဒီကရီတစ်ရပ်ကဲ့သို့ အတည်ပြုဆောင်ရွက်နိုင်သည်။

**တားဝရမ်း ထုတ်ဆင့်နိုင်သည့်အခွင့်အာဏာ**

၄၁၁။ (က) တစ်ဦးတစ်ယောက်သည် အောက်ပါအခြေအနေတစ်ရပ်ရပ်ကို ကျူးလွန်ခဲ့လျှင် သို့မဟုတ် ကျူးလွန်နေသည့် သို့မဟုတ် ကျူးလွန်မည့် အပြုအမူတစ်ရပ်ရပ်ကို ပြုလုပ်ခဲ့လျှင် သို့မဟုတ် ပြုလုပ်နေလျှင် သို့မဟုတ် ပြုလုပ်မည့်အခြေအနေရှိလျှင် ဤဥပဒေအရ ခန့်ထားသော ယုံမှတ်အပ်နှံခြင်းခံရသူကဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဖြစ်စေ၊ ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကဖြစ်စေ၊ ပြန်လည်ထူထောင်ရေး မန်နေဂျာကဖြစ်စေ၊ ပြန်လည်ထူထောင်ရေးအကြံပေးကဖြစ်စေ လျှောက်ထားလာပါက တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များ သတ်မှတ်၍ ထိုပုဂ္ဂိုလ်အပေါ် ယင်းအပြုအမူများဆောင်ရွက်ခြင်းမှ တားမြစ်သည့်အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည့်အပြင် တရားရုံးက ဆောင်ရွက်ရန်လိုအပ်သည်ဟု ထင်မြင်သည့်အတိုင်း ထိုသူကို ပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်စေရန် အမိန့်ချမှတ်နိုင်သည် –

(၁) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ခြင်း၊

(၂) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန် အားထုတ်ခြင်း၊

(၃) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် တစ်ဦးတစ်ယောက်ကို တမင်ကူပံ့ခြင်း၊ အားပေးကူညီခြင်း၊ အကြံပေးခြင်း သို့မဟုတ် တိုက်တွန်းခြင်း၊

(၄) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် တစ်ဦးတစ်ယောက်ကို ခြိမ်းခြောက်၍ ဖြစ်စေ၊ ကတိပြု၍ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ သွေးဆောင်ခြင်း သို့မဟုတ် အားထုတ်ခြင်း၊

(၅) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရာတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ပတ်သက်ခဲ့ခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊

(၆) ဤဥပဒေကို ဆန့်ကျင်ဆောင်ရွက်ရန်အတွက် အခြားသူများနှင့် ပူးပေါင်းကြံစည်ခဲ့ခြင်း။

( ခ ) တစ်ဦးတစ်ယောက်သည် ဤဥပဒေအရ ဆောင်ရွက်ရမည့် ပြုလုပ်မှုသို့မဟုတ် ကိစ္စတစ်ရပ်ကို ဆောင်ရွက်ရန်ငြင်းဆိုခဲ့လျှင် သို့မဟုတ် ပျက်ကွက်ခဲ့လျှင် ဖြစ်စေ၊ ငြင်းဆိုနေလျှင် သို့မဟုတ် ပျက်ကွက်နေလျှင်ဖြစ်စေ၊ ငြင်းဆိုမည့် သို့မဟုတ် ပျက်ကွက်မည့် အခြေအနေရှိလျှင်ဖြစ်စေ တရားရုံးသည် ဤဥပဒေအရ ခန့်ထားသော ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယာယီစာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ပြန်လည်ထူထောင်ရေး မန်နေဂျာ သို့မဟုတ် ပြန်လည်ထူထောင်ရေးအကြံပေးတစ်ဦးဦး၏ လျှောက်ထားချက်အရ သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ထိုသူအား အဆိုပါပြုလုပ်မှု သို့မဟုတ် ကိစ္စရပ်ကို ဆောင်ရွက်စေရန် ညွှန်ကြားနိုင်သည်။

( ဂ ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ တားဝရမ်းထုတ်ဆင့်ပေးရန် လျှောက်ထားခဲ့ပြီး အမှုသည်များ အားလုံးက တားဝရမ်းထုတ်ဆင့်ပေးရန် စာဖြင့်တင်ပြလာလျှင် တရားရုံးသည် ယင်းပုဒ်မခွဲများနှင့်သက်ဆိုင်ကြောင်း ကျေနပ်မှုရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ တားဝရမ်းထုတ်ဆင့်သည့် အမိန့်ချမှတ်ရမည်။

(ဃ) တရားရုံးသည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) သို့မဟုတ် (ဂ) အရ ချမှတ်ထားသည့် အမိန့်တစ်ရပ်ရပ်ကို ပယ်ဖျက်နိုင်သည် သို့မဟုတ် ပြင်ဆင်နိုင်သည်။

( င ) ဤပုဒ်မအရ အမိန့်တစ်ရပ်ချမှတ်ပေးနိုင်ရေးအတွက် တရားရုံးသို့ တင်ပြလျှောက်ထားလာသည့်အခါ တရားရုံးသည် ထိုတားမြစ်မိန့်ချမှတ်ခြင်းကြောင့် နစ်နာမှုရှိခဲ့လျှင် နစ်နာကြေးပေးရန်အတွက် လျှောက်ထားသူ သို့မဟုတ် အခြားသူ တစ်ဦးအား အာမခံချက် တစ်ရပ်တင်သွင်းရန် အမိန့်ချမှတ်နိုင်သည်။

( စ ) တစ်ဦးတစ်ယောက်အား တစ်စုံတစ်ရာသော အပြုအမူတစ်ရပ်ကို ဆောင်ရွက်ခြင်းမှ တားမြစ်သည့်အမိန့် သို့မဟုတ် တစ်စုံတစ်ရာသော ပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်စေရန် ညွှန်ကြားသည့်အမိန့်တစ်ရပ်ရပ်ကို ဤပုဒ်မအရ တရားရုံးက ချမှတ်နိုင်သည့်ကိစ္စတွင် တားဝရမ်းထုတ်ဆင့်ခြင်းအတွက် နစ်နာသူတစ်ဦးတစ်ယောက်သို့ ဝရမ်းထုတ်ဆင့်ခြင်းခံရသူမှ နစ်နာကြေးပေးစေရန် အမိန့်ချမှတ်နိုင်သည်။ နစ်နာကြေးကို တွက်ချက်ရာတွင် အမှန်တကယ် ဆုံးရှုံးမှုအပြင် နစ်နာကြေးပါချမှတ်နိုင်သည်။

**တရားရုံး၏ အခြားအာဏာများအပေါ် ကန့်သတ်မှုမရှိခြင်း**

၄၁၂။ ဤအခန်းတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ တရားရုံးက ရရှိသည့် ဤဥပဒေပါ အခြားသော အခွင့်အာဏာများကို ထိခိုက်စေခြင်း မရှိစေရ။

**အခန်း (၄)**

**ကျူးလွန်မှုများနှင့် ခုခံချေပချက်များ**

**ကျူးလွန်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ**

၄၁၃။ (က) ကုမ္ပဏီအပါအဝင် တစ်ဦးတစ်ယောက်သည် အောက်ပါကိစ္စရပ် တစ်ရပ်ရပ်ကို ကျူးလွန်ခဲ့ပြီး ဤဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ထိုသူသည် ဤပုဒ်မခွဲအရ ပြစ်မှုကို ကျူးလွန်ရာရောက်သည်–

(၁) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ဆောင်ရွက်ခြင်း မပြုရန် တားမြစ်ထားသည့် ပြုလုပ်မှု သို့မဟုတ် ကိစ္စ တစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း၊

(၂) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ဆောင်ရွက်ရန် လိုအပ်သည့် သို့မဟုတ် ညွှန်ကြားထားသည့် ပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်မှုမပြုခြင်း၊

(၃) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အခြားနည်း တစ်ရပ်ရပ်ဖြင့် ဆန့်ကျင်ဆောင်ရွက်ခြင်း။

( ခ ) ကုမ္ပဏီအပါအဝင် တစ်ဦးတစ်ယောက်သည် ပုဒ်မခွဲ (က) ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် တရားရုံးသည် ထိုသူအား အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ် ၁၀ သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အစည်းအဝေးကျင်းပမည့်ရက်အား ခေတ္တဆိုင်းငံ့ခြင်း

၂၀-၂-၂၀၂၀ ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတွင် ပါရှိသော ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်(အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်)၏ သတ္တမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးနှင့် အထူးအထွေထွေအစည်းအဝေးအား ၂၁-၃-၂၀၂၀ ရက်တွင် ကျင်းပနိုင်ရန် စီစဉ်ဖိတ်ကြားခဲ့သော်လည်း အစည်းအဝေးနှင့် သက်ဆိုင်သည့်ကြိုတင် ပြင်ဆင်မှုများနှင့် အခြားလိုအပ်ချက်များ ဆောင်ရွက်ရန်ရှိခြင်းကြောင့် မူလသတ်မှတ်ထားသော ၂၁-၃-၂၀၂၀ ရက်(စနေနေ့) အား ခေတ္တဆိုင်းငံ့ပါကြောင်းနှင့် အမှန်တကယ်ကျင်းပမည့်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပါကြောင်း။

ဒါရိုက်တာအဖွဲ့

ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်
အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ဥတ္တရသီရိမြောက်ရပ်)၊ မြေကွက်အမှတ် -ဥ-၅၂၇၅(စီ)၊ အကျယ်အဝန်း(၁၀၀x၁၀၀)ပေ၊ ဧရိယာ(၀ဒသမ၂၂၉)ဧကခန့်ရှိမြေကွက်သည်နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့/မြေဌာနတွင် ဦးဇော်ဝင်းထွန်း ၈/နမန(နိုင်) ၀၀၇၆၅၈အမည်ဖြင့် နှစ် ၃၀ မြေငှားဂရန် စာချုပ်အမည်ပေါက်ထားပြီး ၎င်းထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်တော်၏မိတ်ဆွေက စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူ ရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မင်း (စဉ်-၁၃၉၀၂)တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၀၄၀)၊ (၁၇)လမ်း၊ ပေါင်းလောင်း(၃)၊ ပျဉ်းမနား
ဖုန်း-၀၉-၄၂၀၇၁၈၄၄၂

## ကန့်ကွက်နိုင်ပါကြောင်း

ပခုက္ကူမြို့၊ အမှတ်(၈)ရပ်ကွက်၊ အကွက်အမှတ်(၁)ဝါတန်း၊ ဦးပိုင်အမှတ်(၅၆)၊ မြေဧရိယာ ဧက ၀ဒသမ ၀၇၈ ဧကအား ဂရန်ချထားပေးရေးအဖွဲ့မှ ၃၁-၈-၁၉၄၁ မှ ၃၀-၈-၁၉၅၆ ထိ (၁၅)နှစ် ဂရန်အား ဦးချစ်တီးနတ်ဘဏ် အမည်ဖြင့် ဂရန်ချထားပေးခဲ့ပြီး အဆိုပါချထားပေးသည့် စာရွက်စာတမ်းများမှာ ပျောက်ဆုံးနေပါသည်။ အဆိုပါမြေကွက်အား ဦးချစ်တီးနတ်ဘဏ်ထံမှ ၁၉၉၀ ပြည့်နှစ်တွင် ကျွန်တော်၏မိတ်ဆွေ ဒေါ်စန်းမြင့်မှဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းမြင့်အနေဖြင့် အမည်ပေါက်မြေငှားဂရန်ရရှိရေး လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့် ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ လာရောက်ကန့်ကွက်လိုသူ မရှိပါကဂရန်လျှောက်ထားမှုကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစိန်ဝင်း( LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၈၈)
ငါးကြင်းလမ်း၊ အမှတ်(၁၂)ရပ်ကွက်၊
ပခုက္ကူမြို့၊ ၀၉-၉၇၄၅၈၁၁၀၆

## ဦးစံသိန်း (KGN-၀၃၅၃၆၃) (ယခုလိပ်စာမသိ) သိစေရန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ သဇင်လမ်း၊ အမှတ်-၈ ရှိ အလျား× အနံ(၆၆× ၆၄)ပေရှိ မြေကွက်နှင့်အိမ်ကို လူကြီးမင်းမှ ဒေါ်အေးအေးသိန်းသို့ ရောင်းချထားခဲ့ပြီး၊ အရောင်းအဝယ်စာချုပ်မှတ်ပုံတင် လက်မှတ်ရေးထိုးရန် လူကြီးမင်းမှ ကတိပြုခဲ့ပါသည်။ ယခုအခါ ဒေါ်အေးအေးသိန်းမှ မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်လက်မှတ်ရေးထိုးပေးရန် လူကြီးမင်းမှ (၁၉-၃-၂၀၂၀)ရက်နေ့ နောက်ဆုံးထားပြီး ဆောင်ရွက်ပေးရန်နှင့် လူကြီးမင်းမှ ဆောင်ရွက်ပေးခြင်းမရှိပါက သက်ဆိုင်ရာရုံးများတွင် ဒေါ်အေးအေးသိန်းမှ လျှောက်ထားဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစောတာကာပေါ်(LLB., D.B.L., D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၀၃)
တိုက် ၉/၁၁၊ မြေညီထပ်၊ ၃၆ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၄၄၈၀၀၃၃၂၄

## ဦးပြေမင်းထွန်း (ဘ) ဦးမောင်မောင် ၉/ပမန(နိုင်) ၂၁၅၃၆၆နှင့်အများသိသာစေရန် ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပိတောက်(၁)လမ်း၊ အမှတ်(၂၅၀)နေ ဒေါ်ဆုမွန်အောင်(ဘ) ဦးအောင်မင်း ၉/ပမန(နိုင်) ၁၄၄၅၁၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုမွန်အောင်နှင့် ဦးပြေမင်းထွန်းတို့သည် (၁၆-၁၀-၂၀၁၉) ရက်တွင် လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီး ပေါင်းသင်းစဉ်ဖြစ်ထွန်းခဲ့သည့် ပစ္စည်းများအနက် ဦးပြေမင်းထွန်းသည် 4J-4821 Ford အနက်ရောင်ကားတစ်စီး၊ Camera ဝမ်းဆက်တစ်စုံ(တန်ဖိုးသိန်း ၁၅၀ ကျပ်)၊ ကွန်ပျူတာ တစ်စုံတို့အား လက်ရောက်ယူဆောင်ပြီး ကျန်ပစ္စည်းများအားလုံးကို ဒေါ်ဆုမွန်အောင်မှ လက်ရောက်ယူဆောင်၍ နှစ်ဦးသဘောတူ ခွဲဝေယူခဲ့ကြပါသည်။ ထိုသို့ခွဲဝေယူခဲ့ပြီးနောက် ဒေါ်ဆုမွန်အောင်လက်ဝယ်ရှိ ပစ္စည်းများနှင့်ပတ်သက်၍ ဦးပြေမင်းထွန်းနှင့် မသက်ဆိုင်တော့ပါကြောင်း အသိပေးကြေညာပါသည်။

သို့ပါ၍ နောက်နောင်တစ်ဦးနှင့်တစ်ဦးမည်သို့မျှ ပတ်သက်ခြင်း၊ သက်ဆိုင်ခြင်း မရှိတော့ပါကြောင်းနှင့် ဦးပြေမင်းထွန်းနှင့်ပတ်သက်သည့် လူမှုရေးကိစ္စ၊ ငွေကြေးကိစ္စ၊ အခြားစီးပွားရေး၊ အရှုပ်အရှင်းကိစ္စမှန်သမျှ ဒေါ်ဆုမွန်အောင်မှ တာဝန်မယူပါကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

ထို့အပြင် ဒေါ်ဆုမွန်အောင် ခွဲဝေပိုင်ဆိုင်သည့် အဆောက်အအုံနှင့်ဆိုင်များအပါအဝင် လက်ရှိနေထိုင်သည့် နေအိမ်များသို့ ခွင့်ပြုချက်မရှိ ဘဲ ဝင်ရောက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ- ဒေါ်ဆုမွန်အောင်

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်တင်ပပထွန်း(LL.B) | ဒေါ်နီလာဝင်း(LL.B,D.B.L) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| စဉ်-၁၁၀၀၉ | စဉ်-၁၅၀၃၉ |

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/8750, YUTON ZKG 127H BUS (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာမင်း ၉/ကပတ(နိုင်)၁၇၈၇၁၈ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၉၉၉၇၂ Kenbo 125 M/C ယာဉ်အမည်ပေါက်သူ ဦးဇော်မြင့် ၇/ပခန(နိုင်)၀၃၇၂၂၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းရုံး(ပဲခူး)

## အစားအသောက်ကုန်ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ တောမကျေးရွာနေ ကျွန်တော်ဦးကြည်ခိုင် ၅/ထခန(နိုင်) ၀၄၇၉၆၁က အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ တောမကျေးရွာနေ ကျွန်တော်ဦးကြည်ခိုင် ၅/ထခန(နိုင်) ၀၄၇၉၆၁သည် "ရွှေဝါမြေ" အမည်ဖြင့် ဆီစက်ရုံတည်ဆောက်ပြီး တံဆိပ်ရိုက်နှိပ်ထုတ်လုပ်သွားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

ဦးကြည်ခိုင် ၅/ထခန(နိုင်) ၀၄၇၉၆၁
ဖုန်း-၀၉-၄၅၁၂၄၆၁၅၅၊ ၀၉-၄၅၀၂၇၁၉၈၉

## ကန့်ကွက်နိုင်ပါကြောင်း

မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၇၀)၊ ဦးပိုင်အမှတ်(၁၆၆)၊ ဧရိယာ(၀ဒသမ၀၈၀)၊ ဧကရှိမြေအား အမှုတွဲ အမှတ် ၇၃ V ၂၀၀၁-၂၀၀၂ အရ (၂၈-၁၁-၂၀၀၂ မှ ၂၇-၁၁-၂၀၃၂)အထိ ဦးဝင်းမြင့်(ညီမ) ဒေါ်ရီမာတင်အမည်ဖြင့် နှစ် ၃၀ ဂရန် ရရှိထားသော မြေအနက်မှ မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၇၀၊ ကြိုးကြာကန်)၊ ဦးပိုင်အမှတ်(၁၆၁)၊ ဧရိယာ(၀ဒသမ၀၃၀)ကေရှိ မြေအား ဒေါ်ယုယုဇော်အမည်ဖြင့် မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက် ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အရှေ့ပိုင်းခရိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ (၁၁၃)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့ နယ်၊ တိုက်အမှတ်(၁၉/၂၁၊ မြေညီထပ်)တိုက်ခန်း၏ အကျယ်အဝန်း (၁၂ ၁/၂ ပေ x ၄၀) ပေရှိသော တိုက်ခန်းတွင်တပ်ဆင်ထားသော ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ကိုယ်ပိုင်ရေစက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေက အနောက်ပိုင်းခရိုင်၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၂၉၅/၂၉၇)တွင် နေထိုင်သော တရားဝင်ပိုင်ဆိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး အပိုင်ရောင်းချသူ ဒေါ်သဇင်ဦး ၁၄/ဝခမ(နိုင်) ၁၃၃၃၃၃ထံမှ အပိုင်ဝယ်ယူရန်အတွက် ကာလတန် ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ တစ်စုံတစ်ရာပြောကြား ကန့်ကွက်လိုသူများသည် ပိုင် ဆိုင်မှု မူရင်း အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်မကျော်လွန်မီ လူကိုယ် တိုင်လာရောက် ကန့်ကွက်ပြောဆိုနိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အရောင်းအဝယ်ပြီးမြောက်ပြီး နောက်မှ ပြောကြားလာမှု အဝဝကို ကျွန်ုပ်နှင့်ကျွန်ုပ်၏ မိတ်ဆွေက လက်ခံစဉ်းစား ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးချစ်ကိုကို(ရွှေစာရေး)
LL.B,WIPO-101(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၉၄)
အမှတ်(၁၆၂)၊ (၆)လွှာ/အေ၊ လမ်း(၃၀)၊ (၇)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရန်-ဖုန်း-၀၉-၄၂၁၀၂၁၆၃၇၊ ၀၉-၄၅၀၁၇၀၀၀၁၊
၀၉-၄၅၀၁၇၀၀၀၂၊ ၀၉-၄၅၀၁၇၀၀၀၃

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုး(တောင်ပိုင်း)မြို့ရှောင်လမ်းတွင် တည်ရှိသော Coffee Couple Myanmar Limited ကုမ္ပဏီ မှတ်ပုံတင်အမှတ်(၁၂၁၂၅၅၈၂၀)သည် အောက်တွင် ဖော်ပြထားသော ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မူရင်းတီထွင်ဖန်တီးခဲ့သည့် တစ်ဦးတည်းမူပိုင်အဖြစ် ၂၀၁၈ ခုနှစ် ဩဂုတ် ၇ ရက်တွင် တရားဝင်မှတ်ပုံတင်ထားပြီး မှတ်ပုံတင်အမှတ်မှာ 4/8703/2018 ဖြစ်ပါသည်။

အထက်ဖော်ပြပါ အမည်အမှတ်တံဆိပ်အမှတ်အသားကို အသုံးပြု၍ ကျန်းမာရေးနှင့်ညီညွတ်သော ကော်ဖီစစ်စစ်ကို ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် တစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချီရောင်းချခဲ့ရာ နာမည်ကောင်း သတင်းရရှိခဲ့ပြီး ဝယ်ယူသောက်သုံးအားပေးသူများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ ၎င်းအမည်အမှတ်တံဆိပ်အမှတ်အသားကို ကုမ္ပဏီမှ လုပ်ကိုင်သည့် လုပ် ငန်းများတွင်လည်း လုပ်ငန်းသုံးအမှတ် တံဆိပ်အဖြစ်လည်းကောင်း၊ အသားတံဆိပ်အဖြစ်လည်းကောင်း ကပ်နှိပ်ယှဉ်တွဲ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမည်အမှတ်တံဆိပ်အမှတ်အသားကို အတုဖြစ်စေ၊ ဆင်တူယိုးမှား သံတူကြောင်းကွဲ ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ မည်သူမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပပြုလုပ်သုံးစွဲခြင်း မပြုလုပ်ကြပါရန် အသိပေးတားမြစ်အပ်ပါသည်။ မရိုးမဖြောင့်သော သဘောဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ခြင်း၊ အထက်ဖော်ပြပါ ကုမ္ပဏီအမှတ်တံဆိပ်ပိုင်ရှင်၏ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများ တွေ့ရှိရပါက လုပ်ငန်းအကျိုးစီးပွားနစ်နာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စန်းစန်းလှ(LL.B)
စဉ်/၂၁၅၉၅/၉၈
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၄၀၂၆၃၇၂၁၉

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မြဝတီခရိုင်တရားမရုံးတော်၌
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် ၇

| | | |
|---|---|---|
| ဦးကျော်သူရ | | ၁။ ဦးမြစိန် |
| | နှင့် | ၂။ ဦးဇော်အောင်လင်း |
| တရားလို | | တရားပြိုင်များ |

မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဗလမင်းထင်လမ်းနေ အမှတ်(၁)တရားပြိုင် ဦးမြစိန်နှင့် မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ ဗိုလ် ချုပ်လမ်းနေ အမှတ်(၂)တရားပြိုင် ဦးဇော်အောင်လင်း(ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးကျော်သူရက မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကြီးချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ် ၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဧပြီ ၁ရက် (၁၃၈၁ခုနှစ် တန်ခူးလဆန်း ၉ရက် )မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် ၊ သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက် တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မတ် ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထင်ကျော်)
ဒုတိယခရိုင်တရားသူကြီး
မြဝတီခရိုင်တရားရုံး

## အမည်ပြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြရတနာ(၆)လမ်းနေ ဦးဝင်းလှိုင် ၁၂/ဥကမ(နိုင်) ၁၆၁၀၄၅နှင့် ဒေါ်ဆွေဆွေနီထွန်း ၁၂/ဥကမ(နိုင်) ၂၀၆၄၇၂ ၏ သမီး မသက်ခိုင်ဝေအား မပြည့်ဖူးစံ ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်မှန်

အရာတော်မြို့နယ်၊ တောင်မွှာကျေးရွာမှ(ဘ)ဦးအောင်ထွေး၏ သမီး မလှမျိုးသဥ္စာနွယ်၏ အမည်မှန်မှာ မနန္ဒာဖြိုး ၅/အရတ(နိုင်)၁၇၈၅၃၇ ဖြစ်ပါကြောင်း။

မနန္ဒာဖြိုး

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်ကြီး ၁၂/ဥကမ(နိုင်)၁၅၂၂၅၄ ၏ နိုင်ငံကူးလက်မှတ် အမှတ် MC- 299755 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၂၆၉၉၄၄၆

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကန့်ဘလူမြို့နယ် ဇင်းအထကမှ မောင်သူရမင်းထက်၊ မယွန်းမီမီဦးနှင့် မယမင်းသော်တာဦးတို့၏ဖခင် ဦးမောင်စန်း နှင့်ဦးစန်းနိုင် ၅/ကဘလ(နိုင်) ၂၃၅၉၈၆ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမောင်စန်း(ခ)ဦးစန်းနိုင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ကျောင်းတော်ရာကျေးရွာရှိ ရေသန့်စက်ရုံ ထုတ်ထုပ်မည့် "အိမ်စည်"ကုန်စည်အမှတ်တံဆိပ်ကို မကွေးတိုင်း ဒေသကြီး၊ ပွင့်ဖြူမြို့နယ် နှင့်တကွ ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဖြန့်ချိရောင်းချသွားရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်ထားရှိပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား များဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးအောင်ကျော်စွာ
၈/ပဖန(နိုင်)၀ရ၄၆၄၈
ဖုန်း- ၀၉ ၄၀၀ရ၉၆၃၃၀

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ (၆)၊ အကွက်အမှတ် (၅+၆+၇ တိုးချဲ့)၊ ဦးပိုင်(၁၈၆)၊ ဧရိယာ ၀ ဒသမ ၀၉၆ ဧကရှိ အမှုတွဲအမှတ် ၇၅၇-၅/၁၉၉၃-၉၄(စီ)ဖြင့် တကကမောင်မြင့် ကပ/၅၇၉၁၉၂ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ၄-၂-၂၀၂၀ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းအမှတ် (၄၂၊/၂၀၂၀)ဖြင့် ဦးထွန်းမြင့်ထံသို့ရောင်းချပြီးဖြစ်၍ ဦးထွန်းမြင့် ၁၃/လရန(နိုင်)၁၇၂၂၆၄မှ အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ကောင်းမြတ် ၉/အမဇ(နိုင်) ၀၄၃၆၅၃၏ EDH နှင့် 4 Tickets certificate ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း -၀၉-၇၈၃၇၃၅၅၈၄

## ဖခင်အမည်မှန်

ပုတာအိုမြို့၊အခြေခံပညာရေးဦးစီးဌာန(အမက-ဖတ်မာယန်)ကျောင်းမှ ဦးဟီယော်ဆဲ ၁/ပတအ(နိုင်)၀၅၇၇၈၅၏ ဖခင် ဦးအားဖူ ၁/ ပတအ(နိုင်)၀၁၁၄၇၀ ၏အမည်မှန်မှာ ဦးယော်ရဲဖြစ်ပါကြောင်း။

ဦးယော်ရဲ

## အမည်မှန်

ပူတာအိုမြို့၊ အထက လေယာဉ်ကွင်း နဝမတန်း (A)မှ မသန္တာထွန်း၏ အမည်မှန်မှာ မသိမ့်သန္တာထွန်း ၁/ပတအ(နိုင်) ၀၆၈၆၈၄ ဖြစ်ပါကြောင်း။

မသိမ့်သန္တာထွန်း

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ပူတာအိုမြို့၊အခြေခံပညာရေးဦးစီးဌာန(အမက-ဖတ်မာယန်)ကျောင်းမှ ဦးဟီယိုဆဲ ၁/ပတအ(နိုင်)၀၅၇၇၈၅၏ အမည်မှန်မှာ ဦးဟီယော်ဆဲဖြစ်ပြီး ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၁၂-၁၉၉၁ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/3830 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ရွှေပိတောက်ငါးဈေး၊ ရုံအမှတ်(A)၊ ဆိုင်ခန်းအမှတ်(၇)၊ ဆိုင်ခန်းအငှားချထားခြင်း ခံရသူ ဒေါ်နီလာဝင်း ၁၃/ကမန(နိုင်)၀၅၉၂၆၁ ၏ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အမှတ် N-63285 ပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ထုတ်ယူခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။


ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ရွှေပိတောက်ငါးဈေးတာဝန်ခံ
၀၉-၄၄၈၀၀၀၁၅၈



# MPT SIM Card မှတ်ပုံတင်ခြင်း နည်းလမ်း

MPT ရှေ့သို့လှမ်းချီ မြန်မာပြည်

မိမိတို့သုံးစွဲနေသော SIM Card များသည် မိမိနာမည်၊ မိမိနိုင်ငံသားစိစစ်ရေးကတ်ဖြင့် မှတ်ပုံတင်ထားခြင်း ဟုတ်၊ မဟုတ်ကို *601# သို့ခေါ်ဆို၍ စိစစ်ပြင်ဆင်ရန်။




(၁) *601# ကိုနှိပ်ပါ

(၂) Message ကို လက်ခံရရှိပါမည်။

(အချက်အလက်များမှန်ကန်မှုမရှိပါက ပေးထားသော Link ထဲဝင်ပြင်ပါ) (အင်တာနက်ဖွင့်ထားရန်)

(၃) အထက်တွင် ဖော်ပြထားသော အချက်အလက်များကို ဖြည့်သွင်းပြီးပါက "တင်သွင်းသည်" ကို ပြုလုပ်ပါ။

(၄) "အောင်မြင်စွာပြင်ဆင်ပြီးဖြစ်ပါသည်" စာတိုပေါ်လာမည် ဖြစ်သည်။

အထက်တွင်ဖော်ပြထားသော နည်းလမ်းအပြင် အောက်ပါ နည်းလမ်းများဖြင့်လည်း စိစစ်ပြင်ဆင်နိုင်မည်ဖြစ်သည်။

၁) MPT ၏ Customer Self-care ဝက်ဘ်ဆိုက်ဖြစ်သည့် care.mpt.com.mm

၂) MPT Ownshop များ (နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့် SIM Card ယူဆောင်လာရပါမည်)

၃) MPT Branded Shop များ (နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့် SIM Card ယူဆောင်လာရပါမည်)

၄) MPT Call Centre ဖြစ်သည့် 106 သို့ ခေါ်ဆို၍ SIM Card မှတ်ပုံတင်ခြင်းနှင့်ပတ်သက်ပြီး အသေးစိတ် မေးမြန်းနိုင်မည်ဖြစ်သည်။

MPT သုံးစွဲသူမိဘပြည်သူများအနေဖြင့် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားမှုအရ မိုဘိုင်းလ်ဖုန်းသုံးစွဲသူများသည် SIM Card များကို မိမိနာမည်၊ မိမိနိုင်ငံသားစိစစ်ရေးကတ်ဖြင့် အချက်အလက်ပြည့်စုံမှန်ကန်စွာဖြည့်သွင်း၍ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၃၀) ရက်နေ့ နောက်ဆုံးထား မှတ်ပုံတင်ရန် လိုအပ်မည်ဖြစ်သည်။

(၂၀၁၉ ခုနှစ် ဧပြီလ (၁) ရက်နေ့မှ စတင်၍ နိုင်ငံသားစိစစ်ရေးကတ် ၁ ခုလျှင် SIM Card (၂)ခုသာ ဝယ်ယူကိုင်ဆောင်နိုင်မည်ဖြစ်ပါသည်)

အသေးစိတ်သိရှိလိုပါက

www.mpt.com.mm | www.facebook.com/mptofficialpage

CALL CENTER 106 | call free 24 hours everyday

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထဲရေးဝန်ကြီးဌာန
## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
# လျှောက်လွှာခေါ်ယူခြင်း

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်စုံစမ်းရေးမှူးရားထူးလစာနှုန်း(၁၈၀၀၀၀/- ၂၀၀၀-၁၉၀၀၀၀)တွင် (အမျိုးသား/အမျိုးသမီး)(၁၁၆) နေရာဖြည့်တင်းခန့်ထားမည်ဖြစ်၍ အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။
(ခ) ၃၁-၁-၂၀၂၀ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီးဖြစ်ရမည့်အပြင် အသက်(၂၅)နှစ်ထက်မကြီးသူဖြစ်ရမည်။
(ဂ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည် (ဥပဒေဘွဲ့၊ စီးပွားရေးဘွဲ့၊ အင်္ဂလိပ်စာဘွဲ့၊ ကွန်ပျူတာဘွဲ့များအား ဦးစားပေးမည်)။
(ဃ) အမျိုးသားဖြစ်ပါက အရပ်အမြင့် ၅ပေ ၄လက်မ၊ ရင်အုပ်နဂိုအနေ ၃၂လက်မနှင့် ကိုယ်အလေးချိန် အနည်းဆုံးပေါင် ၁၁၀နှင့်အထက် ရှိရမည်။
(င) အမျိုးသမီးဖြစ်ပါက အရပ်အမြင့် ၅ပေ ၂လက်မ၊ ကိုယ်အလေးချိန် အနည်းဆုံးပေါင် ၁၀၀ နှင့် အထက်ရှိရမည်။
(စ) မျက်မှန်တပ်ဆင်ထားသူများ လျှောက်ထားရန်မလိုပါ။
(ဆ) ဆေးအဆင့်(က)ရှိရမည်။
(ဇ) မြန်မာနိုင်ငံအတွင်း မည်သည့်ဒေသတွင်မဆို တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဈ) နယ်ဘက်တရားရုံးများတွင် မှုခင်းကင်းရှင်းသူဖြစ်ရမည်။
(ည) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ)ဘာသာရပ်များကို ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်မှသာ ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်း၊ ဆေးအဆင့်စစ်ဆေးခြင်းများ ဆက်လက်ပြုလုပ်မည်။

၃။ သတ်မှတ်လျှောက်လွှာပုံစံကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနရုံးများတွင် သတင်းစာ၌ကြော်ငြာပါဝင်သည့်ရက်မှစ၍ ရယူနိုင်သည်။ သတ်မှတ်လျှောက်လွှာပုံစံမူရင်းတင်ပြသော လျှောက်လွှာကိုသာ လက်ခံမည်။

၄။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါအထောက်အထား စာရွက်စာတမ်းများပါဝင်ရမည်-

(က) ဘွဲ့လက်မှတ်/ဘွဲ့ထောက်ခံစာမိတ္တူ၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊
(ခ) အိမ်ထောင်မရှိ လူပျို/အပျိုဖြစ်ကြောင်း ကိုယ်တိုင်ဝန်ခံချက်၊
(ဂ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်း ဝန်ခံချက်၊
(ဃ) ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ၊
(င) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုကြောင်း ထောက်ခံစာမူရင်း/မိတ္တူပါဝင်ရမည်။

၅။ လျှောက်လွှာကို လျှောက်လွှာရယူခဲ့သော သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများသို့ ၃၁-၃-၂၀၂၀ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ ဖြေဆိုခွင့်ရရှိသူများအား သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများမှတစ်ဆင့် အကြောင်းကြားပါမည်။

၇။ ရေးဖြေစာမေးပွဲအား ၂၆-၄-၂၀၂၀ရက်တွင် နေပြည်တော်စာစစ်ဌာန၌ ဖြေဆိုရမည်။

၈။ စာရွက်စာတမ်း၊ သတ်မှတ်အရည်အချင်း၊ သတ်မှတ်အချက်အလက်များ မပြည့်စုံသည့် လျှောက်လွှာများ၊ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ လူတွေ့စစ်မေးသည့်အခါ အသက်စိစစ်အတည်ပြုရန်အတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်(မူရင်း)၊ ဘွဲ့လက်မှတ်/ဘွဲ့ထောက်ခံစာ(မူရင်း) ပြသနိုင်ရမည်။

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## ကြော်ငြာစာအမှတ်(၁/၂၀၂၀)
# လျှောက်လွှာခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

| စဉ် | ရာထူး/လစာနှုန်း | ခန့်ထားမည့်ဦးရေ ကျား | မ | ကျား/မ | ပေါင်း | လိုအပ်သောအနိမ့်ဆုံး ပညာအရည်အချင်း |
|---|---|---|---|---|---|---|
| (က) | စက်မှုကျွမ်းကျင်(၄)(တူးဖော်ရေး) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁၁ | | | ၁၁ | AGTI |
| (ခ) | စက်မှုကျွမ်းကျင်(၄)(စက်မှု) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၂၃ | | | ၂၃ | AGTI(MP/MT/CNC) |
| (ဂ) | စက်မှုကျွမ်းကျင်(၄)(ဆောက်လုပ်ရေး) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၇ | | | ၇ | AGTI(Civil) |
| (ဃ) | လျှပ်စစ်ကျွမ်းကျင်(၄)(ဖြန့်) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၆ | | | ၆ | AGTI(HP) |
| (င) | စက်မှုကျွမ်းကျင်(၄)(စက်ပြင်) (သယ်ပို့/စက်ပြင်) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၃ | | | ၃ | AGTI(MP/MT/CNC) |
| (စ) | စက်မှုကျွမ်းကျင်(၄)(IT) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၃ | | | ၃ | AGTI(EC/IT) |
| (ဆ) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | | | ၄၅ | ၄၅ | ဘွဲ့ရ+ကွန်ပျူတာ လက်မှတ်ရ |
| (ဇ) | စာရင်းကိုင်(၄)(ဘဏ္ဍာရေးဌာန) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၃ | | | ၃ | ဘွဲ့ရ+LCCI Level I,II အောင် (သို့) စီးပွားရေးဆိုင်ရာဘွဲ့ |
| (ဈ) | စက်မှုကျွမ်းကျင်(၅) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၁၇ | ၁ | | ၁၈ | THS လက်မှတ်ရ (သို့)အလားတူ ITC လက်မှတ်ရ |
| (ည) | ရေနံကျွမ်းကျင်(၅) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၈ | | | ၈ | THSလက်မှတ်ရ(သို့) အလားတူ ITC လက်မှတ်ရ |
| (ဋ) | ဂဟေဆက်(၅)(ပိုက်လိုင်း) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၂ | | | ၂ | THSလက်မှတ်ရ (သို့)အလားတူ ITC လက်မှတ်ရ |

၂။ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် ၂၁-၄-၂၀၂၀ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။
(က) ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၁-၄-၂၀၂၀ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။ လက်ရှိဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကြီးသူ ဖြစ်ရမည်။
(ဂ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဃ) ကိုယ်လက်အင်္ဂါပြည့်စုံပြီးကျန်းမာသန်စွမ်းသူဖြစ်ရမည်။
(င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ အမှတ်စဉ်(က)မှ (ဇ)ထိ ရာထူးနေရာများကို လျှောက်ထားသူသည် (၃)နာရီမေးခွန်းလွှာ ရေးဖြေစာမေးပွဲဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ် (၃)ခုကို ဖြေဆိုရမည်။
(က) မြန်မာစာ+အထွေထွေဗဟုသုတ-အင်္ဂလိပ်စာ

၄။ ကျန်အမှတ်စဉ်(ဈ)မှ(ဋ)ထိ ရာထူးနေရာများအတွက် လူတွေ့သာဖြေဆိုရမည်ဖြစ်ပါသည်။ လူတွေ့ဖြေဆိုရမည့်ရက်ကို ထပ်မံအကြောင်းကြားပါမည်။

၅။ အမှတ်စဉ်(က)မှ (ဇ)ထိရာထူးနေရာများကို လျှောက်ထားသူများအတွက် ရေးဖြေစာမေးပွဲနှင့် လူတွေ့အစီအစဉ်များကို သတင်းစာများ၌ ထပ်မံကြေညာပါမည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်။

၆။ လျှောက်လွှာတွင် လိပ်စာအပြည့်အစုံ(စာတိုက်အမည်ပါ)ဖော်ပြရမည်။ လျှောက်လွှာနှင့်အတူ
(က) ပညာအရည်အချင်းလက်မှတ်မိတ္တူမှန်
(ခ) အမှတ်စာရင်းမိတ္တူမှန်
(ဂ) အသက်အတွက် တက္ကသိုလ်ဝင်လက်မှတ်(သို့မဟုတ်)အခြေခံပညာအထက်တန်း စာမေးပွဲအောင်လက်မှတ်မိတ္တူမှန် (သို့မဟုတ်) အခြေခံအလယ်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူမှန်
(ဃ) (၆)လအတွင်းရိုက်ကူးထားသော ကာလာလိုင်စင် ဓာတ်ပုံ(၁)ပုံကပ်၍ (၁)ပုံပူးတွဲပေးပို့ရန်
(င) သက်ဆိုင်ရာ ပြည်သူ့ဆေးရုံ/ကျန်းမာရေးဌာနများမှ ၁-၃-၂၀၂၀ရက် နောက်ပိုင်းထုတ်ပေးသည့် ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်။
(စ) သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ၁-၃-၂၀၂၀ရက် နောက်ပိုင်းထုတ်ပေးသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း။
(ဆ) သက်ဆိုင်ရာ နယ်မြေရဲစခန်းများမှ ၁-၃-၂၀၂၀ ရက် နောက်ပိုင်းထုတ်ပေးသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။
(ဇ) သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ။
(ဈ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုစာ။

၇။ လျှောက်ထားသူများသည် သတ်မှတ်ထားသော အောက်ဖော်ပြပါလျှောက်လွှာနမူနာပုံစံဖြင့် လျှောက်ထားရမည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
### လျှောက်လွှာနမူနာပုံစံ

ဓာတ်ပုံ

ရက်စွဲ - -၂၀၂၀

၁။ **လျှောက်ထားသည့်ရာထူး**
(က) ရာထူးအမည်-----------------------------------------------

၂။ **လျှောက်ထားသူ**
(က) အမည်-----------------------------------------------
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-----------------------------------------------
(ဂ) မွေးနေ့သက္ကရာဇ်-----------------------------------------------
(ဃ)လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ-----------------------------------------------
(င) ပညာအရည်အချင်း/ခုနှစ်-----------------------------------------------
(စ) အမြဲတမ်းနေရပ်နှင့်ဆက်သွယ်ရမည့်-----------------------------------------------
တယ်လီဖုန်းနံပါတ်၊ဆက်သွယ်ရမည့်-----------------------------------------------
လိပ်စာအပြည့်-----------------------------------------------
(ဆ)မိဘအမည်၊ အလုပ်အကိုင်နှင့်-----------------------------------------------
နေရပ်လိပ်စာ-----------------------------------------------
-----------------------------------------------
(ဇ) အိမ်ထောင်ရှိလျှင်
ဇနီး/ခင်ပွန်းအမည်၊အလုပ်အကိုင်နှင့်-----------------------------------------------
နေရပ်လိပ်စာ-----------------------------------------------
-----------------------------------------------
(ဈ) လုပ်ကိုင်ခဲ့ဖူးသောအလုပ်အကိုင်များ-----------------------------------------------
(နုတ်ထွက်ပြောင်းရွှေ့ရသည့်အကြောင်းကိုပါဖော်ပြရန်)-----------------------------------------------
-----------------------------------------------

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများမိတ္တူပူးတွဲလျက် တင်ပြပါသည်။
(က)
(ခ)
(ဃ)
(င)

**ကာယကံရှင်လက်မှတ်**

၈။ လျှောက်လွှာနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်းမပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ ရွေးချယ်ခြင်းခံရပါက အနည်းဆုံး(၅)နှစ် တစ်ဆက်တည်းတာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရပါမည်။

၁၀။ ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုရာတွင်သော်လည်းကောင်း၊ လူတွေ့စစ်ဆေးရန်လာရောက်သည့်အခါတွင်လည်းကောင်း၊ မိမိစရိတ်ဖြင့် လာရောက်ကြရမည်။ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါ ပူးတွဲတင်ပြထားသည့် မိတ္တူမှန်များ၏ မူရင်းများကို တင်ပြကြရပါမည်။

၁၁။ လျှောက်လွှာများကို ၂၁-၄-၂၀၂၀ ရက် ၁၆:၃၀ နာရီနောက်ဆုံးထား၍ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့လိပ်မူ၍ လျှောက်ထားနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၁၃၃၉ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

ဒီဇယ်၊ဓာတ်ဆီ
စက်ပြင်သင်တန်း
၀၁-၄၀၀၆၃၄
၀၉-၇၇၂၄၆၁၃၂၄
၀၉-၂၅၈၈၄၀၅၀၀
၂၁ အနောက်မြင်းပြိုင်ကွင်းလမ်း၊
တာမွေလမ်းဆုံမီးပွိုင့်အနီး၊ရန်ကုန်မြို့။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း
## Pre-Bid Meeting တက်ရောက်နိုင်ရန် ဖိတ်ကြားခြင်း

ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒုတိယအဆင့်လုပ်ငန်းများအတွက် တင်ဒါခေါ်ယူထားသည့် ၁၁ကေဗွီ ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ Pre-Bid Meeting အား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများနှင့် စိတ်ပါဝင်စားသည့် ကုမ္ပဏီများမှ လုပ်ငန်းရှင်များတက်ရောက်နိုင်ပါကြောင်းနှင့် တက်ရောက်လိုပါက အမည်စာရင်းပေးသွင်းနိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| **ကျင်းပမည့်နေ့ရက်** | - | ၂၀-၃-၂၀၂၀ ရက် (သောကြာနေ့) |
| **ကျင်းပမည့်အချိန်** | - | နံနက် ၁၀:၀၀ နာရီ |
| **ကျင်းပမည့်နေရာ** | - | အစည်းအဝေးခန်းမ(၂)၊ ရုံးအမှတ် (၂၇)၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| **တက်ရောက်လိုပါက စာရင်းပေးသွင်းရန်** | - | အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း ဖုန်း-၀၉-၄၂၀၇၃၃၃၀၀၊ ၀၉-၇၇၇၇၃၀၃၇၇ E-mail-nep.pmomoep@gmail.com |

ဖာ် SEVEN စံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 514

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့်
## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း
## မူလတန်းဆင့်သင်ကျောင်းသား/သူများအတွက်
## အခမဲ့ဗလာစာအုပ်ဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာ မူလတန်းအဆင့် ကျောင်းသား/သူများအားလုံး အခမဲ့ ထောက်ပံ့ပေးနိုင်ရန်အတွက် ဗလာစာအုပ်များအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **ဗလာစာအုပ်အရည်အသွေး**
(က) စာအုပ်အရွယ်အစား - ၆.၂၅x၈.၂၅ လက်မ
(ခ) လိုင်းအရေအတွက် - ၂၂ လိုင်း
(ဂ) အဖုံးစက္ကူ - ၁၈၀ gsm Duplex board (colour)
(ဃ) အတွင်းစက္ကူ - ၆၀ gsm indo 1K woodfree
(င) စာမျက်နှာ - ၈၀ pages
(စ) - အရှေ့အပြင်ဘက်တွင် နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးသည် စာသားထည့်ရန်၊
- ရှေ့အဖုံးအတွင်းဘက်တွင် သဘာဝဘေးအန္တရာယ်အသိပေးလမ်းညွှန် (၆)မျိုး၊
- စာအုပ်၏နောက်ကျောဖုံး၊ အပြင်ဘက်တွင် မြန်မာ့ရိုးရာလူမှုရေး ကျင့်ဝတ်(သားသမီးဝတ်၊ တပည့်ဝတ်၊ မိဘဝတ်၊ ဆရာဝတ်)နှင့် TIME TABLE ဇယားကွက်
- နောက်ကျောဖုံးအတွင်းဘက်တွင် အမြှောက်အလီပေါင်း ၁ မှ ၁၂ အထိ

၃။ **အိတ်ဖွင့်တင်ဒါပုံစံ ရောင်းမည့်ရက်/အချိန်** - ၁၆-၃-၂၀၂၀ ရက် (တနင်္လာနေ့) ရုံးချိန်အတွင်း
**တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးပညာရေးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၂၀-၄-၂၀၂၀ ရက်၊ (၁၆:၃၀)နာရီ

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးရုံး၊ မုံရွာမြို့တွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့**
**စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးရုံး၊ မုံရွာမြို့**
ဖုန်း-၀၉-၄၀၀၄၆၅၅၃၂၊ ၀၉-၄၅၄၇၈၇၇၀၀၊ ၀၉-၄၀၀၄၀၂၂၅၄

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ
## လျှောက်ထားခြင်း

ယာဉ်အမှတ် 58W/60081 Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေအောင် ၇/ကပက(နိုင်)၀၅၉၄၉၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနချရိုင်ရုံး(သာယာဝတီ)**

## သားသမီးများအဖြစ်မှ
## အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အလင်းရောင် (၁) (၅) လမ်းနေ ဦးအောင်သန်း-ဒေါ်လှရင်တို့သည် သားသမီး(၇)ယောက်မွေးဖွားပြီး ယခုအခါတွင် သမီးမစန်းလှ၊ သားဦးစန်းဦးနှင့် ဦးသန်းထိုက်တို့ (၃) ဦးမှာ မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် မိဘများမှ အမွေစားအမွေခံ သားသမီးများအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းတို့အရှုပ်အရှင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**ဦးအောင်သန်း-ဒေါ်လှရင်**

giz Office Yangon MYPOL

# Invitation to Bid

**English Language Training for Myanmar Police**

The Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH is part of German Development Cooperation. Active in two focal areas, sustainable economic development and rural development, GIZ is committed to be Myanmar's partner in achieving sustainable development.

**Activity**

A service provider with proven expertise and experience in adult learning provides English language training, including the preparation and international certification for English language. Modern methods of teaching English language (focus on writing/verbal/ToT assignments) training for adult professionals are the focus of the assignment. The envisioned 6 x 2 months programs should be tailored to the needs of MPF officers to learn English with the specific focus to improve their written/verbal English capacities. In addition, it is foreseen to develop MPF English language trainer. The English language training should be a full-time training program dedicated to achieving the envisioned progress of learning English as part of capacity building within the sphere of police development. Key indicators of English language progress (written/verbal) should be identified beforehand. Place-tests at the beginning of each of the 3 x 2-months blocks teaching will ensure progress made after each training block (3 x 2 months is considered one training course). A two week break is envisioned in between each of the 2 months course work.

**Timeline:**
15th April 2020 to 30th August 2021

**Further Information**

The complete set of tender application documents can be requested under MM_Quotation@giz.de
Last date to request the document: 23 March 2020


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
# မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
# ရုံးအမှတ်(၆)၊ နေပြည်တော်
# လျှောက်လွှာခေါ်ယူခြင်း

M.P.P.E

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ပါရာထူးနေရာများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး | လစာနှုန်းထား | ပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|---|
| (က) | ဖြန့်ဖြူးရေး(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(IT) | ကျား/မ (၂) နေရာ |
| | | | LL.B | ကျား/မ (၂) နေရာ |
| (ခ) | စာရင်းကိုင်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Com/BBA/B.Act/ B.Econ(Stats)/B.Econ(Eco)/ B.P.A/B.P.S/B.Devs | ကျား/မ (၅) နေရာ |
| (ဂ) | စက်မှုစီမံရေး(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Civil) | ကျား (၁၆) နေရာ |
| | | | | မ (၃) နေရာ |
| (ဃ) | စက်မှုစီမံရေး(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | A.G.T.I(Civil) | မ (၂) နေရာ |
| | | | A.G.T.I(EP) | ကျား (၃) နေရာ |
| | | | A.G.T.I(EC) | ကျား (၃) နေရာ |
| (င) | ယာဉ်မောင်း(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | အနည်းဆုံးပညာအရည်အချင်း အထက်တန်းအဆင့်ရှိရမည်။ ယာဉ်မောင်းလိုင်စင်(ခ)ရှိရမည်။ | ကျား (၁၀) နေရာ |
| (စ) | လုပ်သား | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရ/ သမဝါယမကောလိပ် | ကျား/မ(၉) နေရာ |
| | | | အခြေခံပညာအထက်တန်း | ကျား (၉) နေရာ |

၂။ လစ်လပ်ရာထူးနေရာများအတွက် အောက်ပါအချက်အလက်များနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) လျှောက်ထားသူသည် ဖြန့်ဖြူးရေး(၂)/စာရင်းကိုင်(၂)/စက်မှုစီမံရေး(၂)/စက်မှုစီမံရေး(၅)/ယာဉ်မောင်း(၅)/လုပ်သားရာထူး (ဘွဲ့ရ) ဖြစ်ပါက ၃၁-၃-၂၀၂၀ရက်တွင် အသက်(၃၀)ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဂ) လျှောက်ထားသူသည် လုပ်သားရာထူးဖြစ်ပါက၃၁-၃-၂၀၂၀ရက်တွင် အသက်(၄၀)ထက်မကျော်လွန်သူဖြစ်ရမည်။
- (ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
- (င) အမှတ်စဉ်(က)မှ(ဃ)ရာထူးတို့အတွက် ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ သတ်မှတ်ထားသော အချက်များပါဝင်သည့် ကတိဝန်ခံချက်များကို မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးအမှတ် (၆)၊ နေပြည်တော်နှင့် Website-https://energy.gov.mm/၊ Facebook Page-www.facebook.com/mppeofficialpage တို့တွင် ထုတ်ယူနိုင်ပြီး အောက်ပါအထောက်အထားများပူးတွဲလျက် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်၊ နေပြည်တော်သို့ ၆-၄-၂၀၂၀ ရက်အရောက် ပေးပို့လျှောက်ထားရမည်-
- (က) ဘွဲ့လက်မှတ်မိတ္တူ၊ (စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်းတင်ပြရန်။)
- (ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ။ (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)
- (ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ ၃ လအတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်မူရင်း။
- (ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင် ဓာတ်ပုံ(၃)ပုံ။ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် အသားဖော်ပြရန်။)
- (င) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ။ (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)
- (စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း။

၄။ သတ်မှတ်ထားသည့်စာရွက်စာတမ်း မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျ ရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ဖြန့်ဖြူးရေး(၂)/စာရင်းကိုင်(၂)/စက်မှုစီမံရေး(၂)/စက်မှုစီမံရေး(၅)ရာထူးများသို့ လျှောက်ထားသူများအနေဖြင့် ရေးဖြေစာမေးပွဲကို နေပြည်တော်တွင် ၉-၅-၂၀၂၀ ရက် နံနက် ၉:၀၀နာရီတွင် အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း၊ မွန်းလွဲ ၁:၀၀ နာရီတွင် အထွေထွေဗဟုသုတဘာသာရပ်ကိုလည်းကောင်း ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ အောင်မြင်သူများကို လူတွေ့စစ်ဆေးရွေးချယ် ခန့်အပ်သွားမည်ဖြစ်ပါသည်။

၆။ ဖြေဆိုခွင့်ကတ်ပြားများကို ၈-၅-၂၀၂၀ ရက်(သောကြာနေ့) တွင် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၆)၊ နေပြည်တော်၌ ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်ပါသဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။

၇။ ယာဉ်မောင်းနှင့်လုပ်သားရာထူးသို့ လျှောက်ထားသူများအား လက်တွေ့လုပ်ငန်းကျွမ်းကျင်မှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများသာ ပြုလုပ်မည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ဖုန်း-၀၆၇-၃၄၁၁၄၈၅၊ ၃၄၁၁၂၈၅၊ ၃၄၁၁၄၉၀ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများ၏ အမည်စာရင်းအား အထက်ပါ Website နှင့် Facebook Page များတွင်ထုတ်ပြန်ကြေညာသွားပါမည်။

# တောင်ကြီးတက္ကသိုလ်
# ၂၀၁၉-၂၀၂၀ ပညာသင်နှစ် နှစ်လည်မဂ္ဂဇင်းထုတ်ဝေရေး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တောင်ကြီးတက္ကသိုလ် ၂၀၁၉-၂၀၂၀ပညာသင်နှစ် နှစ်လည်မဂ္ဂဇင်း ထုတ်ဝေရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ပြုလုပ်မည် ဖြစ်ပါ၍ အောက်ပါ အစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

**တင်ဒါတင်သွင်းရမည့်နေရာ** - တောင်ကြီးတက္ကသိုလ်၊ သင်တန်းရေးရာဌာန
**တင်ဒါစတင်တင်သွင်းရမည့်ရက်** - ၁၆-၃-၂၀၂၀ရက်
**တင်ဒါပိတ်မည့်ရက်** - ၃၁-၃-၂၀၂၀ရက် နံနက် ၁၁:၀၀နာရီ

အသေးစိတ်သိရှိလိုပါက ရိုက်ကူးခွင့်တင်ဒါခေါ်ယူရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာအေးအေးဝင်းကြည် ဖုန်း-၀၉-၄၅၈၀၄၁၆၈၅နှင့် အတွင်းရေးမှူး ဒေါ်ဝေဝေနိုင် ဖုန်း-၀၉-၄၃၁၂၇၉၁၆သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ လုပ်ငန်းတာဝန်ခံအဖွဲ့များတွင် အသုံးပြုရန်အတွက်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Single Cab | ၁ စီး |
| (ခ) | 2 Ton Mini Excavator | ၂ စီး |
| (ဂ) | Truck Mounted Crane | ၁ စီး |
| (ဃ) | Tricycle Garbage Carrier | ၂၃ စီး |
| (င) | City Bus | ၃ စီး |
| (စ) | Tipper (Dump Truck) (3 Ton) | ၁၁ စီး |
| (ဆ) | Computer (Laptop), Tablet နှင့်ဆက်စပ်ပစ္စည်းများ | 1 Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၆-၃-၂၀၂၀ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၀-၃-၂၀၂၀ ရက် ၁၂:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအားမြို့တော်ခန်းမ (ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
# အနုပညာဦးစီးဌာန
# အနုပညာအထက်တန်းကျောင်းများအတွက်
# သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့နှင့်မန္တလေးမြို့များရှိ အနုပညာအထက်တန်းကျောင်းများတွင် ၂၀၂၀-၂၀၂၁ ပညာသင်နှစ် (ပထမနှစ်)အတွက် ပန်တျာသင်တန်းနှင့် ပန်းချီပန်းပု သင်တန်းသို့တက်ရောက်ရန် လျှောက်လွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အဆိုပါသင်တန်းများသို့ အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-
- (က) ပန်တျာသင်တန်း၏ အနုပညာ(ဂီတ/သဘင်) သီးသန့်သင်တန်းအတွက် သတ္တမတန်း (Grade-8) အောင်မြင်သူဖြစ်ရမည်။
- (ခ) ပန်တျာသင်တန်း၏ စာပေနှင့် အနုပညာ (ဂီတ/သဘင်) တွဲဖက်သင်တန်းအတွက် အဋ္ဌမတန်း (Grade-9) အောင်မြင်သူဖြစ်ရမည်။
- (ဂ) ပန်းချီပန်းပုသင်တန်း၏ အနုပညာ(ပန်းချီ/ပန်းပု) သီးသန့်သင်တန်းနှင့် စာပေနှင့် အနုပညာ(ပန်းချီ/ပန်းပု)တွဲဖက်သင်တန်းအတွက် အဋ္ဌမတန်း (Grade-9) အောင်မြင်သူဖြစ်ရမည်။
- (ဃ) ဂီတ(သို့မဟုတ်)သဘင်(သို့မဟုတ်)ပန်းချီ (သို့မဟုတ်) ပန်းပုအခြေခံပညာကို အသင့်အတင့် တတ်ရမည်။
- (င) အသက်(၁၃)နှစ်မှ (၁၇) နှစ်အတွင်းရှိရမည်။

၃။ စာပေနှင့်အနုပညာတွဲဖက်သင်တန်းသို့ လျှောက်ထားသူများသည် အနုပညာဘာသာရပ်အပြင် အခြေခံပညာ ဒသမတန်း (Grade-10)၊ ဧကာဒသမတန်း(Grade -11) နှင့် ဒွါဒသမတန်း (Grade-12) ကိုပူးတွဲသင်ကြားခွင့်ရရှိပါမည်။

၄။ ပညာသင်ကြားနေသည့် လများတွင် တစ်လလျှင် ၃၀၀၀၀ိ/-နှုန်းဖြင့် ထောက်ပံ့ကြေးရရှိမည်ဖြစ်ပြီး ၃နှစ် သင်တန်းပြီးဆုံးပါက အနုပညာသင်တန်းဆင်းလက်မှတ်(Certificate) နှင့်အခြေခံပညာအထက်တန်းအဆင့်သင်ယူပြီးမြောက်ခြင်းလက်မှတ် (Completion Certificate) ရရှိပါမည်။

၅။ လျှောက်ထားလိုသူများသည် အနုပညာဦးစီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများနှင့် ဖုန်း ၀၆၇-၃၄၀၈၀၃၇၊ ၀၆၇-၃၄၀၈၄၄၃၊ ၀၁-၅၅၅၆၄၂၊ ၀၂-၄၀၆၁၁၆၉၊ ၀၂-၄၀၆၁၁၇၀ တို့သို့ စုံစမ်းမေးမြန်း၍၃၀-၄-၂၀၂၀ရက်နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။



ကလေးနာမည်ပေး ဆရာကြီး
ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးကင်ပွန်းတပ်အိမ်ရောင်းထွက်ဖို့ထီပေါက်မပေါက်
01-399426,01-394727,09-73009994,09-5152521
လူကြီးလိုရာမေးကိုယ်ဝန်ဆောင်ရက်ရွေး တိုက်အမှတ်(၉)ဒုထပ်၊ဧဂုလမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့

အကောင်းကြိုက်သူများအတွက်
သန့်
စပါယ်ရှယ်ပေါ်ဆန်းမွှေး၊ ပဲဆီမွှေး
ရွှေဘိုပေါ်ဆန်းမွှေး၊ ပုသိမ်ပေါ်ဆန်းမွှေး၊ ဖျာပုံပေါ်ဆန်းမွှေး၊ ရှမ်းဆန်၊ ဘာစမာတီ၊ ရောမင်း၊ မဂျမ်းဒေါ်၊ မွှေးတလုံးပေါ်ကျွဲ၊ ဧည့်ရှယ် ဆန်မျိုးစုံ ရွေးချယ်သန့်စင်ပြီး(ခပ်ချက်)ဆန်များကို အိမ်အရောက်ပို့ပေးပါသည်။
ယနေ့မှာကြားလျှင် ယနေ့အရောက်ပို့ ဝန်ဆောင်မှုဖြစ်ပါသည်။
(ပိတ်ရက်မရှိပါ။) ဆန်သားနှင့်ထမင်းအား နှစ်သက်မှုမရှိပါက တစ်ပတ်အတွင်း ပြန်လည်လဲလှယ်ပေးပါမည်။
ဘုရင့်နောင်ပွဲရုံမျက်နှာစာတန်း။ ဘုရင့်နောင်လမ်းမကြီး။
ဖုန်း-09-443249922, 09-443249933, 01-3681209, 01-3681504


# မွေးနေ့ဆုမွန်လွှာ

သားသမီးများကို လောကအလယ်တွင် ကောင်းမွန်စွာရပ်တည်နိုင်စေရန် ပြုစုပျိုးထောင်ခဲ့ပြီး ယနေ့တိုင်အောင် လမ်းညွှန်ပေး၍ ကုသိုလ်ပြုခွင့်ပေးနေသော ကျေးဇူးရှင် ဖခင်ကြီး ဦးဝင်းမောင်၏ အသက်(၈၂)နှစ်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် မေမေ ဒေါ်ခင်ညွန့်နှင့်အတူ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်များဖြစ်ကြပါစေဟု ဆုမွန်ကောင်းတောင်းလျက်-

**သားသမီးများ**

(၁) ဦးမျိုးမြင့်မောင်၊ ဒေါ်ခင်မြတ်မြတ်ထွေး
(၂) ဦးသက်နိုင်ဝင်း
(၃) ဦးရဲခိုင်ဝင်း
(၄) ဦးဘုန်းမြင့်မောင်
(၅) ဦးသက်ရွှေ၊ ဒေါ်ခိုင်လဲ့ဝင်း
(၆) ဦးကျော်ခိုင်ဝင်း၊ ဒေါ်ခင်ဖြူဖြူမြတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
# ကုသရေးဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအောက်တွင် လစ်လပ်လျက်ရှိသော ဖော်ပြပါရာထူး(လစာနှုန်း ၂၁၆၀၀၀ိ-၂၀၀၀ိ-၂၂၆၀၀၀ိ)နေရာများအတွက် လျှောက်လွှာများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူးအမည် | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဆေးဘက်ကျွမ်းကျင်(၂) (ဓာတ်မှန်) | ၁၆၃ နေရာ | ဆေးဘက်ဆိုင်ရာ ဓာတ်မှန်ရိုက်နှင့် ပုံရိပ်ဖော်နည်းပညာဘွဲ့ |
| (ခ) | ဆေးဘက်ကျွမ်းကျင်(၂) (အကြော) | ၄၁ နေရာ | ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာဘွဲ့ |
| (ဂ) | ဆေးဘက်ကျွမ်းကျင်(၂) (ဆေးဝါး) | ၁၃၉ နေရာ | ဆေးဝါးသိပ္ပံဘွဲ့ |
| | စုစုပေါင်း | ၃၄၃ နေရာ | |

၂။ ဖော်ပြပါရာထူးသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်
- (ခ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၃၀)ထက်မကျော်လွန်သူဖြစ်ရမည်။
- (ဂ) အစိုးရဌာနတစ်ခုခု၏ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismiss)ခြင်း၊ ထုတ်ပယ် (Remove)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို ပြည့်စုံစွာပူးတွဲပေးပို့ရပါမည်-
- (က) ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်)ဘွဲ့ရရှိကြောင်း ထောက်ခံချက်မူရင်းနှင့် အမှတ်စာရင်းမိတ္တူ
- (ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
- (ဂ) တာဝန်ကျရာမည်သည့်ဒေသမဆိုသွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုလွှာ၊
- (ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ထောက်ခံချက်မူရင်း
- (င) စိတ်ရောဂါ၊မူးယစ်စေသောအရက်စွဲ/ဆေးစွဲလက္ခဏာမရှိဘဲ ကျန်းမာရေးကောင်းမွန်ကြောင်းသက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ဆေးထောက်ခံစာမူရင်း
- (စ) လျှောက်လွှာနှင့်အတူ လွန်ခဲ့သော(၃)အတွင်း ရိုက်ကူးထားသော ရောင်စုံပတ်စ်ပို့အရွယ် ဓာတ်ပုံ(၂)ပုံ
- (ဆ) အလုပ်သမားမှတ်ပုံတင်မူရင်း
- (ဇ) ပြည့်စုံစွာဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း။

၄။ ဆေးဘက်ကျွမ်းကျင် (၂)(ဓာတ်မှန်)/(အကြော)/(ဆေးဝါး) များအဖြစ် ခန့်ထားခြင်းခံရသူများသည်တာဝန်ချထားရာ ဆေးရုံ/ဌာနအသီးသီး၌ နိုင်ငံ့တာဝန်အား အနည်းဆုံး (၃) နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသောလျော်ကြေးငွေ ကျပ်(၄)သိန်းတိတိ ပေးလျော်ရမည်။

၅။ လျှောက်လွှာများအား ၂၂-၄-၂၀၂၀ ရက် ၁၆:၀၀နာရီနောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်သို့လိပ်မူ၍ ပေးပို့ရမည်ဖြစ်ပါသည်။

(သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိလာသောလျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ)

၆။ ဖြေဆိုခွင့်ရရှိသူများစာရင်းကို ၅-၅-၂၀၂၀ရက်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော် ကြော်ငြာသင်ပုန်းတွင် ထုတ်ပြန်ထားမည်ဖြစ်ပါသည်။

၇။ လျှောက်ထားသူများသည် ဖော်ပြပါအစီအစဉ်အတိုင်း သတင်းပေးပို့၍ ရေးဖြေ/လူတွေ့ဖြေဆိုရမည်-

| စဉ် | ရာထူးအမည် | သတင်းပေးပို့ရမည့်ရက် | ရေးဖြေ/လူတွေ့ ဖြေဆိုရမည့်ရက် |
|---|---|---|---|
| (က) | ဆေးဘက်ကျွမ်းကျင်(၂) (ဓာတ်မှန်) | ၁၀-၅-၂၀၂၀ | ၁၁-၅-၂၀၂၀ |
| (ခ) | ဆေးဘက်ကျွမ်းကျင်(၂) (အကြော) | ၁၂-၅-၂၀၂၀ | ၁၃-၅-၂၀၂၀ |
| (ဂ) | ဆေးဘက်ကျွမ်းကျင်(၂) (ဆေးဝါး) | ၁၄-၅-၂၀၂၀ | ၁၅-၅-၂၀၂၀ |

(ရေးဖြေစာမေးပွဲတွင် (က) ဘာသာရပ်ဆိုင်ရာ၊ (ခ) အင်္ဂလိပ်စာ တို့ပါဝင်သော စုစုပေါင်း၂ နာရီမေးခွန်းလွှာကို ဖြေဆိုရမည်ဖြစ်ပါသည်)

၈။ ဖြေဆိုခွင့်ရရှိသူများသည် ကုသမှုအထောက်အကူပြုဌာနခွဲ၊ ကုသရေး ဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင် မပျက်မကွက် လာရောက်သတင်းပေးပို့ရမည်။ လူတွေ့စစ်ဆေးခြင်း ဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း၊ အမှတ်စာရင်း မူရင်း၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းများကို ယူဆောင်လာရမည်။

၉။ အသေးစိတ်သိရှိလိုသည်များကို ကုသမှုအထောက်အကူပြုဌာနခွဲ၊ ကုသရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၁၁၂၇၈/၃၄၁၁၆၁၂/၃၄၁၁၆၁၇ သို့ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

၁၀။ ရေးဖြေနှင့် လူတွေ့စစ်ဆေးမှုအတွက် သီးခြားအကြောင်းကြားစာ ပေးပို့မည်မဟုတ်ပါ။ သတ်မှတ်ချက်နှင့် မကိုက်ညီမပြည့်စုံသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

**ကုသရေးဦးစီးဌာန**

# ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4M/3236 Nissan Navara D40 Pickup (4x2)R ယာဉ် လက်ဝယ်ရှိသူ ဦးကျော်ဖြိုးဝေ ၉/ပဥလ(နိုင်)၀၀၄၄၈၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## စစ်ကိုင်းတောင်ရိုး မူလရေစက်နှင့်ဆွမ်းလောင်းအသင်းကြီးသို့ ထာဝရရေအလှူတော်ငွေပဒေသာပင် စိုက်ထူလှူဒါန်းတော်မူကြသော အလှူရှင်များစာရင်း

ဆက်သွယ်လှူဒါန်းရန်

ဦးမျိုးမြင့်မောင် (နာယက)ဖုန်း-၀၇၂-၂၁၄၃၂ ဦးစိုးမြင့်(ဥက္ကဋ္ဌ)ဖုန်း-၀၉-၇၉၇၁၈၆၆၄၃

စစ်ကိုင်းမြို့၊ မြန်မာ့ရှေ့ဆောင်ဘဏ် ငွေစာရင်းနံပါတ်-0560162056001335068

ယနေ့မှအဆက်

| စဉ် | အလှူရှင်အမည် | လှူဒါန်းငွေ(ကျပ်) |
|---|---|---|
| ၁၁၅ | ကိုဝင်းသူ အမှတ်(၇၃)၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ် | ၁၀၀၀၀၀ |
| ၁၁၆ | ကိုရဲလင်းဖြူ အမှတ်(၇၃)၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ် | ၁၀၀၀၀၀ |
| ၁၁၇ | ဒေါက်တာတင်အောင်မိုး-မလွင်ရီမွန်ဦး အမှတ် (၇၃)၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ် | ၁၀၀၀၀၀ |
| ၁၁၈ | ဦးသန်းလွင်-ဒေါ်ခင်ငွေး(Top One Baby Store)အမှတ် (၄၃၆)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် | ၁၀၀၀၀၀ |
| ၁၁၉ | ဦးသွေး-ဒေါ်ငွေးငွေးမိသားစု နန်းတော်ရာရပ် | ၁၀၀၀၀၀ |
| ၁၂၀ | ကွယ်လွန်သူမိဘများအားရည်စူး၍ ဦးမြတ်ကျော်၊ ဦးတင်မောင်ဆွေ-ဒေါ်ခင်မိုးအောင် အမှတ်(၁၀)၊ နှင်းဆီလမ်းသွယ်(၁)၊ (၁)ရပ်ကွက်၊ လားရှိုးမြို့ | ၂၀၀၀၀၀ |
| ၁၂၁ | ကိုမိုးမြင့်သူ-မထက်ထက်အောင် မွေးနေ့အလှူ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၂၂ | နှစ်ဖက်ဘိုးဘွားများနှင့်မိခင်ကြီး ဒေါ်မေမိယကွယ်လွန်ခြင်း(၁၀)နှစ်ပြည့်အထိမ်းအမှတ်၊ ဒေါ်ခမ္မဝတီ၊ ဂူနီချောင် နုံးတွင်းဇရပ် | ၁၀၀၀၀၀ |
| ၁၂၃ | ဦးသြဘာသ ပထမဂန္ဓာရုံကျောင်းတိုက် | ၁၀၀၀၀၀ |
| ၁၂၄ | ဦးစံမြင့်-ဒေါ်စောညွန့် "စိန်ကမ္ဘာ"မိသားစု တန်စိုးဂိတ်ရပ်၊ ကျောက်ဆည်မြို့ | ၃၀၀၀၀၀ |
| ၁၂၅ | ဥက္ကဋ္ဌဦးတင်မောင်ဦး၊ ဦးကျော်ဦးသုခ၊ ဒေါ်သောင်းကြည်၊ ဦးတင်ရ၊ ဦးသန်းဆွေ၊ ကျောက်ဆည်မြို့ | ၅၀၀၀၀၀ |
| ၁၂၆ | ဦးဖြိုး "ဒံပေါက်" မိသားစု၊ ပြင်ဦးလွင်မြို့ | ၅၀၀၀၀၀ |
| ၁၂၇ | ဒေါ်ကတ္တိမာလာနှင့် ညီမတူမများ မဂ္ဂင်ချောင် ပဲခူးဇရပ် | ၁၀၀၀၀၀ |
| ၁၂၈ | ကိုစိုပြေလွင်-မစုကြည်မြတ်(သမီး)မကေဇင်သာ၊ မသွန်းရတီသာ၊ လိပ်ဆံခွန်၊ အမရပူရမြို့ | ၁၀၀၀၀၀ |
| ၁၂၉ | ခမည်းတော်ကြီး ပထမကျော် လယ်တီ ဦးကောဝိဒ(ခေါ်)ဒဂုံမဂ္ဂဇင်းအယ်ဒီတာချုပ်၊ ပုပ္ပားဦးကျော်ရင်-မယ်တော်ဒေါ်စောတင်၊ သမီး-ပထမကျော် လယ်တီဒေါ်ကေတုဝတီ ဂူနီချောင် | ၁၀၀၀၀၀ |
| ၁၃၀ | နှစ်ဖက်မိဘများအား အမှူးထား၍ ဦးစောဝင်းကျော်-ဒေါ်မာမာမြင့်၊ (သား)မောင်စောဝေဖြိုးဦး၊ (သမီး) မနန်းအိမ့်ခြည်သက်၊ ရွှေမင်းဝံ မုံ့ရွှေရည် စားသောက်ဆိုင် | ၁၀၀၀၀၀ |
| ၁၃၁ | ဒေါ်ခင်ငွေးငွေး နန္ဒဝန်ရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၁၃၂ | ဦးလှဝေ-ဒေါ်တင်မာဝင်း ရပ်ကွက်ကြီး(၇)၊ ပြင်ဦးလွင်မြို့ | ၁၀၀၀၀၀ |
| ၁၃၃ | ဦးကျော်မင်း-ဒေါ်အေးအေးမြင့် ရှင်းသန့် ကျောက်မျက်ရတနာဆိုင်၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၁၃၄ | မဝသန်ဦးအားရည်စူး၍ ဦးတက်တိုး မိသားစု ပြင်ဦးလွင်မြို့ | ၁၀၀၀၀၀ |
| ၁၃၅ | ဦးမောင်ဇော်-မချောစု အောင်ငွေးဦးဆန်ဆိုင်၊ ပြင်ဦးလွင်မြို့ | ၁၀၀၀၀၀ |
| ၁၃၆ | ကိုထွန်းမြင့်ဦး-မခင်ဆွေဝင်း၊ (သား)မောင်ရှင်းသန့် 'ရှင်းသန့်' ကျောက်မျက်ရတနာဆိုင်၊ မန္တလေး | ၁၀၀၀၀၀ |
| ၁၃၇ | ကိုဇော်ဇော်မင်း-မကြည်ကြည်မွန်၊ (သား)မောင်ကောင်းကောင်းခေတ် မိသားစု | ၁၀၀၀၀၀ |
| ၁၃၈ | ဦးကြည်လွင်-ဒေါ်မြင့်မြင့်သန်း(ခရိုင်ဥပဒေအရာရှိ-ငြိမ်း)၊ မဟာမြိုင်အပိုင်း(၁)၊ မဟာအောင်မြေ | ၁၀၀၀၀၀ |
| ၁၃၉ | ဦးမောင်အေး-ဒေါ်မမမိသားစု ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၄၀ | ဦးသန်းလွင်(ခေတ္တ၊စင်ကာပူ) | ၁၀၀၀၀၀ |
| ၁၄၁ | ဇေယျာသိန် ပါဠိတက္ကသိုလ်ကျောင်း ဆရာတော်ကြီးစစ်ကိုင်းတောင်ရိုး(နာယကဆရာတော်) | ၁၅၀၀၀၀၀ |
| ၁၄၂ | မိခင်ကြီး ဒေါ်ကြွေ(၈၁)နှစ် အားရည်စူး၍ ကျန်ရစ်သူမိသားစု အမှတ် ၁၃၊ ခေမာလမ်း၊ ဝွတ္တလစ်ရပ်၊ ဗဟန်းမြို့နယ် | ၁၀၀၀၀၀ |
| ၁၄၃ | ဦးမောင်မောင်သင်းမိသားစု၊ ပြင်ဦးလွင်မြို့ | ၁၀၀၀၀၀ |
| ၁၄၄ | ဒေါ်ကျင်မိသားစု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၄၅ | ဦးလှမိုးအောင်-ဒေါ်လဲ့လဲ့ကျင် မိသားစု ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၄၆ | ဒေါ်မိုးမိုး(ဆရာမ-ငြိမ်း)ပညာရေးကောလိပ် ပန်းဘဲတန်းရပ်၊ စစ်ကိုင်းမြို့ | ၃၀၀၀၀၀ |
| ၁၄၇ | ဒေါ်ငွေးငွေးကြွယ်(ကွန်ပျူတာတက္ကသိုလ် မုံရွာ) ပန်းဘဲတန်းရပ်၊ စစ်ကိုင်းမြို့ | ၃၀၀၀၀၀ |
| ၁၄၈ | ကိုဝင်းကို ကုန်သည် မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၁၄၉ | ဦးတင်မောင်စန်း-ဒေါက်တာသီတာ "စန်းမြသီတာ"မိသားစု၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၁၅၀ | ဦးပြုံးချို-ဒေါ်တင်တင်မိသားစု "နေလ" အုန်းငှက်ပျောဆိုင်၊ ဗိုလ်တထောင်မြို့နယ် | ၁၀၀၀၀၀ |
| ၁၅၁ | ကွယ်လွန်ပြီးသော အဘိုး၊ အဘွားနှင့်ဖခင်ကြီး ဦးငွေးမောင်၊ မိခင်ကြီး ဒေါ်စိန်ရင်၊ ညီမ-မသင်းသင်း မော်မော်တို့အားရည်စူး၍ ကျန်ရစ်သူ မောင်နှမတစ်စု၊ မြို့သစ်ရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၁၅၂ | ဦးသိန်းဆွေ-ဒေါ်သန်းသန်းဝေ၊(သမီး)ဒေါက်တာသီဟမြင့်နိုင်-မဒီဒီဆွေ၊ (မြေး)ဘုန်းသီဟခေတ်၊ နွေးသီရိခေတ်(၁)နှစ်ပြည့် မွေးနေ့အလှူ "ရွှေစံအိမ်"ရွှေဆိုင် စစ်ကိုင်းမြို့ | ၅၀၀၀၀၀ |
| ၁၅၃ | ဦးစိုးသန်းအားရည်စူး၍ ဒေါ်ကြူကြူဝင်း မိသားစု၊ နန်းတော်ရာရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၁၅၄ | ဦးတင်စိုး-ဒေါ်ဖြူဖြူဝင်း၊ (သား)ဗိုလ်ကြီး သက်နောင်စိုး၊ (သမီး)မသဥ္စာစိုး မိသားစု၊ငှဲတရော်ရွာ | ၁၀၀၀၀၀ |
| ၁၅၅ | ဦးမင်းခိုင်-ဒေါ်စုစုနိုင် "ဝင်းဝင်းထက်" ဆန်ရောင်းဝယ်ရေး ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၅၆ | ဦးတင်ဝင်း-ဒေါ်သီတာထွန်း၊ (ညီမ)မဆွေမိသားစု ဒီပဲယင်းကွဲရွာ၊ စစ်ကိုင်းမြို့နယ် | ၁၀၀၀၀၀ |
| ၁၅၇ | ဦးမြဒေါင်း-ဒေါ်မြသောင်းမိသားစု၊ငါးပိ၊ငံပြာရည်နှင့်ကုန်မျိုးစုံရောင်းဝယ်ရေး မိုးဇာရပ်၊ စစ်ကိုင်းမြို့ | ၅၀၀၀၀၀ |
| ၁၅၈ | ဒေါ်အေးညွန့်(အထပြ-ငြိမ်း)၊ လက်ခုပ်ပင်ရွာ၊ စကုမြို့နယ် | ၁၀၀၀၀၀ |
| ၁၅၉ | ဦးမျိုးဝင်း(ညီမ)ဒေါ်အေးအေးဝင်းမိသားစု၊ အမှတ်(၁၀၈)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ် | ၁၀၀၀၀၀ |
| ၁၆၀ | ဦးကျော်ဦး-ဒေါ်ခင်ညိုမိသားစုတောင်နီကျေးရွာ မိုင်းသော်အရှေ့ကျေးရွာအုပ်စု၊ တောင်ကြီးမြို့နယ် | ၁၀၀၀၀၀ |
| ၁၆၁ | ဒေါ်ပဥ္စဝတီနှင့်ညီမများကောင်းမှု သရိုင်ချောင် စစ်ကိုင်းတောင်ရိုး | ၁၅၀၀၀၀ |
| ၁၆၂ | နှစ်ဖက်မိဘများနှင့်ဦးဉာဏ်စိန်တို့အားရည်စူး၍ ဒေါ်သန်းသန်းဆွေနှင့် သားသမီးမြေးမြစ်တစ်စု၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၆၃ | ဒေါ်ပုညကာမီ ပထမကျော်၊ အဂ္ဂအကျော်၊ သီရိပဝရ၊ ဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ(မွေးနေ့) မိဂဒါဝုန်ချောင် | ၁၀၀၀၀၀ |
| ၁၆၄ | ဂူနီချောင် ကျောက္ကန်အေးကျောင်းဆရာကြီးဒေါ်ဝေဒေဟီအားအမှူးထား၍ ဒေါ်မိုးကြည်(၆၂)နှစ်ပြည့်အလှူ | ၁၀၀၀၀၀ |
| ၁၆၅ | ဦးအောင်ညွန့်-ဒေါ်ရီရီဆွေမိသားစု နန်းတော်ရာရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၁၆၆ | ဦးမျိုးမြင့်-ဒေါ်ခင်စောဝေ၊ (သမီး)မဝေမျိုးခိုင်၊ မြေးမောင်ပိုင်စိုးသူမိသားစု နန္ဒဝန်ရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၁၆၇ | မရူပသိင်္ဂီ၊ မသမိန္ဒီ နန်းရတနာချောင် စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၁၆၈ | အဖဦးစံခင်-အမိဒေါ်လှရင်တို့အားရည်စူး၍ ဒေါ်အေးအေးကြည်၊ ဒေါ်အေးအေးမြင့်၊ရွှေမင်းဝံရပ်၊ စစ်ကိုင်းမြို့ | ၂၀၀၀၀၀ |
| ၁၆၉ | (ဦးကျော်အေး)-ဒေါ်ခင်လေး အုတ်ဖိုကျင်းရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၁၇၀ | ဦးမျိုးခန့်-ဒေါ်မြင့်မြင့်လှိုင်(သား)မောင်ဉာဏ်လင်း၊သဏ္ဍာလမ်း၊ ကျွန်းတောရပ်၊ စမ်းချောင်းမြို့နယ် | ၁၀၀၀၀၀ |

ဆက်လက်ဖော်ပြပါမည်

နိုင်ငံတကာသတင်းဂျာနယ်

အမှတ်စဉ် - ၁၂၅၄

ပက်ထရီးယော့ဒုံးကျည်စနစ် တူရကီသို့ ရောင်းချရန် အမေရိကန် ကမ်းလှမ်း

တူရကီ၏ လစ်ဗျားတွင် ပါဝင်လာမှုက စစ်ရေးနှင့် နိုင်ငံရေး လောင်းကစားမှုတစ်ခုဖြစ်

ပြီးခဲ့သော ငါးနှစ်အတွင်း ကမ္ဘာပေါ်တွင် လက်နက်ခဲယမ်း ဒုတိယအများဆုံး ဝယ်ယူခဲ့သည့် အိန္ဒိယနိုင်ငံ

အနာဂတ်သည် အာရှမဟုတ်ပါ

မာနတရားများ ပါဝင်နေသော ဆော်ဒီ-ရုရှား ရေနံဈေးနှုန်းစစ်ပွဲ

အိန္ဒိယနိုင်ငံသို့ ဖရီးဂိတ်စစ်သင်္ဘော နှစ်စင်း လွှဲပြောင်းပေးအပ်မည့် ရုရှားနိုင်ငံ



တနင်္လာနေ့တိုင်းထွက်ပြီ

နယ်စာပတ်ပရိသတ်များ၊ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀/-

ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ် (၇၇)၊ ၅၂ လမ်း၊ ကြေးမုံသတင်းစာတိုက်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း - ၀၁ - ၃၉၇၃၃၀ ၊ ၀၁ - ၂၉၂၈၃၀

Gmail - internationaljournalmm@gmail.com

### အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့၊ အမှတ်(၁)ကုက္ကိုလ်ရပ်နေ ဦးသိန်းဖေ-ဒေါ်အေးတို့၏သားသမီးများဖြစ်ကြသော ဦးဝင်းမြင့် ၁၂/ပတတ(နိုင်)၀၁၁၁၆၄၊ ဦးဝင်းအောင် ၅/အရတ(နိုင်)၀၇၂၇၁၉၊ ဒေါ်ခင်ဝင်းရီ ၅/ဆလက(နိုင်)၀၂၂၀၉၉၊ ဦးဝင်းမော် ၅/အရတ(နိုင်)၀၇၁၄၂၇၊ ဒေါ်ခင်မာနွဲ့ ၅/အရတ(နိုင်)၀၁၅၉၂၉ နှင့် ဒေါ်ခင်မာရီ ၅/အရတ(နိုင်)၁၁၇၅၆၄ တို့၏လွှဲအပ်ညွှန်ကြားချက်အရ အများပြည်သူ သိစေရန် အသိပေးကြေညာအပ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့၊ အမှတ်(၃)နယ်မြေ၊ မြို့တော်ဦးရပ်ကွက်ရှိ ကွင်းအမည်-အရာတော်(E)၊ ကွင်းအမှတ်-၅၃၁၊ ဦးပိုင်အမှတ် ၈၃/၂ (၁၁၉) (၁၂၀) ဧရိယာ ၂၁ ဒသမ ၃၀ ဧကတို့သည် ဦးသိန်းဖေ-ဒေါ်အေးတို့ သက်ရှိထင်ရှားရှိစဉ် ပိုင်ဆိုင်လုပ်စားပိုင်ခွင့်ရထားသောလယ်ယာမြေများဖြစ်ပါသည်။ ယခုအချိန်တွင် ဦးသိန်းဖေ-ဒေါ်အေးတို့မှာ ကွယ်လွန်ခဲ့ပြီးဖြစ်ပါသောကြောင့် သားသမီးများက သာပိုင်ဆိုင်စီမံခန့်ခွဲလုပ်ပိုင်ခွင့်ရှိသောယာမြေများဖြစ်ပါသည်။

အထက်ပါယာမြေများအား ဦးသိန်းဖေ-ဒေါ်အေးတို့၏ သားသမီးများမှ ပိုင်ဆိုင်စီမံခန့်ခွဲလုပ်ပိုင်ခွင့်ရှိသောယာမြေများဖြစ်၍ ၎င်းတို့၏ခွင့်ပြုချက်မရရှိဘဲ၊ မသိရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ဝင်ရောက်ထွန်ယက်လုပ်ကိုင်ခြင်း၊ နေအိမ်ဆောက်လုပ်နေထိုင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်းပြုလုပ်ပါက တရားမဝင်ပါကြောင်းနှင့် ဥပဒေမဲ့ပြုလုပ်သူများအား တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းဖေ-ဒေါ်အေးတို့၏ သားသမီးများဖြစ်သော**
**ဦးဝင်းမြင့်၊ ဦးဝင်းအောင်၊ ဒေါ်ခင်ဝင်းရီ၊ ဦးဝင်းမော်၊ ဒေါ်ခင်မာနွဲ့၊ ဒေါ်ခင်မာရီ တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇေယျာဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၇၅)**
**သီရိလမ်း၊ ကန်သာဦးရပ်ကွက်၊ မုံရွာမြို့**
**ဖုန်း-၀၉-၄၃၁၄၆၇၉၀၊ ၀၉-၄၂၀၇၂၄၅၈**

### ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရကက(၁၀)၊ နဝရတ်လမ်းသွယ် (၂)၊ အကွက်အမှတ် (စီစီ-၃၁)၊ မြေဧရိယာ ၀ ဒသမ ၀၈၂ဧက ဦးမြင့်မောင် အမည်ဖြင့် မြေချထားပေးသည့်အမိန့်အမှတ်စဉ် (၂၀၈၄) ရှိမြေကွက်နှင့် မြေပေါ်ရှိအဆောက်အအုံ အပါအဝင် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိတရားဝင်ပိုင်ဆိုင်သူ/ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြသက်ထွန်း ၁၂/လမန(နိုင်)၁၂၆၁၅၇ ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးရီဖာ ၁၃/တယန(နိုင်)၀၄၂၀၆၉ ကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟန်နွေအောင် (LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၇၅)**
**အမှတ်(၃၇/၃၂၃-က) စည်းခုံလမ်း၊ ရကက(၂)**
**ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၀၃၄၁၆၄၊ ၀၉-၇၇၇၅၇၅၇၂၄**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ (၄) ရပ်ကွက်၊ အမှတ် (၁၃၁၊ ၁၃၃/B)၊ (၃) လွှာ၊ ခြေရင်းခန်း၊ အကျယ်အဝန်း (၂၅'x ၅၅') ရှိတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးတင်အောင် ၁၂/လမတ(နိုင်)၀၁၄၂၆၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် တန်ဖိုးငွေတစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်သဖြင့် ၎င်းတိုက်ခန်းနှင့်ပတ်သက်သည့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု (မူရင်း) အထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်ရက်အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက တိုက်ခန်းကိုလက်ရောက်ရယူ၍ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမွန်သက် (LL.B,DBL,Dipl)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၈၀၀)**
**ဖုန်း-၀၉-၄၄၆၄၄၆၉၆၅**

### ကွန်ဒိုငှားမည်

M.W.E.A Tower ရွှေတိဂုံ
ဘုရားလမ်း (1550 Sqft)
အဆင့်မြင့်ပြင်ပြီး၊ Full Fur
**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၇၇၉၂၅၅၃၅၁**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅၃ယ/၃၀၆၅၅ Honda wave Alpha-100 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က(ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။
**ကညန၊တိုင်းရုံး(မကွေး)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 36W/29206 Dayang 125 ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင်ချို ၈/မဘန(နိုင်)၀၁၀၉၂၄က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။
**ကညန၊ခရိုင်ရုံး(မင်းဘူး)**

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ပိုင်စိုးထက် ၈/ပဖန (နိုင်)၁၅၅၀၃၈ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၈၉၁၄၃၀၁၄**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/6080 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/7938 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/5871 Mitsubishi Pajero V75W S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူမြင့် ၁၂/ကတန(နိုင်)၀၀၄၄၁၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/15564 Honda Scoopy 110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးချမ်းသူ ၉/အမဇ(နိုင်)၀၆၅၀၀၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/5322 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံး ခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှအသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့်ယာဉ် အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့်ဥတို့ကိုသေချာစွာကျက်အောင် ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေး လုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိက ဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားခဲ့သော်လည်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှစတင်၍ အာရှနှင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် ပျံ့နှံ့ကူးစက်ဖြစ်ပွားခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိ နယ်စပ်မြို့နယ်အချို့တွင်လည်း ကူးစက်ဖြစ်ပွားသဖြင့် ဖြစ်ပွားကျရောက်ခြင်း မရှိသေးသော အခြားဒေသများသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရေးအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ မိမိမွေးမြူထားသော ဝက်များကိုလည်း အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ အာဖရိက ဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(ခ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အိမ်မွေးဝက်များကို အပူပြင်းပြင်းဖြင့် ချက်ပြုတ်ထားခြင်း မရှိသော စားသောက်ဆိုင်များမှ စားကြွင်း/ကျန် ကျွေးခြင်း မပြုလုပ်ရန်၊
(ဃ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ရန်၊
(င) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(စ) ဝက်ခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(ဆ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(ဇ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(ဈ) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက် ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊
(ည) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဌ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

---

ဘုရား၊ ရဟန်းဒါယကာကြီး

## ဦးမောင်မောင်အေး

အင်ဂျင်နီယာမှူး(ငြိမ်း)မြန်မာ့ရေလုပ်ငန်း
အောင်ဆန်းသူရိယလှသောင်း အထက်တန်း(ဘော်ဒါ)
ကျောင်းသားဟောင်း
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ ၁၁၃လမ်း၊ အမှတ် ၂၁နေ (ဦးဟန်သိန်း-ဒေါ်မြမေ)တို့၏သား၊ (ဦးလှမြင့်-ဒေါ်ခင်တင့်)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်ဝေ(ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း)ပဲခူးတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာန၏ခင်ပွန်း၊ ဦးအောင်ကိုကို-ဒေါ်လင်းလင်းခိုင်၊ ဦးဇော်မျိုးထွန်း-ဒေါ်ရီရီခိုင်၊ ဦးစိုင်းဝင်းထွန်း-ဒေါ်အေးအေးမော်တို့၏ဖခင်၊ မောင်မြတ်ဟိန်းထက်၊ မစုယွန်းဝတီထက်၊ မသွန်းပန်းချီထက်တို့၏အဘိုးသည် ၁၅-၃-၂၀၂၀ရက်(တနင်္ဂနွေနေ့)နံနက် ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၂၀ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၁-၃-၂၀၂၀ ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

ရဟန်း၊ ကျောင်း၊ ဒါယိကာမကြီး

## ဒေါ်စိန်အေး(စစ်တွေ)

B.A(History)
အသက်(၅၈)နှစ်

စစ်တွေမြို့နေ (ဦးထွန်းအောင်ဖြူ-ဒေါ်ဦးစိန်ညွန့်)(၉၉၉ ဆေးပေါ့လိပ်)၏သမီး၊ ဦးညိုလှအောင်-(ဒေါ်ဖြူမ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ အမှတ် ၄၆(ပ)ထပ်နေ ဦးကျော်ရင်သာ၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခင်သန်း-ဦးထွန်းဦးကျော်၊ ဒေါ်အေးခိုင်-ဗိုလ်မှူးလှမြင့်(ငြိမ်း)၊ ဒေါ်နုနု-ဒုမှူးကြီးထွန်းဝေ(ငြိမ်း)တို့၏ညီမ၊ ဒေါ်တင်လှ၊ ဒေါ်သန်းသန်းညွန့်၊ ဒေါ်ခင်ခင်-ဦးမြနိုင်တို့၏ အစ်မ၊ တူ၊တူမ ၁၃ ယောက်တို့၏ အဒေါ်သည် ၁၄-၃-၂၀၂၀ရက် နံနက် ၅:၅၆ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၂၀ ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူညီအစ်မများ**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဖောင်တော်ဦးဘုရားလမ်း၊ အမှတ်(၁၈၇) ဟုခေါ်တွင်သည့် မြေကွက်ကြီးအနက်မှ အလျား ၃၈ ပေ x အနံ ၁၀ ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်နေ အိမ်အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိထားပိုင်ဆိုင်သူ ဦးသန်းလွင် ၇/ရကန(နိုင်) ဝ၄၆၁၅၁ နှင့် ဒေါ် အေးအေးသင်း ၁၂/သခန(နိုင်) ဝ၉၂၅၁၅ တို့ထံမှ ကျွန်မ ဒေါ်နှင်းယုဝင်း ဝယ်ယူရန်အတွက် အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်နှင်းယုဝင်း ၁၄/မအန(နိုင်) ၁၈၅၃၅၇**
**အမှတ်(၁၇၆)၊ ဖောင်တော်ဦးဘုရားလမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၅၇၆၆၅၆၉၉**

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

သက်တော်ရှည်ဆရာတော်

## ဘဒ္ဒန္တ သူရိယမဟာထေရ်

သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၇၇)ဝါ

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သီရိမင်္ဂလာကျောင်းတိုက်၊ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တသူရိယသည်(၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်) ၁၃-၃-၂၀၂၀ရက်(သောကြာနေ့) နံနက် ၄နာရီတွင် သီရိမင်္ဂလာကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်) ၁၇-၃-၂၀၂၀ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် သီရိမင်္ဂလာကျောင်းတိုက်၌ အန္တိမအဂ္ဂိစျာပနပူဇော်သဘင်အခမ်းအနားဆင်ယင်ကျင်းပပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ဈာပနကျင်းပရေးကော်မတီ**

---

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စိန်အေး(စစ်တွေ)

B.A(History)
အသက်(၅၈)နှစ်

စစ်တွေမြို့နေ (ဦးထွန်းအောင်ဖြူ-ဒေါ်ဦးစိန်ညွန့်) (၉၉၉-ဆေးပေါ့လိပ်)၏သမီး၊ ဦးညိုလှအောင်-(ဒေါ်ဖြူမ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ အမှတ်(၄၆)(ပ)ထပ်နေ ဦးကျော်ရင်သာ၏ ချစ်လှစွာသော ဇနီး၊ မလှဲ့ရည်မွန်ကျော်-မောင်တေဇာဝင်း၊ မမေသဇင်ကျော်၊ မောင်ဟိန်းထက်အောင်တို့၏မိခင်သည် ၁၄-၃-၂၀၂၀ရက် နံနက် ၅:၅၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၂၀ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကား များမွန်းလွဲ ၁၂:၄၅နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၃-၂၀၂၀ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/5457 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/5469 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/5582, TOYOTA NOAH AZR 60 MINI VAN ယာဉ်အမည်ပေါက်ရှိသူ ဦးဝင်းလွင် ၁၃/နမန(နိုင်) ဝဝ၄၂၃၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3D/4273, BMW 52S1 S/L (4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်သီရိအောင် ၁၂/ရကန(နိုင်) ဝ၆၃၄ဝဝ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့နယ်**

---


## လူမှုရေး၊ စီးပွားရေးကြော်ငြာများကို မြန်မာ့အလင်းသတင်းစာ၌ထည့်သွင်းရန် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း

| | |
|---|---|
| နေပြည်တော် | ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ စီမံရေးရာဌာန၊ ဖုန်း-၀၆၇-၃၄၁၂၁၁၈ |
| နေပြည်တော် | နေပြည်တော်သတင်းစာတိုက်(တပ်ကုန်း) ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ နေပြည်တော်။ ဖုန်း-၀၆၇-၃၆၁၀၄၈၊ ၀၆၇-၃၆၁၂၉ |
| ရန်ကုန် | မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်) အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈ |
| ရန်ကုန် | ကြေးမုံသတင်းစာတိုက်(ရန်ကုန်) အမှတ်(၇၇) ၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၉၉၄၂၇၊ ၀၁-၃၉၇၃၃၀ |
| ရန်ကုန် | သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၈၁၀၁၊ ၀၁-၂၄၈၁၀၂ |
| ရန်ကုန် | မြန်မာ့အလင်းပုံနှိပ်တိုက်(ရန်ကုန်) အမှတ်(၅၈) ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၈၃၂၉ |
| မန္တလေး | ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) လမ်း(၂၀×၂၁)ကြား၊ (၈၂×၈၃)လမ်းကြား၊ ပုလဲငွေရောင်ရပ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၄၀၃၂၇၂၉ ၊ ၀၂- ၄၀၃၂၅၅၀ |
| တောင်ကြီး | ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး) ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။ ဖုန်း-၀၈၁-၂၁၂၁၀၆၄၊ ၀၉-၅၂၁၄၃၅၇ |
| မကွေး | ကိုယ်ပွားသတင်းစာတိုက်(မကွေး) နတ်မောက်လမ်း၊ တပ်မ(၈၈) တပ်နယ်ဈေးအနီး၊ မကွေးမြို့။ ဖုန်း-၀၆၃-၂၃၇၁၂။ |
| ကျိုင်းတုံ | ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ) မြို့သစ်(၃-ခ)၊ အမှတ် (၁)လမ်းသွယ်၊ မြို့ပတ်လမ်း၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၂၄၉၂ |
| ကလေး | ကိုယ်ပွားသတင်းစာတိုက်(ကလေး) အောင်ဇေယျရပ်ကွက်၊ မြို့နယ်အားကစားကွင်းအနီး၊ ကလေးမြို့။ ဖုန်း-၀၇၃-၂၂၁၃၃ |
| မြစ်ကြီးနား | ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား) အမှတ်(၄၁) ရှောရပ်ကွက်၊ အောင်ဆန်းလမ်း၊ မြစ်ကြီးနားမြို့။ ဖုန်း ၀၇၄-၂၅၂၂၄၆၂ |
| စစ်တွေ | ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) ရမ္မာဝတီလမ်း၊ တပ်ထိန်းဂိတ်အနီး၊ စက်ရုံရပ်ကွက်၊ စစ်တွေမြို့။ ဖုန်း ၀၄၃-၂၀၂၃၀၆၈ |
| လားရှိုး | ကိုယ်ပွားသတင်းစာတိုက်(လားရှိုး) ဟူးမွန်ကျေးရွာထိပ်၊ ဟူးမွန်ဆည်ဘယ်ဘက်ခြမ်း၊(၁၂)ရပ်ကွက်၊ မန်ဆူဘုရားရှေ့၊ အဝေရာလမ်းမ၊ လားရှိုးမြို့။ ဖုန်း-၀၈၂-၂၄၀၆၇ |
| မြိတ် | ကိုယ်ပွားသတင်းစာတိုက်(မြိတ်) မေတ္တာလမ်း၊ ရှမ်းချောင်းရပ်၊ ကလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့။ ဖုန်း-၀၅၉-၄၂၁၈၃ |
| မော်လမြိုင် | ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်) ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်။ ဖုန်း-၀၅၇-၂၇၅၂၅၊ ၀၅၇-၂၇၅၂၆ |
| မုံရွာ | ကိုယ်ပွားသတင်းစာတိုက် (မုံရွာ) နန္ဒဝန်ရပ်ကွက်၊ ဆက်သွယ်ရေးတာဝါတိုင်အနီး၊ မုံရွာမြို့။ ဖုန်း-၀၇၁-၂၆၅၃၅၊ ၀၇၁-၂၆၅၃၃ |

ကြော်ငြာများအား တစ်လအတွင်း ကျပ်သိန်း(၅၀)နှင့်အထက် ထည့်သွင်းပါက 5% Discount ပေးသွားမည် ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။



သင့် သွေး ဖြင့် အသက် ကယ် ပါ

# ရန်ကုန်မြစ်တွင်းသွား စက်တပ်သမ္ဗန်များ မြူနှင်းပိတ်ချိန် မထွက်ခွာစေရေး ဒလမြို့နယ်ရှိ ကူးတို့ဆိပ်များကို စစ်ဆေး



ဒလဘက်ကမ်း သမဝါယမကူးတို့ဆိပ်တွင် မြို့နယ်စက်တပ်ရေယာဉ်ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ စစ်ဆေးမှုများ ဆောင်ရွက်စဉ်။

**ရန်ကုန် မတ် ၁၅**

ယနေ့ရက်ပိုင်းအတွင်း ရန်ကုန်မြစ်တွင်း၌ မြူနှင်းပိတ်မှုကြောင့် ရန်ကုန်မြို့သို့ တက္ကသိုလ်ဝင်တန်းစာမေးပွဲသွားရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများနှင့် ခရီးသွားမိဘပြည်သူများ အန္တရာယ်မဖြစ်ပေါ်စေရေး၊ ဘေးကင်းလုံခြုံရေးအတွက် မြစ်တွင်းသွား စက်တပ်သမ္ဗန်များ၌ သတ်မှတ်ထားသော စည်းကမ်းများ လိုက်နာမှုရှိစေရေး၊ မြူနှင်းပိတ်ချိန် ကမ်းမှခရီးသည်များ တင်ဆောင်ပြီး မထွက်ခွာစေရေးတို့ကို ယနေ့နံနက်ပိုင်းက ဒလမြို့နယ်အတွင်းရှိ ကူးတို့ဆိပ် ၁၁ ဆိပ်ကို မြို့နယ်စက်တပ်ရေယာဉ်ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ထပ်ဆင့်အသိပေးပြောကြားခဲ့သည်။

မြစ်အတွင်း နှင်းများထူထပ်စွာ ကျရောက်ပြီး မြင်ကွင်းမရှင်းလင်းပါက ထွက်ခွာခြင်းမပြုရန်၊ မဖြစ်မနေထွက်ခွာ မည်ဆိုပါက သတ်မှတ်လူဦးရေထက် လျော့နည်းတင်ဆောင်၍ ထွက်ခွာစေရန်၊ စီးနင်းလိုက်ပါမည့် ခရီးသည်များအားလုံး အသက်ကယ်အင်္ကျီများ ဝတ်ဆင်၍ စီးနင်းလိုက်ပါစေရန်၊ တံတားတည်ဆောက်ရေးစီမံကိန်းဧရိယာအတွင်းသို့ စက်တပ်သမ္ဗန်များ ဝင်ရောက်ပြေးဆွဲခြင်း မပြုလုပ်ရန် မြို့နယ်စက်တပ်ရေယာဉ် ကြီးကြပ်ရေးအဖွဲ့နှင့် ကူးတို့သမဝါယမအသင်းလီမိတက်တို့အား အထူးအလေးထားကြပ်မတ်ဆောင်ရွက်သွားရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားထားကြောင်း သိရသည်။

မတ် ၄ ရက်ကပြုလုပ်သည့် မြို့နယ်စက်တပ်ရေယာဉ်ကြီးကြပ်မှုကော်မတီ၏ အစည်းအဝေး၌ ဆီးနှင်းများ ထူထပ်စွာကျရောက်၍ မြင်ကွင်းမရှင်းပါက ဒလမြို့နယ်အတွင်းရှိ စက်တပ်သမ္ဗန်ဆိပ်အားလုံးရှိ ရေယာဉ်များ ထွက်ခွာခြင်း မပြုကြရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ရေယာဉ်မောင်းနှင်သူများ စည်းကမ်းမလိုက်နာပါက စာမျက်နှာ ၁၂ ကော်လံ ၅ ❍

## နွေကာလတွင် ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ထား

**နေပြည်တော် မတ် ၁၅**

မတ်လ ၁၅ ရက်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန်သော နွေကာလတွင် ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်တွင် " မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မတ်လနှင့် ဧပြီလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင် လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် မတ်လနှင့် ဧပြီလများအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များအား အထူးဂရုပြု နေထိုင်သွားကြပါရန် ကြိုတင်သတိပေး နှိုးဆော်ထားသည်။

မြန်မာ့အလင်း

## တာချီလိတ်၌ လေထုညစ်ညမ်းမှုကြောင့် လေယာဉ်ခရီးစဉ်များ အချိန်ရွှေ့ဆိုင်းရသော်လည်း ခရီးစဉ်များပုံမှန်ပြေးဆွဲလျက်ရှိ

**တာချီလိတ် မတ် ၁၅**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့တွင် မီးခိုးမြူငွေ့များ ထူထပ်မှုကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်ပြီး လေကြောင်းလိုင်းခရီးစဉ် ဆင်းသက်ချိန်များ နောက်သို့ ရွှေ့ဆိုင်းခဲ့ရသော်လည်း ခရီးသည်တင် လေကြောင်းလိုင်းများ နေ့စဉ်ပုံမှန်ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။ (အောက်ပုံ)

မီးခိုးမြူငွေ့များကြောင့် လေထု စာမျက်နှာ ၁၂ ကော်လံ ၅ ❂



## မြန်မာ့လက်ရွေးစင်အသင်း မတ် ၁၇ ရက်တွင် ခြေစမ်းပွဲကစားမည်

**ရန်ကုန် မတ် ၁၅**

ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ကာလတိုလေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၁၇ ရက်တွင် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ကာလတိုလေ့ကျင့်သော်လည်း ကစားသမားများ၏ ခြေစွမ်းကို သိရှိနိုင်ရန် ခြေစမ်းပွဲကစားခြင်းဖြစ်ပြီး MNL တွင် လာရောက်ကစားနေသည့် နိုင်ငံခြားသား ကစားသမားများကို အသင်းဖွဲ့ကာ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အသင်းသည် ယခင်က မတ် ၂၀ ရက်အထိ လေ့ကျင့်ရန် စီစဉ်ထားသော်လည်း ပြည်တွင်းလိဂ်ပွဲစဉ် အပြောင်းအလဲကြောင့် လေ့ကျင့်ရက်လျှော့ချခဲ့သလို ခြေစမ်း ပွဲကိုလည်း မတ် ၁၇ ရက်တွင် ယှဉ်ပြိုင်ကစားခြင်း ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကို ကစားသမား ၂၃ ဦးဖြင့် ဖွဲ့စည်းထားသော်လည်း ဟိန်းသီဟဇော်နှင့် ဇင်ဖြိုးအောင်တို့ကို ဒဏ်ရာကြောင့် ပြန်လည်စေလွှတ်ခဲ့ရ၍ ၂၁ ဦးသာ ကျန်ရှိတော့ပြီး ဆက်လက်လေ့ကျင့်လျက်ရှိသည်။ MNL နိုင်ငံခြားသားများအသင်းကို လက်ရှိ MNL ပြိုင်ပွဲတွင် ကစားနေသည့် ကစားသမား ၂၆ ဦးအနက် ရွေးချယ်မည်ဖြစ်ပြီး ဒဏ်ရာပြဿနာရှိနေသည့် ရှမ်းတိုက်စစ်မှူး ကိသ်မာတူနာနှင့် ရခိုင်တိုက်စစ်မှူး ဆန်းဒေးမက်သရူးတို့မှာ ပါဝင်နိုင်ဖွယ်မရှိကြောင်း သိရသည်။ MNL ကလပ်အသင်းများသည် ဂိုးသမားနေရာတွင် ပြည်တွင်းဂိုးသမားများကိုသာ အသုံးပြုနေသောကြောင့် MNL နိုင်ငံခြားသားများအသင်းတွင် လက်ရွေးစင်အသင်းမှ ဂိုးသမားတစ်ဦးကိုသာ စာမျက်နှာ ၁၂ ကော်လံ ၁ ✻

**ကိုရိုနာဗိုင်းရပ်စ်အတွက် Surveillance Dashboard စာမျက်နှာကို ကျန်းမာရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်က လွှင့်တင်ထား**

စာ » ၂၂

စေတနာဆေး မေတ္တာဆေး သစ္စာဆေး ...
ထွန်းရွှေဝါ တိုင်းရင်းဆေးက ဆေးစွမ်းထက်ပါသည်။